www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်၍ ခေတ်မီစက်မှုနိုင်ငံတော်ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ပုဏ္ဏညို

## မကျွတ်မလွှတ်ကြွသေးကျန်သော

THE SPIRITUAL TERRIOR
PON-NA-NYO
NEITHER ABANDONED NOR TRANSMIGRATORY
SOUL



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၆၂၀၄၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၃၆၀၅၁၁
၂၀၁၁ခုနှစ်၊ မေလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

ထုတ်ဝေသူ
ဦးသစ်လွင်၊ ဂန္ဓာဝါမြိုင်စာပေ၊ (မြဲ-၀၉၄၈)၊ အမှတ် ၁၁၃၊ ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက် အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက် ၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

ဖြန့်ချိရေး
ရွှေပြည်လုံးကျွတ်ဖြန့်ချိရေး
စုရှင့်အောင်စာပေ
အမှတ်-၄၉၊ မှန်ရေဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
ပုဏ္ဏာညို
မကျွတ်မလွတ်ကြသေးကုန်သော / ပုဏ္ဏာညို။ - ရန်ကုန်၊ ဂန္ဓာဝါမြိုင်စာပေ၊ ၂၀၁၁။
၁၂၀-စာ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) မကျွတ်မလွတ်ကြသေးကုန်သော

# ပေးစာကဏ္ဍ (ပေးစာ-အဖြေလွှာ)



သို့

သရဲဝတ္ထုတွေစာပေလောကမှာ ရှိသင့်ပါသလားဆရာ ...
သရဲဝတ္ထုရေးနေတဲ့ဆရာ့ကို မေးသင့်မမေးသင့် မချင့်ချိန်ဘဲ မေးမိတာကိုစိတ်မရှိပါနဲ့ခင်ဗျာ ...

ကိုဝင်းမိုဟန်
ဘုန်းဆိုးရပ်၊ မုံရွာမြို့။

---

ကိုဝင်းမိုဟန်က စာပေလောကမှာ ဘယ်လိုဝတ္ထုမျိုးတွေသာ ရှိသင့်တယ်လို့ ယူဆလို့လဲ ... အဲဒီအမေးမြန်းခွန်းက ကျွန်တော်နဲ့တိုက်ရိုက်မပတ်သက်ဘူးများ။ ဒါပေမဲ့ ဖြေပါ့မယ်။ ရှိသင့်နေလို့ ရှိနေတယ်လို့ပဲဖြေပါ့မယ်။ လောကမှာ ရှိသင့်တာတွေရှိမှာပါ။ ဖြစ်သင့်တာတွေဖြစ်မှာပါ။ တည်သင့်(ဟာမဲ)တာတွေတည်မှာပါ။ ပျက်သင့်တာတွေ ပျက်မှာပါ။ အားလုံးဟာ ဖြစ်တည် ပျက်အစဉ်အတိုင်းရှိနေလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

သို့

သရဲဝတ္ထုတွေ ဘာလို့ခေတ်စားတာလဲဆရာ ...

ကမ္ဘာနဲ့အဝှမ်းပဲနော် ...

ကိုရှည်ကြီး

ခေတ္တ-ဆိုးလ်၊ တောင်ကိုရီးယား။

---

ကိုရှည်ကြီးပြောတဲ့ ခေတ်စားတယ်ဆိုတဲ့ စကားထဲမှာ အဖြေပါနေတယ်လေ။ ကမ္ဘာပြားကြီးနဲ့အမျှ စာပေပါ သရဲဝတ္ထုတွေ ထလောင်နေတဲ့ ရသနဲ့တွေကို အားပါးတရစားသုံးနေလို့ပေါ့ဗျာ။ ဒါထက် ရှည်ရှည်ဝေးဝေး၊ ခြေခြေမြစ်မြစ်ရှင်းပြနေရင် ဝတ္ထုထက်ပိုရှည်သွားနိုင်လို့ ဒါလောက်ပဲ ပြောပါရစေ ...

သို့

အိမ်က သမီးနဲ့ သမီးရဲ့သူငယ်ချင်းတွေ ဆယ့်ရှစ်၊ ဆယ့်ကိုးအရွယ်လေးတွေ သရဲဝတ္ထုတွေစွဲစွဲလမ်းလမ်းဖြစ်နေကြတယ်။ သမီးတို့အရွယ် ကလေးတွေ လူငယ်တွေအတွက် အဆိပ်အတောက်ဖြစ်မှာကို စိုးရိမ်နေမိပါတယ်။ အဲဒါ ဆရာအမြင်လေး သိပါရစေ ...

ဒေါ်အက်စ်သာသင်း (ဓါတ်ခွဲခန်းမှူး)

လမ်းမတော်၊ ရန်ကုန်။

---

ဓါတ်ခွဲခန်းမှူးကြီးရဲ့ စိုးရိမ်မှုကို ပြေပျောက်စေဖို့ ဒီသော့ စာပြန်လိုက်ပါတယ်။ စာအုပ်တစ်အုပ်ဟာ မိတ်ကောင်းတစ်ယောက်လို ရတနာဖြစ်ပါတယ်။ ဒါပေမဲ့ သိပ်ရာနဲ့ ဖတ်ပြီး မှားရင်တော့ အဆိပ်ပေါ့ဗျာ ... မေ့ဆေးဟာ အဆိပ်ငွေ့ပါ။ ဒါပေမဲ့ ခွဲစိတ်ကုသရေးမှာတော့ မရှိမဖြစ်ဆေးဖြစ်တယ်ဗျာ။ $H_2$ ဆိုတဲ့ ဟိုက်ဒြိုဂျင်မော်လီကျူးလေးဟာ $(O)^2$ ဆိုတဲ့ Nacent Oxygen နဲ့ပေါင်းရင် ရေဖြစ်ပေမဲ့ $(SO_4)$ ဆိုတဲ့ ဓါတ်ပေါင်းနဲ့ပေါင်းမိရင်တော့ အက်ဆစ်ဖြစ်သွားပါတယ်။ ဒါပေမဲ့ စိတ်မပူပါနဲ့ခင်ဗျာ ... စာပေတတ်တဲ့ကလေးတွေ စာမပေတတ်တဲ့ကလေးထက်တော့ အသိသိမ္မာ၊ ဉာဏ်ရည်ဉာဏ်သွေး၊ ဆင်ခြင်တုံတရား အစစအရာရာ ပိုပြီးမြင့်မားမှာ မလွဲကေန်ပါပဲ။

www.burmeseclassic.com

သို့

တမလွန်သို့အသွားအပြန်ဝတ္ထုကိုဖတ်ပြီးပါပြီ။ ကြိုက်ပါတယ်။ ကျွန်မတို့မြို့နဲ့ပတ်သက်နေလို့ ပိုပြီးစိတ်ဝင်စားမိပါတယ်။ ဆရာ ကျွန်မတို့မြို့ကိုရောက်ဖူးသလားဟင် ...

မအိအိ (အိစာပေ)
ခုနစ်တောရပ်ကွက်၊ မြိတ်မြို့။

---

ရောက်ဖူးပါတယ်။ ဘုရားဒီတနိုင်ငံ သိမ်တော်ကြီးကျောင်းတော်ပေါ်ကနေ ပတော်ပဆောင်ဘက်ကို မျှော်ကြည့်ရတဲ့ရှုခင်းဟာ အံ့မခန်းဖြစ်မှုမျိုး ကျွန်တော် တစ်သက်တာရဲ့ အမှတ်တရပါပဲ။ မြိတ်မြို့ရဲ့ ဘုန်းကြီးကျောင်း ပင်လယ်ဘက်ကျွန်းတွေ၊ ကျွန်းဘက်ကျွန်းတွေ တော်တော်များများ ရောက်ခဲ့ပါတယ်။

မအိအိတို့ စာအုပ်ဆိုင်မှာတောင် စာအုပ်ငှားဖူးခဲ့သေးတယ်ဗျ ...

သို့

အခုဖတ်နေရတဲ့ သရဲဝတ္ထုတွေထက် ပိုပြီးကြောက်စရာကောင်းတဲ့ ဝတ္ထုတွေ ရေးပေးပါဆရာ --- ရသထိထိမိမိခံစားချင်လို့ပါ။

ကြည်နူးမိ
ပဲကူရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း။

---

ကျွန်တော်ရေးထားပါတယ်။ အချိန်အခါသင့်ရင်တော့ 'ဘုမိ'တို့ စာမတတ်ပါဘဲသော်လည်း ရောက်လာမှာပါ။

ဓားကောင်းတစ်လက်ဖြစ်ဖို့ မီးပြင်း၊ မီးမှန်၊ မီးပျော့တွေမှာ အကြိမ်ကြိမ်ဖြတ်ခဲ့ရသလို ဝတ္ထုကောင်းတစ်အုပ်မှာလည်း ဖြတ်သန်းမှုတွေ အများကြီးရှိနေတာပါ 'ဘုမိ'။

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာရှင့် ...

သရဲဝတ္ထုတွေရေးတဲ့အခါ တကယ့်အဖြစ်မှန်တွေကို ရေးတာလား ...

စိတ်ကူးနဲ့ ရေးတာလား ...

တင်ချိုချိုစု (ဒဿနိကဗေဒ)

ရတနာပုံတက္ကသိုလ်။

---

စိတ်ကူးသက်သက်နဲ့ ရေးရင် လက်တွေ့ဘဝ(လောက)နဲ့ ကင်းကွာသွားပါမယ်။ ဖြစ်ရပ်မှန် စစ်စစ်တွေကို ပဲ၊ သည် မရွေးရေးရင်လည်း ဝတ္ထုဖြစ်မလာပါဘူး။

ဒီတော့ လက်တွေ့ဆန်တဲ့ဝတ္ထုဖြစ်ဖို့ အတတ်နိုင်ဆုံး ကြိုးစားရေးပါတယ်။

သို့

နိုင်ငံခြားသရဲရုပ်ရှင်တချို့က သရဲကားရုပ်ပျောက်ပြီး လူသတ်ကားရုပ်ပေါက်နေတဲ့အပေါ် ဆရာဘယ်လိုမြင်ပါသလဲ။ ကျွန်မအမြင်ပြောရရင်တော့ အပစ်အခတ်၊ အညှစ်အသတ်တွေမှာ ဘယာနကရသမထိမိဘူး။

အယ်နှောင်း

ကနီမြို့။

---

လူ့သတ်လက်နက်မျိုးစုံကို အဓိကအားကိုးတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ အကြောက်ဟာ အဲဒီလူ့သတ်လက်နက်တွေဖြစ်နေမှာပေါ့။

တိုးတက်မှုတွေရဲ့အလွန်က ဖျက်ဆီးခြင်းတွေကို ကြောက်နေတဲ့စိတ်အခံတွေကြောင့် ဖြစ်မှာပေါ့။

ဖြတ်သန်းတဲ့ဘဝ၊ ကိုးကွယ်ယုံကြည်မှုနဲ့ ရိုးထိမ်မှု ... စတဲ့ အခြေခံအကြောင်းတရားအပေါ် မူတည်ပြီး လူတွေရဲ့ ကြောက်စိတ်အသွင်သဏ္ဌာန်တွေကွဲသွားနိုင်တယ်လို့ ထင်မြင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

သို့

"သေပြီးသည့်အလောင်း"ဝတ္ထုကို ကျွန်တော်ဖတ်ပြီးပါပြီ။ ကျွန်တော်တို့ ပြင်ဦးလွင်မှာ ဆရာ့ဝတ္ထုထဲကဖုတ်ဝင်နေဟဲ့ လူကြီးလို ဖုတ်ကောင်ကြီးရှိတယ်ဆရာ ... အဲဒါ တိုက်ဆိုင်မှုလား၊ ဆရာကိုယ်တွေ့လားဆရာ ...

မောင်မျိုး
ရေချမ်းအိုးရွာ၊ ပြင်ဦးလွင်။

---

ဆက်သွယ်မှုရှိရင်တောင် မမြင်နိုင်သောဆက်သွယ်မှု (**Unseen Communication**) ဖြစ်မှာပါ။

ကျွန်တော် ဘယ်အကြောင်းအရာကိုမှ ပုံတူကူးမချပါဘူး။

သို့

ဆရာ သရဲကြောက်တတ်လား။ ကျွန်တော်တော့ သရဲအခြောက်မခံရဖူးဘူး။ ဒါကြောင့် မကြောက်ဘူး။ သရဲဆိုတာ တကယ်ရော ရှိလား ...

အောင်ခိုင်သော်
မကွေးမြို့။

---

သရဲအခြောက်ခံရရင် ကိုအောင်ခိုင်သော် သရဲကြောက်မှာလား။

လောကမှာ ကိုယ်မမြင်ဘူး၊ မတွေ့ဘူးတဲ့အရာတွေ အများကြီးရှိတယ်ဗျ။

အကြိုက်တရားတွေ၊ အကြောက်တရားတွေရဲ့ ဖြစ်တည်ပျက်အခြေအနေကို ကျွန်တော်လည်း လက်လှမ်းမမီသေးပါဘူးဗျာ။

www.burmeseclassic.com

www.burmeseclassic.com

သို့

သမီးတို့ရွာအဝင်က မန်ကျည်းနှစ်ပင်မှာ လုံး၊ ငနီ သရဲနှစ်ကောင်ရှိတယ်ဆရာ ... သမီးကိုယ်တိုင်မတွေ့ဖူးပါဘူး။ ဒါပေမဲ့ တွေ့ဖူးတဲ့သူတွေ ရွာမှာရှိတယ်။ အဲဒီသရဲနှစ်ကောင်အကြောင်းရေးပါလားဆရာ။ ဖြစ်နိုင်ရင် ဆရာကိုယ်တိုင် သမီးတို့ရွာကို ကွင်းဆင်းလေ့လာပေါ့။ ဆရာ့အတွက် ဇာတ်လမ်းကောင်းတစ်ပုဒ်ရမှာ သေချာပါတယ်။

မီးမီး

မန်ကျည်းစုကျေးရွာ၊ ဝက်လက်မြို့နယ်။

- - - - - - - - - - - - - - - - - - - - - - - - - - - - - - -

လမ်းညွှန်ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ပါပဲ မီးမီးရယ် ...

ကျွန်တော် မန်ကျည်းစုရွာကို အရောက်လာခဲ့ပါမယ် ...



# ပါဝင်သောအခန်းများ


အခန်း ၁။ အမှတ် (၈) ဘန်ဂလို

အခန်း ၂။ စပယ်နံ့သင်းတဲ့ နှင်းပွင့်တစ္ဆေ

အခန်း ၃။ မျက်နှာမပါတဲ့ မျက်နှာ

အခန်း ၄။ တစ်ကျော့ပြန်ဝိညာဉ်ပျို

အခန်း ၅။ ကျောက်စိမ်းရုပ်တုဖြစ်သွားသောကောင်မလေး

အခန်း ၆။ သာဓုမခေါ်လိုသောသရဲ

အခန်း ၇။ ဝိညာဉ်ပျိုရဲ့လက်ဆောင်

အခန်း ၈။ ပါရီမှလှသတ်မိစ္ဆာ

အခန်း ၉။ ကိုယ်ပျောက်သရဲ၏အဆိပ်နှင်းဆီ

အခန်း ၁၀။ သွေးကြွေးခရီး

အခန်း ၁၁။ တမလွန်ကမ္ဘာမှာစမ်းတဝါး

အခန်း ၁၂။ တစ္ဆေပျိုနှင့်လက်ထပ်ပွဲ


www.burmeseclassic.com

www.burmeseclassic.com

# COMPOSITE FUNCTIONS


Lesson (1) No (8) BUNGALOW

Lesson (2) JASMINE AND SNOW GHOST

Lesson (3) FACE BUT NOT FACE

Lesson (4) RETURN OF PERI

Lesson (5) SHE BECOMES TO JADE STATUE

Lesson (6) NO NEED TO ESCHEW EVIL

Lesson (7) GIFT OF GLOMOROUS GHOST

Lesson (8) PERISIAL DEVIL

Lesson (9) UN GRASPABLE

Lesson (10) BLOOD JOURNEY

Lesson (11) BEYOND THE DEATH

Lesson (12) BLACK BRIDE



အချစ်နဲ့ အမုန်း

အဖြူနဲ့ အမည်း

အပေါင်းနဲ့ အနှုတ်

အမြောက်နဲ့ အစား

အသွားနဲ့ အပြန်

ယင်နဲ့ ယန်

ပြည့်လျှံခြင်းနဲ့ ဗလာမွဲခြင်း

ဖြစ်ခြင်းနဲ့ ပျက်ခြင်း

အေးခြင်းနဲ့ ပူခြင်း

ယူခြင်းနဲ့ ပေးခြင်း

ချစ်ခြင်းနဲ့ ဆွေးခြင်း

ဝေးခြင်းနဲ့ နီးခြင်း

အောင်မြင်မှုနဲ့ ကျရှုံးမှု

ပျော်ရွှင်မှုနဲ့ ဝမ်းနည်းမှု


ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ပုဏ္ဏညို

ရောင့်ရဲမှုနဲ့ တပ်မက်မှု
စောင့်ထိန်းမှုနဲ့ ဖောက်ပြားမှု
ချိုမြိန်မှုနဲ့ ခါးသက်မှု
သိမ်မွေ့မှုနဲ့ ခက်ထန်မှု
ထာဝရ ဒွန်တွဲလောကထဲ၌
မလိုတာပယ် လိုတာရွေးယူခွင့်မရှိဘူး။
မလိုလည်းရ၊ လိုလည်းမရခဲ့ ...
အဲဒီကာလငယ်ပေါင်းများစွာနဲ့
အနတ္တဘာဝရဲ့စေညွှန်းရာ ... အတိုင်း ...



## အခန်း (၁)
## အမှတ်(၈) ဘန်ဂလို
## No (8) BUNGALOW

နေပြောက်မခါ၊ စိမ်းမြစိုအိသောခြံဝန်းကျယ်ကြီးထဲ ဝင်လိုက်ပြီဆို ကတည်းက လင်းလင်း သဘောအကျကြီးကျသွားပါတော့သည်။

ခြံစည်းရိုးပတ်လည်မှာ ခက်လက်စိမ်းတို့ထိဆက်ယှက်ဖြာနေသော စိစိရီရီ အုန်းပင်တန်းသည်လည်းကောင်း ...

မြင့်မြင့်မားမား အုတ်တံတိုင်းကြီးသည်လည်းကောင်း ...

အနီရောင်နှစ်ခန်းတွဲ သီးသန့်ဘန်ဂလိုအဆောက်အဦများသည် လည်းကောင်း ...

ကျယ်ကျယ်ပြန့်ပြန့် ခြံရှေ့ဥယျာဉ်ရှိ ပန်းပေါင်းစုံ ပန်းခြံငယ်သည် လည်းကောင်း ...

ကားဝင်ကားထွက် ကွန်ကရစ်လမ်းသည်လည်းကောင်း ...

သူ့စိတ်နှလုံးကိုညှို့ငင်ဆုပ်ကိုင်နိုင်စွမ်း၏။

ကိုကျော်စိုးမြင့်ကတော့ ခပ်မင့်မင့်ပြုံးလျက် ...

''ဒီအဆောင်ကိုတော့ မင်းသေချာပေါက်ကြိုက်မှာပဲ လင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



ခါကိုနှုတ်သောပြောခဲ့တယ်''

ဟုပြောရင်း ပန်းခြံထိပ်က ကား Stand မှာ ကားရပ်လိုက်သည်။

လင်းလင်း ‗ အင်းမလုပ်အဲမလုပ်၊ ယောင်ပေယောင်ပေနဲ့ ကိုကျော်စိုးမြင့်နဲ့အတူ ကားပေါ်မှဆင်းမိသည်။

နှစ်ထပ်မြင့်မြင့် ပင်မအဆောက်အဦ၏ ဆင်ဝင်အောက်ရောက်တော့ လင်းလင်းအရွယ် လူငယ်လေးတစ်ယောက်က ပြုံးချိုစွာဖြင့် ...

''ညှိသည်တွေထင်တယ် ဝင်ကြပါ၊ လာပါခင်ဗျာ ‗ ညှိခန်းထဲမှာ ဝင်ထိုင်ကြပါခင်ဗျာ ... အန်ကယ်ကြီးရေ ဒီမှာဧည့်သည်တွေလာတယ်ဗျို့''

သူတို့ကိုဧည့်ခန်းမှာနေရာချပြီး အိမ်အတွင်းဘက်သို့ အသံတင်အသံပြုလိုက်သည်။

မရှေးမနှောင်းမှာပင် ဖြူဖြူဝဝ၊ ဥပဓိရုပ်သန့်သန့် အန်ကယ်ကြီးတစ်ယောက် အိပ်ပဲ့အိပ်ပဲ့နဲ့ရောက်လာ၏။

''မောင်ဖြိုးဧည့်သည်တွေထင်တယ်''

''ကျွန်တော့်ဧည့်သည်မဟုတ်ဘူး အန်ကယ်ကြီး''

''ဪ ... ''

ဟု ဖဝေဖဝါသံယောင်ပြုလျက် သူတို့ကိုပြုံးရွှင်စွာအကဲခတ်သည်တွင် ကိုကျော်စိုးမြင့်သည် ချောင်းတစ်ချောင်းဟန့်ကာ ...

''အဟမ်း ... ကျွန်တော်တို့က အဟမ်း အဟဲ ဟဲ စောစောက ကျွန်တော်ပြောသလိုပေါ့ဗျာ ... ''

ဘာစကားမှမပြောရသေးခင်မှာ စောစောကကျွန်တော်ပြောသလိုဟု စကားဦးချီလေ့ရှိသော ကိုကျော်စိုးမြင့်ထံသို့ အန်ကယ်ကြီးနားလည်မှုရှုပ်ထွေးသော အကြည့်တစ်ခုလွင့်ပျံလာ၏။





လင်းလင်း ‗ အလိုက်သိစွာ ကိုကျော်စိုးမြင့်ကို မျက်စောင်းကြီးကြည့်လိုက်မှ ...

''ဒီလိုပါခင်ဗျာ ... ဒီစံပယ်ခြံအဆောင်ဟာ ဟိုဘယ်လောက်ရှင်းအဆင့်မီတယ်၊ သန့်ရှင်းတယ်၊ ကျယ်ပြန့်တယ်၊ လုံခြုံအေးချမ်းတယ် ထင်နေ ဆက်သွယ်ရေးလည်းအဆင်ပြေတယ်လို့ သတင်းမွှေးနာမည်ကြီးတယ်ဆိုတော့လေ ... ''

''ဪ ... သိပြီ မောင်ရင်တို့က ... ''

''အန်ကယ်ကြီးအဆောင်မှာ ငှားနေဖို့လာကြတာဖြစ်မှာပေါ့ အန်ကယ်ကြီးရယ် ‗ ထားလိုက်အန်ကယ်ကြီး လက်ခံလိုက်ပါဗျာ၊ ဒီလူတွေကြည့်ရတာ လူရည်သန့်တွေပါ''

ကိုကျော်စိုးမြင့်စကားအဆုံးမသတ်ခင် ဝင်ပြောလိုက်သောအန်ကယ်ကြီး၏စကားကို မောင်ဖြိုးဆိုသူကအဆုံးသတ်ပေးလိုက်၏။

အန်ကယ်ကြီးမျက်နှာထက်မှာ အားတုံ့အားနာအမူအရာတွေကိုတွေ့လိုက်ရသည်မို့ သူတို့အငြင်းခံရလိမ့်မည်သိကာ လင်းလင်းစိတ်ပူသွားမိသည်။ သူ ဒီအဆောင်ကိုမြင်မြင်ချင်း သဘောကျနေမိသည်ကိုး။

''အန်ကယ်ကြီးလည်းထားချင်ပါတယ်ကွယ် မောင်ရင်တို့ကိုမြင်လိုက်ကတည်းက မွန်မွန်ရည်ရည်တွေမှန်းသိပါတယ်၊ ဒါပေမယ့် အန်ကယ်ကြီးအဆောင်မှာ လူပြည့်နေပြီကွယ့် ‗ နောက်တစ်လနှစ်လနေရင်တော့ သဘောတက်မယ့်တစ်ယောက်ရှိတယ်၊ အခုလောလောဆည်တော့ အခန်းလွတ်မရှိတော့လို့ပါ အားနာလိုက်တာကွယ်''

သူထင်တဲ့အတိုင်းကြားလိုက်ရ၍ လင်းလင်းစိတ်ထဲမှာမချင့်မရဲဖြစ်သွားရသည်။

''အဲဒ်မှခက်တာပဲ၊ ကျွန်တော့်ညီက တော်ရုံတန်ရုံအဆောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ချည်း ပေးလိုက်ရ _ ''

''အန်ကယ်ကြီးလည်း စိတ်မကောင်းပါဘူးကွယ်၊ စိတ်တော့မပျက်ပါနဲ့ ကွယ်၊ ရန်ကုန်မှာ အန်ကယ်ကြီးအဆောင်နှုန်းမျိုးနဲ့ရှာမယ်ဆိုရင် လုံးချင်းအိမ် သွားအောင်ငှားလို့ရပါတယ်''

''ဟော့ဗျာ အန်ကယ်ကြီးကလည်း အန်ကယ်ကြီးအဆောင်ကိုနေချင်လို့လာပါတယ်ဆိုမှ ဘော်လီဘောပုတ်သလို ပုတ်ထုတ်နေပြန်ပါပြီ၊ ဒီလိုလုပ် အန်ကယ်ကြီးရာ _ အဆောင်(၈) မှာ သူတို့ကိုခဏထားလိုက်ဗျာ၊ မွန်လေးသဘောတက်တော့မှ မွန်လေးအခန်းကိုပြန်ပြောင်းပေးလိုက်ပေါ့''

''ဘယ်လိုပြောလိုက်တာလဲ မောင်ဖြိုးရယ် အဆောင်(၈)အကြောင်း မင်းလည်းသိသားနဲ့ကွာ မဖြစ်ပါဘူး''

အဆောင်အခန်းလက်ကျန်ရှိသေးသည်ကိုသိရ၍ လင်းလင်း စိတ်အနည်းငယ်ပြန်ကြည်လာသည်။

''အဆောင်အားရှိသေးတယ်ပေါ့ဟုတ်လား အန်ကယ်ကြီး''

အန်ကယ်ကြီးနှင့်မောင်ဖြိုး ပြိုင်တူပင် လေးလေးပင်ပင်ခေါင်းညိတ်ပြသည်။

''ဩော် _ မပြင်ရသေးလို့ထင်တယ် ရပါတယ်ဗျာ ယာယီအနိုက်အတန့်ပဲ နောက်တော့ပြောင်းမှာပဲဥစ္စာ''

စကားနည်းသည့်ကိုကျော်စိုးမြင့် အားတက်သရောဆိုတော့ အန်ကယ်ကြီးက ဖြေးနှေးစွာခေါင်းခါရမ်းလျက် _

''အခြားအဆောင်တွေထက်ကို Facility ပြည့်ပါတယ်''

''ဟုတ်တယ် အစ်ကိုဇရေ Phone . Air Con ပန်ကာ၊ ရေခဲသေတ္တာ Mini Bar. Kitchen . Silting Room . Dinning Room. Bath tub ရော Shower နှစ်မျိုးလုံးပါတဲ့ Bath Room အိပ်ခန်းကျယ်နဲ့ ပတ်ပတ်လည်ဝရံတာ





ရှိတယ်၊ သုံးထားတဲ့ပစ္စည်းတွေအားလုံး မမနုန်းစိတ်တိုင်းကျအကောင်းဆုံး''

''မောင်ဖြိုး''

အန်ကယ်ကြီး၏ မာမာထန်ထန် ဘော်ဟစ်ဟန့်တားသံကြောင့် မောင်ဖြိုးတစ်ယောက် သူ့ပါးစပ်သူပိတ်ရိုက်လိုက်တော့သည်။

''မဖြစ်ပါဘူး မောင့်ရင်တို့ရယ်''

''ဘာအခက်အခဲများရှိလို့လဲခင်ဗျာ _ ကျွန်တော်နေပါရစေ''

''ဟုတ်ပါတယ် အန်ကယ်ကြီးရယ်၊ နေမှာက ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ဆိုပေမယ့် ကျွန်တော်ကမန္တလေးနဲ့သွားချည်ပြန်လှည့်ပါ၊ ကျွန်တော့်ညီတစ်ယောက်ပဲနေမှာပါ''

''အင်း _ တစ်ယောက်တည်းနေရင်တော့ ပိုဆိုးမယ်ထင်တယ်နော် အန်ကယ်ကြီး''

မောင်ဖြိုးမျက်နှာငြိုးစွာပြော၏။

''မင်းပါးစပ်လေးက နည်းနည်းမှကိုစည်းမစောင့်နိုင်ပါလားမောင်ဖြိုးရယ် ... ''

''ကျွန်တော်က သူတို့ကိုနေစေချင်လို့ပါအန်ကယ်ကြီးရာ _ ''

''ဖြစ်မှမဖြစ်နိုင်ဘဲ မောင်ဖြိုးရယ်''

''ဒီလိုလုပ်လိုက်အန်ကယ်ကြီးရာ''

ပြောပြီး စကားဖြတ်ထားသောမောင်ဖြိုးမျက်နှာကို အန်ကယ်ကြီး မသက်မသာကြည့်နေ၏။ တားမရလည်းပြောတော့ကွာဆိုသည့်သဘော _

''သူတို့ကို ပွင့်ပွင့်လင်းလင်းဖွင့်ပြောလိုက်မယ်လေ မကောင်းဘူးလား''

မောင်ဖြိုးစကားကို အန်ကယ်ကြီးက အင်းမလုပ်၊ အဲမလုပ် သူ့ကိုထားချင်သည့်ရုပ်တော့ပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ညီလေး _ ဘာအခက်အခဲပဲဖြစ်ဖြစ်ပြောပြပါ၊ အစ်ကိုတို့ညီအစ်ကိုနှစ်ယောက်လည်း ဝိုင်းဝန်းစဉ်းစားနိုင်တာပေါ့၊ လစာကိစ္စဆိုရင်အားမနာပါနဲ့ ဘယ်နှစ်လစာ ကြိုသွင်းပေးရသွင်းပေးရပါ"

"လစာကိစ္စကို အထွေအထူးပြောဖို့မရှိပါဘူး"

"ဟုတ်လား ဒါဖြင့် ..."

"အဆောင် (၈)ကိုပိတ်ထားခဲ့တာကြာပြီဗျ၊ ဘယ်သူမှမနေရဲကြလို့

"ဘယ်လို ဘယ်လို _ ဘာဖြစ်လို့မနေရဲကြတာလဲ"

"ရှင်းရှင်းပြောရရင် ဟိုဗျာ ... သရဲခြောက်လို့ဗျာ"

မောင်ဖြိုးတွန့်ဆုတ်စွာပြောအပြီး လင်းလင်းနှင့်ကျော်စိုးမြင့်တို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။ ပြီးမှမပြုံးဘဲဝါးလုံးကွဲရယ်မိလိုက်ကြသည်။

"ဟား ဟား ဟား ... ဘာများလဲလို့ဗျာ ... အဲဒီအတွက်တော့လုံးဝစိတ်မပူပါနဲ့ဗျာ _ ကျွန်တော်တို့ညီအစ်ကိုက တစ္ဆေသရဲမကြောက်တတ်ဘူးဗျ၊ လုပ်ပါဗျာ ပြောပါဦး ကျန်တဲ့အကြောင်းရှိသေးလားလို့ ..."

"မရှိတော့ဘူး ..."

"ဒါဆို ဒီနေ့ကစပြီး ကျွန်တော်တို့နေမယ်ဗျာ ... နော် အန်ကယ်ကြီး"

အန်ကယ်ကြီးကတော့ အခုထက်ထိ မထုံတတ်တေးအမူအရာကြီးနှင့်ငြိမ်နေရာမှ ...

"မောင်ရင်တို့ ကြောက်လန့်ပြီးတစ်စုံတစ်ခုဖြစ်ခဲ့မယ်ဆိုရင် အန်ကယ်ကြီးမှာ တာဝန်မရှိဘူးနော်"

"စိတ်ချအန်ကယ်ကြီး တစ္ဆေသရဲနဲ့ပက်သက်လို့တော့ လုံးဝ တာဝန်





ယူစရာမလိုပါဘူး"

"အသေအချာဆုံးဖြတ်ပြီးပြီလား"

"ဆုံးဖြတ်ပြီးပါပြီ"

လင်းလင်းတို့နှစ်ယောက် အားတက်သရောဖြေအပြီးမှာ _

"ကောင်းပြီလေ ... အဲဒါဆို မောင်ဖြိုး ... ညှိသည်တွေကို အဆောင်(၈) လိုက်ပြလိုက်၊ ကြိုက်ရင်တစ်ခါတည်းနေလိုက်လို့ရတယ် လကုန်မှပဲလစာပေးပါ၊ ဒီအတွင်းထဲမှာမောင်ရင်တို့မနေရဲလို့ရှိရင်လည်း အခန်းပြန်အပ်နိုင်ပါတယ်၊ တကယ်တော့လည်း အန်ကယ်ကြီး အဲဒီအဆောင်ကိုပိတ်ထားရတာ စိတ်ထဲမှာ လုံးဝမကောင်းပါဘူးကွယ်၊ ကဲ ကဲ မောင်ဖြိုးအဆောင်(၈) သော့ယူပြီး ညှိသည်တွေကိုခေါ်သွားတော့ အပိုစကားတွေလည်းလျှောက်မပြောနေနဲ့ကြားလား _ "

"ဟုတ်ကဲ့ပါ အန်ကယ်ကြီးကလည်း ... ဪ ... အစ်ကိုတို့လာကြအဆောင်(၈)က ဒီနှစ်ထပ်ဆောင်ရဲ့နောက်မှာ သီးသန့်ဆောက်ထားတာပါ၊ အဆောင်(၈) ပတ်လည်မှာ မြိတ်စံပယ်ရုံတွေနဲ့ပြည့်နေတာ၊ အခုလိုဆောင်းတွင်းမှာဆို ဖွေးနေအောင်ပွင့်ပြီး တစ်ခြံလုံးမွှေးနေတာဗျ"

ပင်မနှစ်ထပ်ဆောင်အဆောက်အဦကိုကျော်လွန်ကွေ့ပတ်ခဲ့ပြီးသည်နှင့် စံပယ်သင်းရနံ့မွှေးမွှေးတို့က လင်းလင်းတို့အား အပြေးအလွှားကြိုဆိုနေပါတော့သည်။

စံပယ်ခြံဟူသည့်အမှီပွါယ်သည် သည်ခြံမျက်နှာစာမှာတုန်းက မပေါ်လွင်ပေ။ ခြံအတွင်းဘက် အဆောင်(၈)ကိုရောက်မှ ပြည့်ကျက်နှင့်ဓာတ်သက်ထပ်တူညီသွားပါတော့သည်။

အစီအရီ စံပယ်ပန်းရုံတန်းလေးတွေအားလုံးက တစ်ပင်တိုင်မြဲနန်းဆောင်လေးအား ဝန်းရံခစားနေသည့်ဟန် ...



www.burmeseclassic.com

www.burmeseclassic.com



"စံပယ်ပန်းတွေပွင့်လိုက်တာ ဖွေးဖွေးကိုလှုပ်နေတာပဲကွာ ＿ နော် လင်းလင်း"

"အင်း ＿ ဘယ်သူမှမခူးကြဘူးနဲ့တူတယ်"

ပြောရင်း လင်းလင်းစံပယ်ပန်းတစ်ပွင့်ဆီသို့ လက်လှမ်းလိုက်သည့် အခွင့် ＿

"ဟာ ... မ မခူးနဲ့အစ်ကို ... မခူးပါနဲ့ ... မမနန်းကပန်းခူးတာ မကြိုက်ဘူး"

ထိတ်ထိတ်ပျာပျာအသံနဲ့ မောင်ဖြိုးဟန့်တားလိုက်၍ လင်းလင်းလက် ပြန်ရုပ်လိုက်သည်။

"မောင်ဖြိုးပြောတာ မမနန်း၊ မမနန်းနဲ့နှစ်ခါရှိပြီနော်၊ အဲဒီမမနန်းဆို တာ ဘယ်သူလဲ"

"ရှူး ... တိုး တိုး ... "

မောင်ဖြိုးက ဘေးဘီဝဲယာ၌ သူ့စကားကိုချောင်းမြောင်းနားထောင်နေ သူရှိမှာစိုးသည့်ဟန်နဲ့တိုးတိုးလေး ...

"မမနန်းရဲ့နာမည်က နန်းကြာငုံတဲ့၊ အန်ကယ်ကြီးဦးသိန်းမောင်ရဲ့ တူမအရင်း၊ ကျွန်တော့်အမေရဲ့တူမအရင်း၊ ကျွန်တော့်အစ်မတစ်ဝမ်းကွဲ"

"သြော် ＿ အန်ကယ်ကြီးကမွေးစားထားတာထင်တယ်"

ကိုကျော်စိုးမြင့်က သူ့ထင်ကြေးကိုဖွင့်မေး၏။

"မဟုတ်ဘူး အစ်ကိုရေ ... မမနန်းကသာ ကျွန်တော်နဲ့အန်ကယ် ကြီးကိုမွေးစားထားတာပါ၊ ဒီအဆောင်က မမနန်းအပိုင်ပါ"

"ဟေ ... "

"ဟုတ်တယ် ... မမနန်းကသိပ်ချမ်းသာတာ၊ မမနန်းရဲ့အဖေက





ရတနာတွင်းတွေအများကြီးပိုင်ဆိုင်ခဲ့တဲ့ရှမ်းစော်ဘွားတစ်ယောက်ရဲ့သမီး မနန်း တစ်ယောက်တည်းမွေးခဲ့ပြီး ပါရီကိုအပြီးပြောင်းသွားခဲ့ပြီးမှ မနန်းတစ်ယောက် တည်း မြန်မာပြည်ကိုပြန်လာခဲ့တယ်၊ ပါရီမှာ မမနန်း အဖေရော အမေရော ဆုံးသွားခဲ့လို့လေ ... "

"အား ... စိတ်မကောင်းစရာပဲဗျာ"

"ဒါထက်ပိုပြီး စိတ်မကောင်းစရာကောင်းတာက မမနန်းဟာ သူ့အဖေ နဲ့ အမေနောက်ကိုပြန်လိုက်သွားပြီဗျာ၊ မမနန်းမရှိတော့ဘူး သေပြီ၊ ကျွန် မမနန်းကသိပ်သနားဖို့ကောင်းတာဗျ၊ အဲဒီ အဆောင်(၈) မှာမမနန်းနေခဲ့တာ"

ပြောရင်းငိုသံပါလာသော မောင်ဖြိုးကိုတစ်လှည့်၊ စံပယ်ရုံတွေအလယ် မှာ တင့်တယ်လှပနေသော အဆောင် (၈) ကိုတစ်လှည့်ကြည့်ရင်း လင်းလင်း ရင်တစ်ပြင်လုံးလေးလံကျပ်ခဲလို့လာသည်။ ထိုမျှသာမက မျက်ဝန်းတွေနီရဲစွတ် နေမိတော့သည်။ ဘာအကြောင်းခံကြောင့်ရယ်တော့ လင်းလင်းမသိပါ။ လင်းလင်းစိတ်အာရုံမှာ ထင်ဟပ်လာသည်ကတော့ ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## စံပယ်နဲ့သင်းတဲ့ နှင်းပွင့်တစ္ဆေ

## JASMINE AND SNOW GHOST

စံပယ်လိုဖြူသောနှင်းတွေ အပွင့်လိုက်အပွင့်လိုက် ကြွေသောထိုနေ့လေးကို နှစ်ကာလမြောက်မြားစွာကြာသည့်တိုင်အောင် လင်းလင်းအမှတ်ရနေပါမည်။

အချိန်ကာလဆိုတဲ့ သတ္တဝါကောင်ကြီးရဲ့ အလိုမတူဘဲနိုးယူပေါင်းသင်းမှုခံခဲ့ရတာ နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်တင်းတင်းပြည့်တဲ့ ထိုည ၇း၀၅ နာရီ။

မွေးနေ့ဆိုသောအဓိပ္ပါယ်ကို အဓိပ္ပါယ်ဖွင့်ဆိုခံစားတတ်သူများရော၊ နာဂန်းတစ်လုံးမျှနားမလည်ဘဲ သူများယောင်လို့ယောင် အမောင်တောင်မှန်းမသိမြောက်မှန်းမသိပါဘဲ မွေးနေ့ကိတ်ပေါ်မှာ သက်စေ့ဖယောင်းတိုင်မီးတွေတဖွားဖွားမှုတ်ရခြင်းကိုပဲ ဂုဏ်ဒြပ်တစ်ခုလိုသတ်မှတ်သူများရော နားလည်သည့်စကားနှင့် ပြောရရင် ထိုညသည်သူ့ရဲ့ငွေရတုမြောက်မွေးနေ့ဖြစ်သည်။

တကယ်တော့ ဘယ်သောအခါကမှ ဘာအထိမ်းအမှတ်မှလုပ်လေ့မရှိ (မလုပ်လို့ခဲ့)ပါဘဲ မွေးနေ့ဆိုတဲ့သညာတစ်ခုစွဲကပ်ခဲ့တာကိုတော့ မခွာချနိုင်သေးပါ။ ပုထုဇဉ်ကိုး။





ကာလယန္တရားဆိုသည့် သတ်မှတ်ချက်ကြီးတစ်ခုအပေါ် အချိန်ခြီးဆိုပါစို့ ၂၀၁၀၊ ဒီဇင်ဘာ၊ (၄)ရက်၌ ဦးစံဝင်းသေသည်။ မိုးပျင်းသောမိုးရွာသည်။ မေဦးယောက်ျားနိုးပြေးသည်၊ အေးမိုးခိုင်ဆီဖုန်းဆက်သည်။ လှဲလှဲကျော်ဆိုးမှုချ်သည်၊ဝင်းဦးထိပေါက်သည်။ ဝင်းလှိုင်ကျောင်းဆောက်သည်၊ ရန်ကုန်မှာမေလှိုင်းဖြတ်သည်။ ခွေးဝဲစားဘော်ဘီ ဟမ်ဘာဂါစားသည်။ အာဖဂန်တောင်ကြားမှာ ဒုံးကျည်ပေါက်သည်။

စကြာဝဠာအသစ်တစ်ခုတွေ့ရှိသည်။ မြန်မာပြည်မှာလေယာဉ်ထုတ်လုပ်ရေးစက်ရုံတည်သည်။ အာကာသခရီးသွားလက်မှတ်ရောင်းချသည်။ သန့်ဇင်မိုးဝဏ္ဏစာအုပ်အင်တာနက်ပေါ်တင်သည်။ရေမသန့်သောရေသန့် ဆယ်မျိုးရောင်းချခွင့်ပိတ်သည်။ UFO ရုပ်ရှင်ကားသစ်နေပြည်တော်တွင်ရုံတင်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သစ်ပင်စိုက်သည်။ အင်းလျားကန်စပ်မှာကြာတစ်ပွင့်ပွင့်သည်။

စသည် ... စသည်ဖြင့်အမျိုးမျိုး မှတ်တမ်းတင်ကြ၊ သတ်မှတ်ကြပြောဆိုကြ၏။

ထိုနေ့ကို သမိုင်းဆရာတို့က ထမ်းရွက်သယ်ဆောင်သွားကြသည်။

ပြောရရင်အရာရာအားလုံးနီးပါး ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး ယောက်ျား၊ မိန်းမ အားလုံးနီးပါးသည် အချိန်ကိုနိုင်းရပြုဖြစ်တည်မှုကနေရသော Relative to time objects တွေသာလျှင်ဖြစ်တော့သည်။

အသခ်တနိဗ္ဗာန်မရောက်သေးသရွေ့ အချိန်ဆိုတာကြီးကို အမိုပြန်၍အသစ်ပြန်ဖြစ်ရသောကိုယ့်ကိုယ်ကိုယ်မပိုင်တဲ့ ဒီရုပ်ခန္ဓာ နာမ်ခန္ဓာကြီးကိုစိတ်ကုန်လှပါပြီ။

လူဖြစ်နေတော့လည်း လူတာဝန်ကိုကျေပြွန်အောင် လုပ်ဆောင်ရတော့သည်။ အခက်သားကလား။



www.burmeseclassic.com

www.burmeseclassic.com



သားချွဲနေတော့လည်း သားတာဝန်ကိုကျေရသည်။

အဖေ့သားဖြစ်နေတော့လည်း ဖေဖေစီးပွားရေးပါတနာများနှင့်တွေ့ဆုံဖွဲ့အားလိုက်ချင်ပေမဲ့ မငြင်းသာပါချေ။

အခုအချိန်အထိ ဖေဖေတို့ မိတ်ဆုံစားပွဲမပြီးပြတ်သေးပေ။

သူကသာ Meetingပြီးကတည်းက ဟိုတယ်ပြန်နားချင်သည်ဟုပြောပြီးပြန်ခဲ့၏။

တကယ်က ဟိုတယ်အိပ်ခန်းထဲမှာလည်း သူပျင်းနေမိသည်။ Meeting ခန်းနှင့်မိတ်ဆုံစားပွဲခန်းမတို့ထက်တော့ စိတ်ရောလူရော အပန်းပြေစေ၍ သားနားမည်ဆိုသော စကားကိုသုံး၍ ဖေဖေနှင့်ပါတနာများအား ခွင့်တောင်းခဲ့ခြင်းဖြစ်၏။ အိပ်ခန်းရောက်တော့လည်း ပျော်စရာမကောင်းလှပေ။

ပြင်သစ်ပိုင်နိုတစ်လုံး၊ ချိ(စ်)တစ်ပွဲသာကုန်သွားသည်။ စိတ်ထဲမှာတော့ မကြည်လင်လာသေးပါ။

ကိုယ်စိတ်မပါဘဲလုပ်ရတဲ့အလုပ်၊ ကိုယ်စိတ်မပါဘဲသွားရတဲ့ခရီးဆိုတော့လည်းဘယ်လိုလုပ်ပြီးပျော်မှာလဲ။

ဆိုတော့ ...

''ဩော် ... နှင်းကျတာမကြုံဖူးဘူးနဲ့တူတယ်''

လင်းလင်းခေါင်းတစ်ချက်ညိတ်ပြီး အပြင်သို့ထွက်ခဲ့သည်။

မှတ်မှတ်ရရ ထိုနေ့သည်ခရစ်စမတ်လွန်ည ဒီဇင်ဘာ ၂၆ရက်။

သူ့ကိုမွေးခဲ့သည့်လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်ကုန်ကလည်း အခုလိုအေးချမ်းသောရာသီဥတုဖြစ်လိမ့်မည်။

အပြင်ရောက်သည့်ဆိုရင်ပဲ စိတ်ရောကိုယ်ပါအေးမြသွားတော့သည်။

မြင်မြင်လေရာဝန်းကျင်တစ်ခုလုံးမှာ ပေါ်ပါးဖွေးဖြူသော နှင်းပွင့်များကွင်းပြည့်ကွင်းလျှံနေရာယူလျက်ရှိ၏။

---

ရဲရင့်အောင်စာစဉ်



လက်နှစ်ဖက်ကိုဖြန့်လျက် ဆန့်တန်းလိုက်တော့နူးညံ့ပါးလွှာသောနှင်းပွင့်အေးတို့ လက်ဝါးအစုံပေါ်သို့ ခုန်ပေါက်သက်ဆင်းကျရောက်လာသည်။

လင်းလင်းစိတ်တို့အပူအပင့်ဟူသမျှ ကင်းစဉ်လွင့်ပျောက်သွား၏။

အချိုက လက်တံရှည်တလျှောက်၊ အချိုကပခုံးအစုံပေါ်၊ အချို့ဦးခေါင်းနှင့်မျက်နှာဆီသို့ ကြွေတစ်မျိုး၊ ဝဲတစ်မျိုး ...

ဒေသခံကိုကာမှ ဒီနှင်းပွင့်များနဲ့ရင်းနှီးလွန်းခဲ့၍လား မြတ်နိုးရကောင်းမှန်းမသိ၍လားမဆိုနိုင် ဖာသိဖာသာ။ အကဲဆတ်ရင်ခုန်ကြဟန်မရှိ။ သူ့မှာသာငြိမ်းချမ်းရေးကမ္ဘာသစ်သို့ရောက်ခါစ လူသားတစ်ဦးပမာကြည်နူးပျော်ရွှင်လို့မဆုံးနိုင်အောင် စံပယ်နှင်းတောထဲ စံပယ်နှင်းတစ်ပွင့်လို ပျော်လွင့်နေမိသည်။

သူ့ခြေလှမ်းတွေက လမ်းလျှောက်ခြင်းပေါ်မှာ စိတ်မှတ်မဲ့စွာလျှောက်လျက်ရှိ၏။

လမ်းမီး၊ ဆိုင်ကယ်မီး၊ ညဈေးတန်းဆိုင်ခန်းမီး၊ ကာစီနိုရုံမှရောင်စုံမီး၊ ဟိုတယ်များ၊ ကွန်ဒိုမီနီယံများ၊ Appartment များ၊ လူနေစရာအဆောက်အဦများမှ လျှပ်စစ်မီးများသည် နှင်းပွင့်အဆိုင်းဆိုင်းများရဲ့အောက်မှာ အလင်းရောင်တွေဖျော့တော့မှုန်ဝါးလို့သွားသည်။

သူပျော်နေသည်။

သောကဟူသမျှ မြူမှုန်တစ်စစာမျှမကျန်အောင် သူပျော်နေသည်။

ဟိုတယ်မှ မည်မျှဝေးကွာလောက်အောင်လမ်းလျှောက်ခဲ့မှန်းမသိအောင်သူပျော်နေမိသည်။

သူတစ်ကိုယ်လုံး နှင်းလူသားလိုနှင်းတွေတဖွေးဖွေးလူးပ်နေတဲ့အထိသူပျော်နေသည်။

.Commercial, Financial, Co-operative, Customers,Consumers, Product, Import, Export, Buyer's Right, Door to Door Services.

---

ရဲရင့်အောင်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



Sharing Investment, Currency စတဲ့ စတဲ့ ဝေါဟာရတွေမေ့အောင် သူပျော်နေသည်။

စေစေနှင့်စီးပွားရေးလုပ်ငန်းရှင်များ၏ မျက်နှာတွေ စကားလုံးတွေ မကြားယောင်နိုင်၊ မမြင်ယောင်နိုင်လောက်အောင် သူပျော်နေသည်။

ဈေးကွက်အကျိုးအမြတ်၊ ကြော်ငြာ၊ စီမံကိန်း၊ မဟာဗျူဟာမြောက်စီမံကိန်းတွေ ခေါင်းထဲမှာပြေးထွက်သွားသည်အထိ သူပျော်နေသည်။

စံပယ်နှင်းပွင့်တွေ ပိုသည်းပိုထူ ပိုလှတဲ့နောက်ကိုလိုက်ရင်းလိုက်ရင်း သူပျော်နေသည်။

လူသူပြည့်ကျပ်ဝန်းကျင်မှ လူသူလေးပါးကင်းဆိတ်ဝန်းကျင်သို့ ရောက်လို့ရောက်မှန်းမသိအောင် သူပျော်နေသည်။

ချောက်မှန်း၊ ကျင်းမှန်းမသိဆင်းခဲ့ရင်း ရွှေလီမြစ်ရေတို့ တိုးဝှေ့စီးဆင်းသံစဉ်ဖြစ်ပေါ်စေသော ရွှေလီမြစ်ကမ်းစပ်မှ ကျောက်စိုင်၊ ကျောက်တုံးချောချောလေးတွေပေါ်မှာရပ်နေမိသည်အထိ သူပျော်နေသည်။

သူ့ဘဝမှာ ဒီလိုလွတ်လပ်ပျော်ရွှင်၊ အေးချမ်းမှုမျိုး တစ်ကြိမ်တစ်ခါမျှ မရခဲ့ဖူးတာသေချာသည်။

ဒီလိုကျေနပ်ပီတိဖြစ်စရာ နှင်းပွင့်တွေလည်း အခုမှပဲမြင်ဖူးခဲ့ခြင်းဖြစ်၏။

ရုပ်ရှင်တွေထဲမှာ တွေ့ဖူးမြင်ဖူးခဲ့ပေမယ့် ဒီလိုကြည်နူးစရာမကောင်းခဲ့ပါ။

သူ မပြောပြတတ်အောင် စိတ်လှုပ်ရှားလာသည်၏အဆုံးမှာတော့ ရင်ဖွင့်သံတစ်သံ အောင်အောင်မြင်မြင်အော်ဟစ်လိုက်မိသည်။

"လောကကြီး ... သင်ဘာလို့ ဒီလောက်လှနေတာလဲ လောကကြီး"

လင်းလင်းအော်သံက မှောင်မှောင်မည်းမည်းထဲမှာ ကွေ့ဝိုက်စီးဆင်းနေ





သော ရွှေလီမြစ်ပြင်ကို ခြေစုံကန်ပြီးပြန်တက်လာ၏။

"လောကကြီး ... သင်ဘာလို့ ဒီလောက်လှနေတာလဲ လောကကြီး"

ဟိုစဉ် ...

"လှမိုက် လောကကိုအလှပျက်အောင် အော်ကြီးဟစ်ကျယ်[illegible] ဖျက်ဆီးနေတဲ့လူမိုက် ... အခုချက်ချင်း အသံပိတ်မလား။ အခုချက်ချင်း ဒီနေရာကထွက်သွားမလား၊ မဟုတ်ရင်တော့ ရွှေလီမြစ်ထဲမှာ ရှင်သွေးခဲသေ လိမ့်မယ်"

အနီးကပ်ကြားလိုက်ရသော ခြိမ်းခြောက်သံက သူ့နားထဲသို့ကျည်ဆံတစ်တောင့်လို တိုးဝင်လာ၏။ ထိုကျည်ဆံသည် စံပယ်နံ့သင်းနေ၏။

သူလန့်လန့်ဖျန့်ဖျန့်နဲ့လှည့်ကြည့်လိုက်တော့ ...

"နှင်းလူ"

တစ်ကိုယ်လုံးဖွေးဖွေးဖြူနေသော နှင်းလူတစ်ကောင်ကိုတွေ့လိုက်ရသည်။

"အူကြောင်ကြောင်နဲ့ ဘယ်လိုလူလဲ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ဦး"

ထိုနှင်းလူသည် မိန်းမပျိုလေးတစ်ယောက်လိုလေသံနဲ့ သူ့ကိုပြန်ပြောမှ လင်းလင်းသည်ကိုယ့်ကိုယ်ငုံ့ကြည့်၏။ ပြီးတော့ သူမကိုပြန်ကြည့်၏။

ဩော် ... ဟုတ်ပေသားပဲ ငါလည်းနှင်းလူဖြစ်နေပါပေါ့လား ဟု သုံးသပ်လိုက်နိုင်တော့သည်။

"ဒါဆို မင်းကလူလား"

"လူမို့ လူစကားပြောတာပေါ့"

"ဟုတ်လား ဘာလူမို့ ငါ့ကိုအမိန့်ပေးရတာလဲ၊ ငါ့လွတ်လပ်မှု ငါပျော်နေတာကို ဘာလို့လာချုပ်ချယ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ လောကထဲမှာရှင်တစ်ယောက်တည်းရှိတာမှမဟုတ်တာ၊ လွတ်လပ်စွာတွေးတောသည်ဆိုတာမျိုးကလည်းပတ်ဝန်းကျင်ကိုမထိခိုက်သင့်ဘူး၊ ရှင့်ပတ်ဝန်းကျင်မှာ ရှင့်ကိုမမြင်နိုင်တဲ့သတ္တဝါတွေအများကြီးရှိတယ်ဆိုတဲ့အသိ အမြဲဝင်နေသင့်တယ်၊ ညှာသင့်တယ်၊ စာနာသင့်တယ်၊ ဒါမှရှင့်ရဲ့ပင်ကိုယ်စိတ်နှလုံးသား မကောင်းမှုပြုဖို့ရှက်တတ်၊ ကြောက်တတ်မှာ အခုလိုပရမ်းပတာ သေနိုင်မှာ"

"ဟမ် ... ဘာလဲကွာ ... မင်းက ဘာလဲ သူတော်စင်လား၊ နာနာဘာဝလား၊ လူသားပုထုဇဉ်ဆိုရင်တော့ နေရာတကာဆရာလုပ်ချင်တဲ့ ဆရာမကြီးပဲဖြစ်မယ်"

သူ စပ်ဆတ်ဆတ်လေးရမ်းလိုက်တော့ သူမမျက်ဝန်းတွေ တဖျတ်ဖျတ်လတ်လာ၏။

"တကယ်တော့ ရန်လိုတတ်တဲ့မင်းဟာ သူတော်စင်မဖြစ်နိုင်ပါဘူး ဆိုတော့ ကျန်တဲ့နှစ်မျိုးထဲကတစ်မျိုးဖြစ်မယ်ထင်ပါတယ်"

"ဒါတော့ ရှင်ကြိုက်သလိုထင်ခွင့်ရှိတယ်၊ ပတ်ဝန်းကျင်ကို အနှောင့်အယှက်မပေးရင်ပြီးပြီ ဟောသွားကြည့်စမ်း ရှင်နဲ့စကားပြောလိုက်ရတာ သိပ်လှတဲ့အချိန်တွေကုန်သွားပြီ၊ မရှိတော့ဘူး နှင်းပွင့်တွေမရှိတော့ဘူး အို ... နှမြောလိုက်တာ ..."

ကောင်မလေး တသသပြောမှ နှင်းပွင့်တွေမရှိတော့မှန်းသိတော့ လင်းလင်းသည်လည်း နှမြောသွားမိ၏။

ကောင်မလေးကလည်း သူလိုနှင်းပွင့်တွေကိုချစ်တတ်ပုံရသည်။

"ကဲပါကွာ ... အားလုံးဟာ ငါ့အပြစ်တွေပဲထားပါတော့၊ မင်းကို အပြစ်မတင်ရက်တော့ပါဘူး၊ ဘာလို့လဲဆိုတော့ မင်းနဲ့ငါဟာ ..."

သူပြောလက်စ စကားကိုဖြတ်လျက် ကောင်မလေးမျက်နှာလေးကို





မီးရောင်ဖျော့ဖျော့နဲ့အတူကြည့်လိုက်သည်။

သူမြင်ဖူးသမျှမိန်းမချောတွေထဲမှ အလှဆုံးဟုသတ်မှတ်ရမည့် ဂျက်ဆီကာအယ်လ်ဘာနဲ့တူလှသော ကောင်မလေးကို ငေးကြည့်နေမိသည်မှာ မည်မျှ ကြာသွားသည်မသိ။ ရင်ခုန်သံတွေနွေးထွေးလှိုင်းထန်လာမှ သတိဝင်ကာ ...

"အချစ်ချင်းတူကြလို့ပါ နှင်းပွင့်လေးတွေကိုချစ်တဲ့ အချစ်ချင်းတူကြလို့ပါမိန်းကလေး ..."

ဟု စကားဆက်လိုက်နိုင်သည်။

ကောင်မလေးပြုံး၏။ ပြုံးတော့ မျက်နှာပြင်လေးရဲသွားသည်။ အအေးပိုင်းဒေသသူမို့လား၊ အရက်ပိုမိန်းမသားမို့လား ဘာလဲတော့မသိ။

သူသိတာက ကောင်မလေးနဲ့မတိုင်ပင်ရပါဘဲ ပြိုင်တူရယ်မိကြခြင်းသာ။

အဲဒီနောက် ဆက်ပြီးသိတာက ...

"ရှင်လည်း ကျွန်မလိုပဲ အရူး ဟင်း ဟင်း"

တလွင်လွင်ရယ်ပြီး တလှုပ်လှုပ်ထွက်ခွာသွားခဲ့သော ထိုမိန်းကလေးနောက်သို့ ပြေးလိုက်သွားခဲ့မိသည်။

သို့ပေမယ့် ကောင်မလေးသည် စောစောက စံပယ်နှင်းပွင့်တွေလို ပျောက်ကွယ်သွားခဲ့သည်။

သူ့ရင်ထဲက တစ်စုံတစ်ခုသော ကိုယ်တွင်းအင်္ဂါနုတ်ယူခံလိုက်ရသလို လစ်ဟာနေခဲ့သည်။

သူ့ရင်ထဲ ကျဉ်စက်တစ်လုံးထည့်လိုက်သလို ...

ကျဉ်ရှလေးလက်ကျန်ခဲ့သည်။

ကောင်မလေးသည် ဘယ်သူလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကလဲ ...

**အဖြေမရှိသော**မေးခွန်းတွေ ကိုယ့်ကိုယ်ကိုယ်ထပ်တလဲလဲမေးရင်း **သူပြုံးနေမိသည်။**

**ကောင်း**မလေးရဲ့ စံပယ်ကိုယ်သင်းနံ့များကမူ သူ့အနီးအပါး၊ ဝဲယာ **ဆတ်အောက်၊** ဘေးဘီနှင့်အနံ့ခံအာရုံတို့မှာ ပြွတ်ပြွတ်ထင်ထင်စွဲကျန်နေခဲ့သည် **ပဲ။**

ကောင်မလေးပြောသလို သူရူးသွပ်သွားပြီလားမဆိုနိုင် _ စောစောက ကောင်မလေးရပ်နေခဲ့သောနေရာမှာများ ကောင်မလေးရဲ့ကိုယ်သင်းစံပယ်နံ့ စံပယ်တစ်ပွင့်တလေတွေ့လေမလားဟု ရူးသွပ်စွာ ဒူးထောက်စမ်းသပ်ရှာဖွေနေ မိသည်တွင် ...

''ဝုန်း''

ခနဲ အလန့်တကြားသံနှင့်အတူ မျက်နှာတစ်ပြင်လုံး သွေးတွေရဲပဒေါင်း ခတ်နေသော ဆံပင်ဖွားလျားမိန်းမကြီးတစ်ယောက် ထထိုင်လိုက်၏။

သူ မှင်တတ်နေမိစဉ်မှာပဲ ထိုမိန်းမကြီး၏လက်ချောင်းအေးအေးကြီး များက လင်းလင်းလည်ပင်းကိုဒရမန်းကြမ်းဖျစ်ညှစ်သည်။

လင်းလင်းအသက်ရှူမဝတော့ပေ။ နားတွေအူလာလေ၏။ လေတွေ တဝူးဝူးနှားထဲသို့တိုးဝင်လာသည်။

သူ ရှေ့မှငုတ်တုတ်ထိုင်မိန်းကြီးသည် မကောင်းဆိုးဝါးတစ်ကောင် ကောင် ဖြစ်မည်။

လင်းလင်းသေရမှာကြောက်သလား၊ မကောင်းဆိုးဝါးမကြီးကို ကြောက်သလားတော့မသိ။ သတ္တဝါပီပီကိုယ်အသက်ရှင်ရေးကို အဓိကထားတတ် သောသဘောဖြင့် ကြောက်မက်ဖွယ် သေမင်းတမန်မိစ္ဆာမကြီး၏ မျက်နှာကို ဒူးနဲ့ပစ်တိုက်ပြီး ပြေးထွက်ခဲ့တော့သည်။





မြစ်ကမ်းနဖူးထက်ရောက်သည့်တိုင် နောက်လှည့်[illegible] ကမ်းနားတစ်လျှောက် သုတ်သီးသုတ်ပြာ အပြေးနီးပါး ခြေလှမ်း[illegible] စဉ် ...

''ဟင်း ... ဟင်း ... ဟင်း ... ''

တိုးညှင်းသောရယ်သံ စံပယ်ကိုယ်သင်းနံ့ _

သူ့တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထကာ အနီးအပါးကိုလိုက်ရှာ ပေမယ့် ချွေးလေချွေးလွင့်တစ်ကောင်မျှပင်မတွေ့ရတော့ပေ။

သူ့အမြင်အာရုံထဲမှာတော့ နှင်းလူမချောချောလေး၏မျက်နှာနှင့် ရုပ်ဆိုးဆိုးမိစ္ဆာမကြီး၏မျက်နှာသည် စွဲထင်ကျန်ရစ်ခဲ့သည်။ တစ်သက်တာမေ့လို့ ရတော့မည်မဟုတ်။

⁂



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)
## မျက်နှာမဟုတ်တဲ့မျက်နှာ
## FACE BUT NOT FACE

မြောက်ပြန်လေအေးအေးသယ်ဆောင်လာသော စံပယ်နံ့က အမှတ် (၈) ဘန်ဂလိုလေးအနှံ့သင်းပျံ့နေသည်။

"မင်း ဒီနေ့ကစပြီး မင်းမမနန်းရဲ့ အဆောင်(၈)မှာပဲအိပ်တော့ မောင်ဖြိုးကြားလား။ အဲဒီအဆောင်ကိုပိတ်ထားရတာ အန်ကယ်ကြီးလုံးလုံးစိတ်မကောင်းဘူးကွာ၊ သမီးနန်းရှိတုန်းကလိုပဲ လင်းလင်းချင်းချင်း သာသာယာယာ စည်စည်ဝေဝေမြင်ချင်တယ်ကွာ _ အန်ကယ်ကြီးစိတ်ထဲမှာ သမီးနန်းကြောင့် လောကကြီးထဲမှာရှိသေးတယ်လို့ပဲ ခံစားရတယ်"

"ဟာ ... အန်ကယ်ကြီးကလည်းဗျာ ... မမနန်းကြောင့်က အိမ်မှာဆုံးတာ လူယုံဦးအိုက်စံဖုန်းဆက်လို့ပဲ အန်ကယ်ကြီးနဲ့ကျွန်တော် မမနန်းကို ကိုယ်တိုင်ကိုယ်ကျသင်္ဂြိုဟ်ခဲ့ပြီးသားကိုဗျာ ပြောရရင် ကျွန်တော်လည်း အန်ကယ်ကြီးလိုပဲ မမနန်းကိုသိပ်ချစ် သိပ်လေးစားတာပါ၊ အစ်မဆိုပေမယ့် မမနန်းက ကျွန်တော့်အမေဆိုလည်းမမှားပါဘူး။ မမနန်းစောင့်ရှောက်ထားခဲ့လို့ အန်ကယ်ကြီးနဲ့ကျွန်တော် အခုလိုလူမွေးလူတောင် ပြောင်ပြောင်နေနိုင်တာ ကျွန်တော်





တစ်သက်မမေ့ပါဘူး၊ ဒါပေမယ့်ဗျာ _ သိပ်အစွဲအလမ်းမကြီးပါနဲ့ အန်ကယ်ကြီးရာ ဥပါဒ်ကြောင့် ဥပါဒ်ရောက်သတဲ့ သတ္တဝါတစ်ခု ကံတစ်ခု ကိုယ်ပြုချင်ပေမယ့် အပျက်အစဉ် ကပ်ပါလာတယ်၊ သတ္တဝါမှန်သမျှသေမျိုးချည်းပါပဲ၊ အန်ကယ်ကြီးလည်း အသက်အရွယ်ကြီးပြီ၊ ကျန်းမာရေးကလည်း တစ်နေ့ရွှေတစ်နေ့ငွေ၊ ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်ဦး၊ မမနန်းအတွက် ပူပင်သောကဗျာပါဒများနေရုံနဲ့ မမနန်းအတွက်လည်း အကျိုးမရှိ၊ ကိုယ့်အကျိုးလည်းယုတ်စေတယ်လေဗျာ၊ မမနန်းကိုချစ်ရင် မမနန်းရဲ့ကျန်ရစ်ခဲ့တဲ့ စီးပွားရေးတွေကိုတိုးတက်အောင်လုပ် မမနန်းအတွက် ကုသိုလ်ကောင်းမှုတွေလုပ် အမျှအတမ်းပေး _ အဲဒါအမှန်ဆုံး လုပ်ရပ်တွေပဲမဟုတ်လား ..."

"တော် တော် တော် မိကျောင်းမင်းရေကောင်းလာပြမနေနဲ့ လူ့ပုသလောက်လျှာရှည်တဲ့ကောင်၊ ဘာမှဆင်ခြေဆင်လက်တွေ ပေးဖို့မကြိုနဲ့ သမီးနန်းရဲ့အိမ်မှာ ဒီနေ့ကစပြီးနေရမယ် ဒါပဲသွားတော့"

မောင်ဖြိုးစကားတုန့်ပြန်ချိန်မပေးဘဲ ထွက်သွားသောအန်ကယ်ကြီးကို ကြည့်ကာ ခေါင်းရှုပ်ကျန်ခဲ့ရသည်။

အခုဆိုရင် မောင်ဖြိုးအဆောင်(၈)ကိုပြောင်းလာခဲ့တာ (၃) ရက်ရှိပြီ။

မမနန်းအဆောင်မှာနေမှ မမနန်းကိုပိုလို့သတိရနေမိသည်။

သူ အခုထိုင်နေတဲ့ဝရန်တာလေးမှာ ညစဉ်ညတိုင်းလက်ဖက်တော့ပ်ကွန်ပျူတာလေးတစ်လုံးနဲ့ အလုပ်များနေခဲ့သောမမနန်း။

ရံဖန်ရံခါ စံပယ်ရုံလေးတွေကြားထဲ လမ်းလျှောက်နေလေ့ရှိသော မမနန်း။

ရံဖန်ရံခါ ဧည့်ခန်းနံရံထက်မှ မိခင်၊ ဖခင်တို့၏ပုံတူ ကျောက်မျက်ပန်းချီကားကြီးကို တမေ့တမေ့ ဆွေးရပ်ငေးနေလေ့ရှိသော မမနန်း။

ရံဖန်ရံခါ သူနှင့်အန်ကယ်ကြီးကိုခေါ်ယူကာ စီးပွားရေးကိစ္စလုပ်ငန်း

www.burmeseclassic.com



တိမ်ရွှေ ဖယောင်းတိုင်တစ်ဝက်မှာ မီးတောက်လေးတွေ ခရမ်းပြာရောင် အနည်းငယ် ယင်ကျေးမှု ခလှေထုံးစံ ဘာသာတရားဓလေ့တွေကို ဦးဆောင်ဆွေးနွေးလေ့ရှိသော မမနန်း။

ခေတ်မီသလောက် ယဉ်ကျေးသိမ်မွေ့လှပလွန်းသော မမနန်း ...

သူ့ရဲ့ကျေးဇူးရှင် မမနန်း ...

မမနန်းကိုသတိရမိပါသည်။

ဒီလိုသတိရမိတိုင်း ...

''မောင်ဖြိုးရေ ... မောင်လေး ... ''

ဟု ချိုချိုအေးအေးခေါ်တတ်သော မမနန်း၏အသံလေးကို လွမ်းဆွတ်ကြားယောင်မိတော့သည်။

သတိရလွန်းမကရလာတော့ ဘီယာဘူးခွံတွေ စားပွဲပေါ်ပြည့်သွား၏။ ငါးသုံးလုံးစီးကရက်အတိုတွေ ဆေးလိပ်ပြာခွက်ထဲပြည့်လာ၏။

ဒီတော့လည်း ခေါင်းထဲမှာရီဝေကျော့ခဲလို့လာသည်။

မမနန်းသာရှိရင်တော့ သူဒီလိုအလွန်အကျွံသောက်မိလိမ့်မည်မဟုတ်ပါ။

မမနန်းသည် ဘယ်အရာကိုမှမလုပ်ရဘူး၊ လုပ်ရမယ်ဆိုပြီး By Forceနဲ့ မတားပေမယ့် ...

''လွန်တယ်ကျွံတယ်ဆိုတာ အစွန်းရောက်မှုပဲ ဘယ်လိုမှကောင်းကျိုး၊ အောင်မြင်မှုကိုမဖြစ်နိုင်ဘူး၊ ဒါဟာ ဘယ်သောအခါမှ မမှားယွင်းနိုင်တဲ့ ပကတိအမှန်သဘောတရားပဲ၊ သဒ္ဓါလွန်ရင်လည်းကျွန်ဖြစ်တယ်၊ တဏှာလွန်ရင်လည်း နွံနစ်တယ် တည်ကြည်မှုလွန်ရင်လည်း မိန်းမောတယ်၊ ပျံ့လွင့်မှုလွန်ရင်လည်း သို့လော သို့လောဗျာများရတယ်၊ အချစ်ကြီးရင်လည်း လောဘမီးပူတယ် အမုန်းကြီးရင်လည်း ဒေါသမီး ... ပူတာပဲ''

မမနန်းရဲ့ဆုံးမစကားကိုပြန်ကြားယောင်လိုက်မိသည်နှင့် တစ်ပြိုင်နက်





တည်းမှာ သူသောက်လက်စဘီယာဘူး စားပွဲပေါ်အလိုလိုပြုတ်ကျသွား၏

သူ့ရင်တွေတလှပ်လှပ်တုန်ရင်လာ၏။

သူ့ကို မမနန်း၏တည်ကြည်ငြိမ်းချမ်းသော အကြည့်တွေနဲ့အကြည့်ခံ ရသလိုခံစားရ၏။ သူ့မျက်နှာတစ်ပြင်လုံးတဖြင်းဖြင်းပူနွေးလာ၏။

သူ့နားထဲမှာ တိုးတိုးတွတ်တွတ်လေသံတွေ ကြားနေရသည်။

မြင်ကွင်းတွေကလည်း ဝေတေတေဝါးတားတား လှုပ်ခတ်ရွှပ်တွေ လျှက်ရှိ၏။

''ငါဘီယာမူးသွားတာများလား''

ခေါင်းကိုတဆက်ဆက်ခါထုတ်လိုက်ပေမယ့် အမူးကမပျောက်သ မိုက်ခနဲမိုက်ခနဲ သွေးဆောင့်တိုးလာသည်။

ရှိနေသော ဘီယာဘူးခွံ၊ ဆေးလိပ်ပြာခွက်တို့သည်လည်း ကြွတက်လာလိုက်၊ နိမ့်ဆင်းသွားလိုက် ခက်လှပါကလား ...

မောင်ဖြိုးမျက်စိစုံမှိတ်ချလိုက်သည်။

ခေါင်းထဲမှာ တဒိတ်ဒိတ်၊ တရိပ်ရိပ် ...

နားထဲမှာ တရှပ်ရှပ် တိုးဖွဖွခြေသံကြားလိုက်သလိုခံစားရ၍ မျက်စိဖွင့်ခေါင်းထောင်ကြည့်လိုက်ရာ ...

''ဟင် ... ဘယ်သူလဲ''

အဖြူရောင် အရိပ်တစ်ရိပ် သူ့အနီးမှာရပ်နေ၏။

တစ်ခွန်းတစ်ပါဒမျှ စကားပြန်မပြောဘဲ သူ့ကိုဘာခဏမျှငူးစိုက်ကြည့်နေသည်။

''ဘယ်သူ ... ဟ ... မ ... မနန်း''

သူ့တစ်ကိုယ်လုံး လျှပ်စစ်ရှော့အရိုက်ခံရသလို ဒုန်းခနဲ တုန်လှုပ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မ ဓ နန်း _ ' မ မ နန်း မသေဘူးလား _ မ ဟုတ်ဘူး မမ နန်း သေပြီ ခင်ဗျား ဘယ်သူလဲ ... "

သူ့သွေးရူးသွေးတန်း ဗလုံးဗထွေးအော်မေးလိုက်ပေမယ့် သူ့ရှေ့မှ အဖြူရောင်အရိပ်သည် တုံ့ဏှိဘာဝေတိတ်ဆိတ်နေ၏။

ခပ်ယဲ့ယဲ့အပြုံးတစ်ပွင့်ပြုံးလိုက်ပြီး သူ့ကိုကျောခိုင်းကာအိမ်ထဲသို့ ညင်သင်စွာဝင်သွားသည်။

လူတစ်ယောက်လမ်းလျှောက်သည်နှင့်မတူလောက်အောင်ပင် တိုးသဲ့ ညင်သာလွန်းလှသည်။

"မမနန်း ... ဒါ မမနန်းမှ မမနန်းအစစ် ... "

သူ မပီမသရေရွတ်ရင်း မျက်လုံးတွေကို လက်ခုံနဲ့စုံပွတ်ပြီးကြည့်၏။

သေချာပြီ ဒါမမနန်းပဲ ... မလွဲဘူး မမနန်းမို့ အိမ်ထဲဝင်တာပေါ့။

လေလွင့်မှိုလေးတစ်ပွင့်လို မျော့လွင့်သွားသော မမနန်းသည် မသေခင်တုန်းကထက် ပိုပြီးသိမ်မွေ့သွားသည်။

သေပြီးတဲ့ မမနန်းက ဘာလို့အိမ်ကိုပြန်ရောက်လာတာလဲ ...

မမနန်းဟာ တစ္ဆေမျိုးလား ...

သူ ... မမနန်းကို လူမထင်စွာတွေးမိတော့ လက်ဖျားတွေအေးစက်သွားရ၏။

မမနန်းသေတာ သူကိုယ်တိုင်မြင်တွေ့ခဲ့တာပဲ။ မမနန်းရဲ့ရုပ်ကလာပ်ဟာ ကားမှောက်သေဆုံးသွားတာဆိုပေမယ့် သင်္ဂြိုဟ်ချိန်မှာ ရုပ်ပျက်ဆင်းပျက် မရှိခဲ့ဘူး၊ မသေခင်တုန်းကလိုပဲ အေးအေးလေးပြုံးပြီးနေတဲ့ မျက်နှာကိုသူမမေ့နိုင်စွာမှတ်မိနေသည်။

ဟော ... အခု ... မမနန်းရောက်လာပြီဆိုတော့ ...

သူ ခေါင်းတွေချာချာလည်အောင် တွေးနေမိတဲ့မှာ မမနန်းသည်





ညှော်ခန်းထဲရှိ မမနန်း၏အဖေနဲ့အမေ၏ ပုံတူကျောက်မျက်ဝန်းဓာတ်ပုံကြီး ရှေ့မှာရပ်လျက်ငေးနေသည်။

မမနန်း၏ ကျောပြင်လေး တသိမ့်သိမ့်ခါနေသည်ကို ဟောင်မြင့်ရလျှင်–

"မမနန်း ငိုနေပါလား ... "

မောင်ဖြိုးခြေသံအလုံးဆုံးထားကာ မမနန်းအနီးသို့ မရဲတရဲလျှောက်သွားလိုက်၏။

မမနန်းသည် သူ့ဘက်သို့တစ်ချက်မျှပြန်လှည့်မကြည့်တော့ဘဲ အိပ်ခန်းထဲသို့ဝင်သွားတော့သည်။

သူ မမနန်းနောက်သို့လိုက်သွားသည်။

သူ မမနန်းကိုကြောက်ပါသည်။

သို့ပေမယ့် အိပ်ခန်းထဲဝင်သွားသူသည် မမနန်းမဟုတ်မှာကို ပိုကြောက်သည်။

ထိုထက်မှာမူ မမနန်း၏စည်းစိမ်ပေါ်မှာထိုင်နေပြီး မမနန်း၏တာဝန်တွေပျက်ကွက်ရမှာကိုအကြောက်ဆုံးဖြစ်သည်။ အနည်းဆုံးသေလွန်သူမမနန်း၏စည်းစိမ်တွေကိုထိန်းသိမ်းစောင့်ရှောက်နိုင်သူဖြစ်ချင်သည်။

ထိုအတွေးများနှင့်အတူ သူ့အရှေ့မှာမြင်နေရသည့် မမနန်းနှင့်ချွတ်စွပ်တူနေသောမိန်းမပျိုကိုမျက်ခြေမပြတ် မျက်စိဒေါက်ထောက်ကြည့်နေမိသည်။

မမနန်းနဲ့တူသူဆိုတော့မမနန်းကို လေးစားရင်းစွဲရှိသောမောင်ဖြိုး ဘာတစ်ခွန်းမှမဟန့်တားရဲပါ။

သို့ပေမဲ့စကားပြောချင်စိတ်ကလည်း ရင်ထဲမှာရှုန်းကြွကာ နှုတ်တပြင်ပြင်ဖြစ်နေ၏။

ဆန္ဒနှင့်တွန့်ဆုတ်စိတ်တို့လွန်ဆွဲနေရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"မ မ နန်း"

မောင်ဖြိုးရဲ့ဆန့်တငင်ငင်ခေါ်သံအကြားမှာတော့ မမနန်းကျောပြင်တစ်ချက်တွန့်ကာ ခေါင်းတစ်ချက်ထောင်သွား၏။

ခဏအကြာမှာတော့ ...

မနန်း၏မျက်နှာသည် မောင်ဖြိုးမျက်နှာဆီသို့ ဖြည်းညင်းစွာလှည့်လာသည်။

မျက်နှာသည် သိပ်ချောသိပ်လှသော သူ့မမနန်းမဟုတ်ပါဘဲ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ ပါးစပ်တို့မပါရှိသော မျက်နှာကြီးသည် မထုရသေးသော ကျောင်ကျောက်တုံးကြီးတစ်တုံးလို ပိတ်ပိတ်ပိန်း ...

" ... "

သူကြောက်အားလန့်အားအော်သည်။

အသံကုန်ညှစ်၍အော်လိုက်သည်။

သို့သော် ... အသံကတစ်စိုးတစ်စိမျှမထွက်နိုင်အောင် အသံတွေပျောက်ဆုံးသွားတော့သည်။

မမနန်း၏ခန္ဓာကိုယ်နဲ့ မျက်နှာမရှိသောမျက်နှာကြီးသည် သူ့မျက်နှာအနီးသို့တိုး၍တိုး၍ကပ်လာ၏။

မောင်ဖြိုးမျက်လုံးတွေ မှစ္စန်တစ်ကောင်လိုပြူးကျယ်ထွက်ကာ ...

တစ်ကိုယ်လုံးသွေးခဲသေဆုံးသူလို တောင့်တောင့်ကြီးငြိမ်သက်သွား၏။

အဲဒီနောက်မှာတော့ ချွတ်ပုံလိုက်သောဘောင်းဘီရှည်တစ်ထည်လိုကြမ်းပြင်ပေါ်ခွေခေါက်ပြုတ်ကျလိုသွားတော့သည်။

နားထဲမှာတော့ ...

"မောင်ဖြိုးရေ ... မောင်ဖြိုး ... "





ဆိုတဲ့ခေါ်သံသဲ့သဲ့ကြားလိုက်သည်ထင်၏။

ထိုမှတပါးသူဘာကိုမှ မမြင်မကြားနိုင်တော့အောင် တစ်လောကလုံးမှောင်မိုက်အေးစက်သွားလေပြီ။

"ဟာ ... အဲဒါဆိုမောင်ဖြိုးဘယ်လိုလုပ်သတိရလာတာလဲ၊ ဒါမျိုးက Heart Attack ပဲသေသွားနိုင်တယ်ဗျ"

"ဟုတ်တယ်ကိုလင်းလင်း အဲဒီညကအန်ကယ်ကြီး ဦးသိန်းမောင်သာရောက်မလာခဲ့လို့ကတော့ ကျွန်တော်လည်း မမနန်းနောက်ပါသွားမှာသေချာတယ်"

"ဩော် ... တော်သေးရဲ့ဗျာ ... "

"ဟုတ်တယ်ဗျာ ကျွန်တော်လည်းအဲဒီကတည်းက မမနန်းအဆောင်မှာ မအိပ်ရဲတော့ဘူး"

"ဒါဆိုအဲဒီကတည်းက အဆောင်(၈)ကိုပိတ်ထားခဲ့တာပေါ့"

"မဟုတ်ဘူး အန်ကယ်ကြီးနေသေးတယ်"

"ဟုတ်လား ... အန်ကယ်ကြီးကော တစ္ဆေအခြောက်ခံရသေးလား"

"သူကပုတီးသမားပဲဗျာ့"

"ဩော် ... မခြောက်တော့ဘူးပေါ့"

"ဘာမို့နေမှာလဲဗျာ အခုချိန်အထိနေ့လည်နေခင်း သန့်ရှင်းရေးအလုပ်သမားတွေ သန့်ရှင်းရေးလုပ်ရင်တောင်မသွားရဲတော့ဘဲ ကျွန်တော်ပဲဦးစီးလုပ်ပေးနေရတယ်၊ အဲဒီလောက်ကြောက်သွားတာ"

"ဟုတ်လား ... ဘယ်လိုခြောက်လို့လဲ"

"ဒီလိုဗျ"

ထိုစဉ်အန်ကယ်ကြီးအသံကြားလိုက်ရ၏။

"မောင်ဖြိုးရေ ... မသွားသေးဘူးလား ... "



www.burmeseclassic.com

www.burmeseclassic.com



"တုတ်တုတ်သွားတော့မယ် အန်ကယ်ကြီး … "

အန်တယ်ကြီးကိုပြန်လည်အသံပြုပြီး …

"နောက်တော့ပြောပြမယ် အနုဘဏ်သွားရဦးမှာမို့ဗျ"

တုပြောလျက်သူ့ကို နှုတ်ဆက်ကာမောင်ဖြိုး ထွက်ခွာသွားတော့သည်။



အခန်း (၄)

## တစ်ကျော့ပြန်ပီညာဉ်ပျို

## RETURN OF PERI

ရတနာရှိရာရတနာစု … ဆိုသော အဆိုမှန်သည်ထင်၏။

ကျောက်မျက်အချောထည် လုပ်ငန်းနှင့်အရောင်းပြခန်းဖွင့်ဖို့ ရည်ရွယ်ချက်နဲ့ရန်ကုန်ဆင်းလာသော လင်းလင်းစိတ်တိုင်းကျ ငှားရမ်းနေထိုင်သော ဤစံပယ်ခြံအဆောင်သည်လည်း ကျောက်တွင်းသူဌေးတစ်ဦး၏သမီး ပိုင်ဆိုင်သတဲ့လေ …

အဆောင်ဟုဆိုသော်လည်း ဟိုတယ်နှင့်မခြားပါ။

အထူးသဖြင့် သူနေထိုင်သော အဆောင်(၈) သည် ခေတ်မီစွာ တည်ဆောက်ထား၏။ နောက်ဆုံးပေါ် Modern Furniture တွေနဲ့ခင်းကျင်းထားသော အဆောင်ပတ်ပတ်လည်မှာ လတ်ဆတ်မွှေးပျံ့သော ဖွေးဖွေးလှုပ်ပွင့်စံပယ်[illegible] စိတ်နှစ်လုံးကြည်နူးစရာ။

ဆိုရလျှင် ထိုမျှမကပေ။

ကျောက်မျက်ကျွမ်းကျင်သူမို့ ကျောက်မျက်တန်ဘိုးကို ထင်[illegible] နားလည်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအဆောင်(၈) Dining Roomနံရံမှာ ရှိနေသော Water Fall ထ

အောက်ခံကျောက်စိမ်းတုံးများ ...

Sitting Room နံရံထက်မှ မနန်းကြာဝှံ၏ မိဘနှစ်ပါးပုံတူ ကျောက်မျက်

ပန်းချီကား ... ။

Bed Room ထဲမှလေးဘက်လေးတန် နံရံများဖြစ်သော Black Jade

များ ...

အားလုံးအားလုံးသည် ဆေးသွင်းကျောက်များမဟုတ်။ Artificial ကျောက်များမဟုတ်၊ ချက်ကျောက်များမဟုတ်ပေ။ တွင်းထွက်ကျောက်မျက်ရတနာအစစ်အမှန်များသာဖြစ်သည်။

ပြောရရင် ဒီအိမ်ပိုင်ရှင်မနန်းကြာဝှံသည် ဘီလီယံကြွယ်သူဌေး Mega Boss ဆိုတာ မလွဲမသွေသေချာလှပါသည်။

ဘီလီယံနာတိုင်းပင်လျှင် ဒီလိုအိမ်မျိုးနဲ့နေကြမည်မထင်။

ခန့်မှန်းတွက်ဆ၍မရသော တန်ဘိုးဖြစ်နေသည်။

ပထမ ဒီစံပယ်ခြံအဆောင်မှာ လင်းလင်းနေခဲ့သည်။ နေချင်လို့လည်း သရဲခြောက်လွန်းသည်ဟုပြောထားသည့်ကြားထဲမှာကို နေဖို့ဆုံးဖြတ်ခဲ့သည်။

ဒုတိယ တန်ဘိုးကြီးရတနာတွေ လက်ညှိုးထိုးမလွဲသော သင်းပျံ့သားနားသော ဒီအဆောင် (၈) ကိုရောက်သည့်အချိန်မှာ ပိုမိုနှစ်သက်ခဲ့ရသည်။

တတိယ _ မြောက်မြားစွာသော ရတနာတို့ရဲ့တန်ဖိုးကြီးမှုကိုသိတော့ နေဖို့မရဲစိတ်ဖြစ်ခဲ့သည်။

နောက်ဆုံးတော့ ... သူ့အပေါ်အယုံလွန်ရဲသော အန်ကယ်ကြီးနှင့် မောင်ဖြိုးတို့ကိုယ်တိုင် ...

“အဲဒီအတွက်တော့ စိတ်မပူနဲ့မောင်ရင် _ မောင်ရင်တို့ကိုမြင်ကတည်းက မဟုတ်မဟပ်လုပ်မယ့်လူမဟုတ်တော့ဘူးဆိုတာ ကျွန်ုပ်သိပါတယ်၊ ပြီးတော့ရတနာဆိုတာ ခိုးယူလို့မရပါဘူး။ ထိုက်တန်သူဆီအလိုအလျောက် ရောက်လာလေ့ရှိပါတယ်၊ အဲဒါကြောင့် မောင်ရင်တို့စိတ်ဖြောင့်ဖြောင့်နေကြဖို့ အန်ကယ်ကြီး ပြောပါရစေ၊ နေဖို့ထိုက်လို့နေရတယ်လို့သာ သတ်မှတ်လိုက်ပါတော့ကွာ”





ဒီအဆောင်(၈) လေးနဲ့ပတ်သက်သမျှပြန်တွေးရင်း လင်းလင်းစိတ်ထဲမှာကျေနပ်နှစ်သက်နေမိသည်။

ပီတိအဟုန်နဲ့ခြံထဲဆင်းလျှောက်လိုက်၏။

အဆောင်ဝရံတာမီးရောင် ကောင်းကင်မှလပြည့်လရောင် ထိုအလင်းရောင်နှစ်မျိုးစလုံး ထိုးကျလင်းလက်နေသော စံပယ်ခင်းလေးသည် အေးချမ်းသလောက်သင်းပျံ့၏။

စံပယ်တစ်ရုံပြီးတစ်ရုံကို ဝေးမဝနိုင်စွာဝေးရင်းက စံပယ်ရုံတွေ ပိုမိုသိပ်သည်းထူထပ်လာသည်။

ဘယ်ဘက်စံပယ်ရုံတန်းနှင့် ညာဘက်စံပယ်ရုံတန်းကြားမှလမ်းသည် ကျဉ်းသထက်ကျဉ်းလာသည်။

ထိုလမ်းကျဉ်လေးသည် ကြောင်လိမ်သဏ္ဍာန်ကွေးကောက်လာရာမှ တဖြည်းဖြည်းနဲ့ဝက်ပါဆန်လာသည်။ လမ်းခွဲလေးတွေကများလာ၏။ စိတ်ကူးရရာလမ်းကိုရွေးလျှောက်ခဲ့၏။

အဆောင်ရှိရာသို့ပြန်ချင်ပေမယ့် လမ်းကအဆောင်လေးနဲ့ဝေးရာသို့ တစ်စတစ်စတွန်းပို့နေသလိုခံစားနေရသည်။ ဘယ်လိုမှ အဆောင်လေးဆီသို့ မရောက်နိုင်ပါ။

ဒီအတိုင်းဆက်လျှောက်နေလို့ကတော့ မဖြစ်တော့ဘူးဟု စိတ်ဆုံးဖြတ်ကာ လာလမ်းအတိုင်းနောက်ကြောင်းပြန်လှည့်လိုက်၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



အမြဲနှင့်လမ်းကြောင်းရောက်ကာမှ လမ်းခွဲတွေကပိုများပြားလာသည်ထင်၏။ လမ်းခွဲအားလုံးသည် ဆင်တူရိုးမှားလေးတွေချည်းဖြစ်သည်။ လမ်းမှန် ရောက်နိုင်သေချာသော လမ်းများရောက်နိုင်ချေက ရာခိုင်နှုန်းပိုများ၏။ စံပယ်ဝက်ပါသည် လုံးလောက်သေချာနေသည်။

သူ စိတ်မရှည်တော့ပေ။ စံပယ်ရုံတွေကိုနင်းပြီးအဆောင်လေးဆီကို ဖြတ်ရန်စိတ်ကူးလိုက်မိသည်။

ဒါပေမယ့် လှုပ်လှုပ်ထပွင့်နေသော စံပယ်ဖြူဖြူလေးများနှင့် ခတ်လက်စိမ်းနိုသော စံပယ်ပင်လေးများသူ့ကြောင့် နာကျင်သွားမှာကိုမလိုလားပေ။ ဒီတော့လည်း လမ်းမှန်ကိုသာတွေ့အောင်ရှာရန်ဆုံးဖြတ်လိုက်သည်။

ထိုစဉ် ‑ သူ့နောက်ကျောဘက်မှ လှောင်ထေ့ထေ့အသံချိုချိုလေး ကိုကြားလိုက်ရ၏။

''စံပယ်ဝက်ပါက ဝက်ပါကိုးမျိုးပေါင်းစပ်တည်ဆောက်ထားတာ ဉာဏ်နည်းတဲ့လူအဖို့ ဘယ်လိုမှ လမ်းမှန်မရောက်နိုင်ဘူး၊ ဒီတော့ ... ပညာရှိကိုပဲရှင်ဆည်းကပ်ရလိမ့်မယ် မဟုတ်ရင် မနက်လင်းသွားရင်တောင် ရှင့်အဆောင်ရှင်ပြန်ရောက်မှာမဟုတ်ဘူး''

ကြားဖူးသလိုလိုအသံရုတ်တရက်ကြားလိုက်ရသည်။ ထင်မှတ်မထားသည်မို့ လင်းလင်းအလန့်တကြားကြည့်လိုက်သောအခါ လင်းလင်းပါးစပ်အဟောင်းသားပွင့်အံ့အားသင့်သွားတော့သည်။

နှုတ်မှလည်း မပီမသစကားလုံးတွေထွက်ကျလို့လာ၏။

''မင်း ... မင်း ... ''

'' ... ''

ကောင်မလေးက အလှဆုံးပြုံးယှဲ့ယှဲ့လေးပြုံးလျက် သူ့ကို မခိုးမခန့်ကြည့်နေ၏။





''မင်း ‑ နှင်းလူ ‑ ရွှေလီမြစ်ထဲမှာတွေ့ခဲ့တဲ့နှင်း ‑ နှင်းလူမဟုတ်လား ... ''

''ရှင်မှားနေပြီ''

''မဟုတ်ဘူးလား ဟုတ်ပါတယ်၊ ငါမမှားပါဘူး မင်းမျက်နှာကိုတစ်ခါတည်းပဲတွေ့ဖူးပေမယ့် မမှားနိုင်တာသေချာတယ်၊ ကျွန်တော်ကြားရှိရင်ခွဲ ၂၃ ပွင့်တိမ်းစောင်းရာကနေပြီး ပြောင်းပြန် ၁၅၆ ဒီဂရီ တိမ်းစောင်းပြီးလည်ဦးတော့ မင်းကိုငါ အလွတ်ရနေတယ်နှင်းလူ''

''ဟင်း ဟင်း ဟင်း ‑ မှားတယ်၊ မှားတာပေါ့၊ နှင်းပွင့်တွေကြားထဲမှာတွေ့တုန်းက နှင်းလူဖြစ်ခဲ့ပေမယ့်၊ စံပယ်ပွင့်တွေကြားမှာအခုတွေ့နေပြီဆိုတော့ စံပယ်လူပေါ့ဟုတ်ဖူးလား''

''ဟား ... ဝမ်းသာလိုက်တာနှင်းလူရာ၊ ငါ ဒီတစ်သက်မင်းကို ပြန်မတွေ့ရတော့ဘူး အောက်မေ့ပြီးအရမ်းကိုကြေကွဲနေမိတာကွ ‑ ''

''နှင်းလူမဟုတ်ပါဘူးဆို ... ''

''မင်းဟာမင်း နှင်းလူပဲဖြစ်ဖြစ်၊ စံပယ်လူပဲဖြစ်ဖြစ် မင်းဟာငါ့ရင်ထဲမှာစွဲထင်နေတယ်တဲ့မိန်းကလေးပဲ ဂျက်(စ်)''

''ဘာလဲ ဂျက်(စ်)ဆိုတာ''

''ဂျက်ဆီကာအယ်လ်ဘာလေကွာ ... မင်းကိုယ်ကိုမင်းမှန်ထဲမကြည့်ဖူးဘူးလား''

''ရှင်ကတော့နော် ... ကျွန်မနာမည်အမျိုးမျိုးပေးနေတော့တာပဲ ဒါပေမယ့် ရှင်သိအောင်ပြောပြထားရဦးမယ် ကျွန်မကိုဟုတ်ပဲဖြစ်ဖြစ်၊ နက်ခေါ်ခေါ် ဖြစ်ဖြစ် တောကျော်ပဲဖြစ်ဖြစ်ကြိုက်သလိုခေါ်ပါ၊ ရုပ်ရှင်မင်းသမီးတွေနဲ့တော့ မနှိုင်းပါနဲ့ရှင်၊ ကျွန်မစိတ်က တိမ်းလွယ် ယိမ်းလွယ်တဲ့စိတ်မျိုးမဟုတ်ဘူး ကျွန်မစိတ်က တစ်ယောက်ဆိုတစ်ယောက်တည်းကိုပဲ ရင်ခုန်မြတ်နိုးတတ်သည်''



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောပုံအရဆိုရင် မင်းရင်ထဲမှာတစ်ယောက်ယောက်ရှိနေသလိုပဲ"

"ရှိတာပေါ့ရှင်"

"တာဗျာ သွားပြီ"

"ဘာဖြစ်လို့လဲရှင့် အလန့်တကြား"

"မင်းရင်ထဲကတစ်ယောက်ဆိုတာ ကိုယ်ဖြစ်နိုင်ဖို့ ဖြစ်နိုင်ချေ နည်းလွန်းလို့ပါ"

"ရှင် ကျွန်မနဲ့ဆုံတာ နှစ်ကြိမ်ပဲရှိသေးတာပဲ ... ထားပါရှင် အခု ရှင်အဆောင်ကိုမပြန်တတ်ဘူး မဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ကျွန်မနောက်ကလိုက်ခဲ့"

ပြောပြီးကောင်မလေးသည် သူ့ဘေးမှပွတ်ခါသီကာလေး တိမ်းလျက် ပြောသည်။

"ဒါထက် နေပါဦး မင်းလူကောဟုတ်ရဲ့လား။ ရွှေလီမြစ်ထဲမှာတုန်းက လည်း တရွှေ့လိုရောက်လာပြီး တရွှေ့လိုပျောက်သွားတယ်၊ အခုလည်းနောက်က နေ တိတ်တိတ်လေးရောက်လာတယ်"

"..."

ကောင်မလေးက သူ့ကိုစကားပြန်မပြောဘဲ အလှဆုံးပြုံး၍သာကြည့် နေ၏။

"ဒီအဆောင်မှာပဲနေတာလား"

"..."

ကောင်မလေးက ပြုံးမြဲပြုံးနေ၏။

"ငါ ဒီအဆောင်ကိုရောက်တာတစ်ပတ်ရှိပြီ မင်းကို တစ်ခါမှမတွေ့ဖူး ခဲ့ပါဘူး"





"..."

ကောင်မလေးအပြုံးက ပိုရှိလင်းလက်လာ၏။

"ဘာလဲ ပြုံးပဲပြုံးနေတော့မှာလား၊ စကားမပြောတော့ဘူးလား"

သူခပ်အောင့်အောင့်လေးဆိုလိုက်မှ ကောင်မလေးမျက်နှာတည် သွားကာ ...

"ရှင် Three Questions ပုံပြင်ကိုမဖတ်ဖူးဘူးထင်တယ်၊ ဒီအချိန်မှာ ရှင့်အတွက်အရေးကြီးဆုံးက ဘာလဲ၊ ရှင့်အဆောင်ပြန်ရောက်ဖို့ဆိုတာကို မသိဘူးလား၊ ဒီတော့ ရှင်ဘာမှမမေးနဲ့တော့ ... ကျွန်မနောက်ကနေပဲလိုက် ခဲ့တော့"

သူ့ရင်ထဲကို ဖွဲငြိမ်လှုပ်ခတ်စေသော ကောင်မလေးသည် သူ့အကြည့် တွေနှင့် သူ့ခြေလှမ်းတွေကိုဆွဲယူခေါ်ဆောင်သွားတော့သည်။

သူသည် စိတ်ညို့ခံရသူတစ်ယောက်လို ကောင်မလေးနောက်မှ ကောက်ကောက်ပါအောင်လိုက်ပါလာခဲ့မိသည်။

သူ့အတွက် စဉ်းစားမရလောက်အောင် ရှုပ်ထွေးသောဝက်ပါလမ်းသည် ကောင်မလေးအဖို့တော့ သွားရိုးသွားစဉ် ဖုံးနေသောလမ်းအလား တွန့်ဆုတ် တုံ့ဆိုင်းခြင်းကင်းစွာသွားနေသည်။ ဟိုကွေ့လိုက်သည်ချိုးလိုက်နှင့် စံပယ်ရုံတွေ ကြားမှာ လိပ်ပြာမလေးလို တလွင့်လွင့်တဝေ့ဝေ့ ...

လင်းလင်းကတော့ ဘာမှကိုမစဉ်းစားနိုင်တော့ပေ။ ကောင်မလေး၏ ကျော့ရှင်းသော ဟန်ပန်၊ ပျော့နွဲ့သောဆံရှုယ်တို့ကိုသာ ငေးမောရင်းခြေနှဲ မြေထိလို့ထိမှန်းကိုမသိအောင်ကြည်နူးနေခဲ့မိ၏။

သူ့ကြည်နူးမှုလေးကြာရှည်မခံပါ။

"ကဲ ... ရှင့်ကိုအိမ်တိုင်ရာရောက်လိုက်ပို့ပြီးပြီ၊ ကျွန်မကို ချစ်ပြုံးပါ ဦး"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး စကားအဓိပ္ပါယ်ကိုသိတော့ သူ့ရင်ထဲ လှမ်းသွားသည်။

ကောင်မလေးက ပြန်တော့မယ်ဆိုတဲ့သဘောဖြစ်နေသည်။

သူကောင်မလေးကို မပြန်စေချင်သေးပါ၊ ကောင်မလေး၏မျက်နှာကို ကြည့်နေချင်သေးသည်။ ကောင်မလေး၏စကားသံချိုချို အေးအေးလေးကိုကြားချင်နေသေးသည်။ ကောင်လေး၏မျက်ဝန်းရိပ်လေးတွေထဲမှ လျှို့ဝှက်တတ်သော ထူးထူးဆန်းဆန်းကောင်မလေးရဲ့ စိတ်အရိပ်ကိုတွေကို ဘာသာပြန်ချင်နေမိသည်။ ကောင်မလေးကို သူစကားတွေအများကြီးပြောချင်သေးသည်။ အနိုက်အတန့်တဒင်္ဂနှစ်ကြိမ်ဆုံတွေ့ခဲ့ခြင်းဖြစ်သော်လည်း သူကောင်မလေးကို ရင်ထဲက နက်နက်ရှိုင်းရှိုင်းချစ်မိသွားကြောင်း ကောင်မလေးလက်ခံနိုင်သည်အထိပြောချင်သေးသည်။

"မင်း ... မပြန်ပါနဲ့ဦး။ ဟို တစ်ခုခုသောက်ပါလား။ အပူလား အအေးလား"

"မသောက်တော့ပါဘူး နောက်မှပဲနော် ... သွားတော့မယ်ရှင်"

ကောင်မလေးလှည့်ထွက်သွားသည်။ သူ့ရင်ထဲမှာ လှစ်ခနဲလစ်ဟာသွားသည်။ ရင်တွေပူ အာခေါင်တွေခြောက်လို့ပေါ့။

"မင်း ... မင်းနဲ့ငါ မနက်ဖြန်တွေ့လို့ရမလား ... ဟင် မင်း ဘယ်အဆောင်မှာနေတာလဲ ကောင်မလေး"

"မနက်ဖြန်ဆိုတာတော့မသေချာဘူး။ ဒါပေမယ့် ရှင်စိတ်မပူပါနဲ့ရှင် ကျွန်မတွေ့ဦးမှာပါ၊ အခုလည်း ရှင်နဲ့အနီးဆုံးမှာနေနေတာပါပဲ တာ့တာ "

သူ တားဆီးချိန်မရလိုက်ခင်မှာ ကောင်မလေးစံပယ်ရုံတွေကြားထဲ မြွေဖြူမလေးလိုကွေ့ဝိုက်ကာတိုးဝင်သွား၏။ သူ့ကိုလက်တပြပြနှင့် ပြေးသွားသည်။





"ဟင် ... ဟေး ... ဟေး"

အော်ဟစ်ရင်း သူမျက်လုံးပြူးပြူးရှာပေမယ့် ကောင်မလေးပျောက်သွားသည်။ ကြည့်နေရင်းနဲ့ကိုပျောက်သွားပါ၏။

သူ့ရင်တစ်ပြင်လုံး အံ့သြမှုတွေဖြင့် မောက်ပြီးလှုပ်ခါကျန်ခဲ့ပါတော့သည်။ ထူးဆန်းပါပေ့ချစ်သူရယ် ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## ကျောက်စိမ်းရုပ်တုဖြစ်သွားသောကောင်မလေး

## SHE BECOMES TO JADE STATUE

SHOW ROOM & SALE CENTER ဖွင့်ဖို့စိတ်တိုင်းကျသော ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဆိုင်ခန်းဖွင့်ပွဲကိစ္စ ဆောင်ရွက်ပြီးစီးချိန်မှာတော့ လင်းလင်းအရမ်းကိုပင်ပန်းနေသည်။

ပြည်တွင်းပြည်ပကျောက်မျက်ကျွမ်းကျင်ပညာရှင်များ ပြင်သစ်နှင့် တရုတ်မှ မေဖေ့မိတ်ဆွေဟောင်း၊ Customers များကို Dinner ပေးခဲ့ပြီ။

လုပ်ငန်းနဲ့ပတ်သတ်လို့တတ်ကြွသော်ငြားလည်း အပြုံးတုတွေကြား ထဲမှာ သူတစ်နေကုန်နွမ်းနယ်ခဲ့ရ၏။ ညှော်သည်တွေ နှုတ်ဆက်ထွက်ခွာသွား သည်အထိ သူ့စိတ်တွေရှုပ်ထွေးမြူရှုပ်ထွေးနေတော့သည်။

ခေါင်းထဲမှာတင်းမာလွန်းသော ခံစားချက် Tension တွေပြေလျော့ ဖို့ အရက်ဖန်ခွက်ဆီလက်အလှမ်း ...

သင်းပျံ့သော စံပယ်ကိုယ်သင်းနံ့နှင့်အတူ အဖြူရောင်အရိပ်လေး တစ်ခု မျက်ဝန်းထောင့်မှာရိပ်ခနဲတွေ့လိုက်၏။

မဖြစ်နိုင်။





သူ ... ဇဝေဇဝါနဲ့လှမ်းကြည့်လိုက်ချေ။

"ဟာ ... ဂျက်(စ်) ... အဲ ... နှင်းလူ ... စံပယ်ရှ ... ကောင်မလေး ကောင်မလေး ... မင်း ... ငါ့ဆီရောက်လာပြန်ပြီ လား ... "

လင်းလင်းအာလေးလျှာလေးနဲ့ ဝမ်းမြောက်ဝမ်းသာခေါ်သံတွေက ကသောင်းကနင်းဖြစ်နေသည်။

''မဖြစ်နိုင်သေးပါဘူး ဒီအရောင်းပြခန်းလေးထဲမှာ ငါရယ် ငါ့ရဲ့ကျောက် မျက်ပန်းပုတွေရယ် ကျောက်မျက်အကြမ်းထည်တွေရယ် အရိုင်းတုံးတွေရယ်ပဲ ရှိတယ်၊ မင်းရောက်လာတာမဖြစ်နိုင်ဘူး၊ ငါမူးသွားတာပါ ကောင်မလေးရာ၊ မင်းကိုမူးအောင် သတိရနေတဲ့ကောင်မလေးရေ ... တကယ်တော့ မင်းရောက်လာတာမဖြစ်နိုင်မှန်း ငါသိသင့်ပါတယ် ငါမင်းကိုစွဲနေလို့ မြင်မိတာပါကွာ''

လင်းလင်းသည် ခေါင်းငိုက်စိုက်ကျလိုက် ခေါင်းကိုပင်ပန်းကြီးစွာ ထူရင်းပြောလိုက်နဲ့ အရက်တွေတစ်ခွက်ပြီးတစ်ခွက် ထပ်၍ထပ်၍မော့ချလိုက် သည်။

ပြီးတော့ လေးပင်ပိကျနေသော မျက်ခွံတွေကို ဖွတ်အတင်းပင်ဖွင့် လျက် ကောင်မလေးဆီ နောက်တစ်ကြိမ်ပြန်ကြည့်၏။

''မင်း _ မင်း ရှိနေသေးတယ် ဟုတ်လားကောင်မလေး၊ မဟုတ်ဘူး မှားနေပြီ ဒီအခန်းထဲမှာငါတစ်ယောက်တည်းရှိတာကွ၊ အရက်ငှဲ့ပေးမယ့် စားပွဲထိုးမယ်လည်းမရှိဘူး၊ မင်းလည်းမရှိဘူး ... ငါ့ဘဝ ဘယ်တုန်းကမှ ချစ်သူမရှိခဲ့လို့ ချစ်သူရောက်လာတာလည်းမဟုတ်ဘူး၊ ငါမြင်နေရတာလည်း မင်းမဟုတ်ဘူး၊ ငါ့ကိုပြုစုကျွေးမွေးသပ်ပေးမယ့် ငါ့မေမေလည်း မန္တလေးမှာပဲ ကိုယ်ပိုင်လေယာဉ်နဲ့ လာမယ်ဆိုရင်တောင် မရောက်နိုင်သေးဘူး၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်လောက်ကမှ မေမေနဲ့ငါဖုန်းပြောခဲ့တယ်၊ မေမေလည်းမဖြစ်နိုင်ဘူး၊ မင်းရောက်လာတယ်ဆိုတာ ပိုပြီးမဖြစ်နိုင်သေးတယ်၊ ငါ့ကိုငါ့အဆောင်ပြန်ပို့မယ့် ငါ့အလုပ်သမားတွေလည်း ငါမခေါ်မချင်းအခန်းပြင်ကစောင့်နေမှာ ငါပြောတာ ရှင်းလား ဒီကောင်တွေကလည်း ငါ့ခွင့်ပြုချက်မပါဘဲ မင်းလိုလူစိမ်းတစ်ယောက်ကိုအခန်းထဲပို့လိုက်မှာမဟုတ်ဘူး၊ ဒီတော့ _ သွားပါတော့ကောင်မလေးရာ၊ မင်းထွက်သွားပါတော့ ငါ့ကိုမနှိပ်စက်ပါနဲ့တော့ ... ငါ့အတွေးအာရုံထဲကနေ ထွက်သွားပါတော့ချစ်သူရာ ငါထပ်ပြီးမရူးသွပ်ပါရစေနဲ့နော်၊ ဒီတော့ မင်းကို ဒေါ့ဖို့နောက်တစ်ခွက်''

လင်းလင်းတစ်ယောက်မူးမူးရူးရူး ဦးနှောက်နှင့်ဆုံးဖြတ်ကာ မူးမူးရူးရူး လေသံနဲ့ပြောရင်း အရက်ဖန်ခွက်ဆီ မူးမူးရူးရူးလက်လှမ်းလိုက်ပြန်၏။

သို့သော် သူ့လက်ကအရက်ခွက်ကို မထိမိနိုင်ပါပေ။

အရက်ခွက်ကိုဖမ်းဆုပ်လိုက်ပေမယ့် သူ့လက်ကလေးကိုသာ ဖမ်းဆုပ်မိသည်။ အရက်ခွက်ကမူ သူ့လက်နဲ့ဝေးရာသို့ရွေ့သွား၏။ တစ်စုံတစ်ယောက် ဆွဲယူလိုက်ဟန်တူသည့်အလား _ ရွေ့သွား၏။

''ဘယ်သူလဲကွ _ ငါ့အရက်ခွက်ကိုဆွဲတာ ဘယ်သူလဲကွ''

လင်းလင်း ကမူးရူးထိုးအော်... ်အရက်ဖန်ခွက်ဆီကြည့်၏။

ဟုတ်သည် အရက်ဖန်ခွက်ကို... ထားသော လက်တစ်ဖက်ကိုတွေ့ရသည်။

သူ့မျက်ဝန်းတွေ အရက်ခွက်ဆီမှ အရက်ခွက်ကိုင်လက်ကိုကြည့်၏။ ပြီးတော့ _ အရက်ခွက်ကိုင်လိုက်သူ၏ မျက်နှာကိုမော့ကြည့်လိုက်သော အခါ ...

''ဟာ ... မင်း ... မင်းတကယ်ပဲ ငါ့ဆီရောက်လာပြီပေါ့ ... ဟုတ်လား ကောင်မလေး _ မင်းရောက်လာတာသေချာပါတယ်နော်''





''ရှင် ဆက်မသောက်ပါနဲ့တော့၊ အရက်မူးလွန်ပြီးသေသွားအောင်ကို ကျွန်မ မလိုလားဘူး''

''မင်းကို လွမ်းလို့''

''အဓိပ္ပါယ်မရှိလိုက်တာရှင် ... ဒီလိုပျော့ညံ့လွန်းတဲ့စိတ်မျိုးနဲ့ ရှင် အလုပ်ကိုဘယ်လိုအောင်မြင်အောင်လုပ်မလဲ''

ကောင်မလေး၏ နွေးနွေးထွေးထွေး ကရုဏာသံလေးကြောင့် အမူး ဒီဂရီ ထက်ဝက်အောက်လောက်လျော့ကျသွား၏။

သူလိုချင် ကြားချင် ရယူချင်သည်က ကောင်မလေးလိုမျိုး အရင်းခံ စေတနာနဲ့ အလိုက်ကင်းမေတ္တာတရားမျိုးဖြစ်၏။ သူတွေ့ခဲ့ ကြားခဲ့ ဆက်ခံခဲ့သော သူများမှာ အချို့ကစက်ရုပ်ဆန်သည်။ အချို့က ဒီဂျစ်တယ်ချိန်ခွင်ဆန်သည်။ အချို့ကဖြတ်ထားသော ကျောက်စိမ်းရဲ့မျက်နှာပြင်လို ပြောင်တင်းစိမ်းသက်၊ အေးစက်စက်များဖြစ်သည်။ အချို့က အပင်မျက်နှာပန်းပွင့်လှသော်လည်း အတွင်းမှာ အနှစ်မဲ့သောအရိုင်းတုံးများနှင့်တူသည်။ မေတ္တာတရား၊ ကရုဏာ တရား၊ မုဒိတာတရား၊ ဥပေက္ခာတရား တည်းဟူသော ဗြဟ္မာစိုတရားလေးပါးကို မြတ်နိုးတန်ဖိုးထားသော သူ့အဖို့တော့ ထိုသို့သော လုပ်ငန်းနဲ့ပတ်သက်သူများ၏ မျက်နှာထက်မှအပြုံးပန်းများသည် ပူလောင်လှ၏။ ငရဲပန်းလိုပူလောင်လွန်း လှ၏။

လူကိုမြင်တိုင်း ကျောက်တစ်ပွင့်ကိုကြည့်သလို တန်ဘိုးချင့်တတ်သော ထိုလူများကို ကြောက်သည်။

ဖေဖေ မဖြစ်မနေတာဝန်ပေးလို့သာလုပ်နေရပေမယ့် သူ့စိတ်နဲ့တော့ ဖြောင့်တန်းစွာဆန့်ကျင်နေပါသည်။

''ငါအရက်မကြိုက်ပါဘူး ကောင်မလေးရာ''

''မကြိုက်တာတောင် ဒီလောက်သောက်နေရသလား''



www.burmeseclassic.com

www.burmeseclassic.com



"ငါခံစားရလို့ပါ"

"ဘာခံစားရတာလဲ ... ပြော ... ကျွန်မရှင်းပေးမယ်"

"လူတွေနဲ့ပတ်သက်လို့ခံစားရတာပါ၊ အထူးသဖြင့်တော့ကွာ ငါ့အလုပ်နဲ့ ဆက်နွယ်ပတ်သက်နေရတဲ့လူတွေ အားလုံးနဲ့ ပတ်သက်ပြီး ခံစားနေရတယ်"

"အဲဒီလူတွေက ရှင့်ကိုပြဿနာရှာလို့လား"

ကောင်မလေးပုံစံက သူနဲ့ပတ်သက်ရင် ရှေ့ကနေအသေခံရဲတဲ့ ကိုယ်ရံတော်ကောင်းတစ်ယောက်လို ရဲဝံ့နေပုံလေး ... လင်းလင်းရင်ထဲမှာ အေးခနဲကြည်နူးသွားမိသည်။

"သူတို့မျက်လုံးတွေက မင်းတို့ငါတို့မျက်လုံးတွေလို မဖြူကြဘူးကွာ"

"ကဲပါရှင် ... စိတ်လျှော့လိုက်ပါ၊ ဒါမျိုးကဖြစ်တတ်ပါတယ်၊ ရှင်လုပ်ငန်းနဲ့ပတ်သက်လို့ အခုမှတာဝန်ယူထိတွေ့ရတာဆိုတော့ လုပ်ငန်းထဲက လူတွေနဲ့ အသားမကျသေးလို့ပါ"

"ဟင့်အင်း ... ငါအသားမကျပါရစေနဲ့ ... မင်းပြောသလိုဆိုရင် မကြာခင်မှာငါ့မျက်လုံးတွေကလည်း သူတို့မျက်လုံးတွေလို အရောင်ပုပ်ပုပ်တွေ ထွက်လာမယ်ဆိုတဲ့သဘောလား မဖြစ်ဘူး။ ဒါဆိုရင်တော့ ဖေဖေ့အလုပ်တွေကို ဖေဖေ့ဆီပဲပြန်အပ်လိုက်တော့မယ်ကွာ၊ နောက်ဘဝငါဘာဖြစ်မယ်ဆိုတာမသိရဘူး။ ဒီဘဝလူဖြစ်တဲ့အခိုက်အတန့်လေးမှာတော့ ငါဒေါသတရားနဲ့ဝေးချင်တယ်၊ လောဘအပူတွေနည်းချင်တယ်၊ သောကဗျာပါဒတွေပေ့ါချင်တယ်၊ ကောက်ကျစ်မိုက်ရိုင်းမှုတွေကင်းချင်တယ်ကွာ၊ အခု ငါဟာ အဲဒီငါသိပ်ကြောက်တဲ့အန္တရာယ်တောထဲတိုးနေမိတယ်လို့ ခံစားရတယ် ကောင်မလေးရယ် _ ငါအေးချမ်းချင်တာပါ၊ ငါနဲ့ထိစပ်နေသူတွေ အေးချမ်းစေချင်တာပါ၊ မင်းကူညီနိုင်ရင် ငါ့ကို ဒီအပူတောထဲကနေ ဆွဲထုတ်ပေးပါလားကွာ၊ မင်းလိုပဲ ငါထာဝရဖြူစင်ငြိမ်းချမ်း





ချင်တယ်ကွာ"

သူသည် ကောင်မလေး၏လက်ခုံလေးကို နှုတ်ခမ်းနှင့်ထိကပ်ကာ ခိုင်ခိုင်မာမာ ပွေ့ဖက်နေမိတော့သည်။

ဒီနေရာမှာ မေမေသာဆိုရင်တော့ သူ့ကျောပြင်လေးကိုသပ်ကာချော့ မော့မည်။

"အင်း _ ငါ့သားလေးသိပ်ကိုစင်ကြယ်တာကိုး၊ စိတ်ချပါသားရယ် သားမလုပ်ချင်တဲ့အလုပ်တွေ မလုပ်ရဖို့ သားဖေဖေကို မေမေကိုယ်တိုင်ပြော ပေးမယ်နော် ... "

လို့ အထပ်ထပ်ပြောကာချော့မော့မည်။

ခုတော့ သူ ကောင်မလေးအပေါ် အယုံအကြည်လွှန်စွာ ရင်ဖွင့်နေမိသည်။

ကောင်မလေးသည် မိခင်ဒေါ်မြတ်နိုး၏ဝိညာဉ်တွေ ပူးကပ်သွားသည် ထင်၏။ လင်းလင်းကျောပြင်ကိုလက်ဖြင့် တယုတယပွတ်သပ်လျက် _

"ရှင့် စိတ်ထားလေးကအရမ်းဖြူစင်ပါတယ် လင်းလင်းရယ်"

"ဟင် _ ကောင်မလေးက သူ့နာမည်ကိုသိနေပါလား"

ဘယ်လိုလုပ်သိသွားပါလိမ့် _

တစ်ဆောင်တည်းနေသူချင်းဆိုတော့လည်း သိနေတာဖြစ်မည်။ သူမှာသာ ကောင်မလေးရဲ့နာမည်ကိုလည်းမသိသလို၊ ကောင်မလေး၏ အဆောင်ကိုလည်းမသိ။ ဘာမှမသိ။ သူသိနေတာ ကောင်မလေးမျက်ဝန်းတွေထဲမှ အေးချမ်းသိမ်မွေ့မှုနဲ့ မေတ္တာစေတနာတို့၏ အရိပ်အရောင်များသာဖြစ်၏။

ခုကြည့်လေ _ မိခင်နှင့်မခြား ကြင်နာတတ်သောကောင်မလေး၏ နှစ်သိမ့်မှုများထဲမှာ သူသည်သားငယ်တစ်ယောက်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပြောချင်တာကတော့ ရှင့်ဖေဖေဖြစ်စေချင်တဲ့လုပ်ငန်းရှင်တစ်ယောက်ဖြစ်အောင်လုပ်ပါ၊ တဖြည်းဖြည်းရှင် စိတ်ထားတတ်သွားမှာပါ"

"မင်း ... က ... ငါ့အကြောင်းတွေသိထားတယ် ... ဟုတ်လား ကောင်မလေး"

"လောကကြီးထဲမှာ ရှင်မသိသေးတာတွေ အများကြီးရှိပါတယ် ထင်ထင် ... လူဆိုတာ ရပ်ကွက်ထဲမှာနေရင် ရပ်ကွက်နဲ့အံဝင်ခွင်ကျနေတတ်ရတယ်၊ အလုပ်ထဲမှာနေရင် အလုပ်နဲ့သဟဇာတဖြစ်တတ်ရတယ်၊ Flexible ဖြစ်ဖို့ သိပ်ကိုအရေးကြီးတယ်၊ ကျွန်မ ရှင့်ကိုအတတ်နိုင်ဆုံး တတ်နိုင်သရွေ့ ကူညီသွားမှာပါ၊ ဘာလို့လဲဆိုတော့ ရှင့်ရဲ့အဇ္ဈတ္တ (အတွင်းစိတ်)ဟာ ကျွန်မလို ဖြူစင်နေလို့ပါ"

သူ ... ကောင်မလေး၏စကားလုံးများကို နာခံလိုနေမိသည်။ ကောင်မလေးသည် သူ့ကိုလုံးဝဥဿုံလွှမ်းမိုးနိုင်စွမ်းသည်။ ထိုလွှမ်းမိုးမှုကို သူ့ရင်ထဲ နှလုံးထဲကနေ ကျေနပ်စွာလက်ခံနေပါ၏။

"မင်းဟာ ငါ့အကြောင်းတွေကိုလည်းသိထားတယ်၊ ငါ့ခံစားချက်တွေကိုလည်း နားလည်နိုင်တယ်၊ ငါ့ရင်ထဲ အခက်အခဲတွေကိုလည်း ဖြေရှင်းနိုင်မယ်လို့ ငါယုံကြည်တယ် ကောင်မလေးရယ်၊ ဒါပေမယ့် မင်းဟာထိစပ်ဖမ်းဆုပ်လို့ မရနိုင်တဲ့ အငွေ့သဘောဆောင်နေတယ်၊ မင်းကသာငါ့ကိုသိနိုင်ပေမယ့် မင်းကိုကျတော့ ငါသိခွင့်မရခဲ့ဘူး၊ ပြောရရင် မင်းရဲ့နာမည်ဘယ်သူလဲဆိုတဲ့ အသေးအဖွဲကိစ္စလေးကစပြီး ငါသိခွင့်မရခဲ့ဘူး၊ ဒါပေမယ့်ကောင်မလေးရဲ့ အပရိကကိစ္စတွေအကြောင်းအရာတွေထက်စာရင် မင်းရဲ့ဝိညာဉ်ဆန်တဲ့ နှလုံးသားကအရမ်းကိုလှပနေတော့ ငါဘာမှသိခွင့်မရှိလည်းပဲ ကျေနပ်ပါတယ်ကောင်မလေးရယ် တကယ်တော့ မင်းဟာငါ့ရဲ့ Angel လေးတစ်ပါးပါပဲကွာ"

ကောင်မလေးရဲ့လက်နုနုလေးက သူ့ကျောပြင်နှင့်သူ့ဆံနွယ်တွေ





ကြားထဲတို့ခတ်တိုးဝင်ကာ ချော့မြူနေသည်။

"မင်းဟာငါ့ရဲ့ကယ်တင်ရှင်ပဲ ငါတော့သိခွင့်မရှိဘူး"

ကောင်မလေးရဲ့လက်ချောင်းတွေ သူ့မျက်နှာကိုထိတွေ့ချော့မော့နေသည်။

"မင်းဟာငါ့ရဲ့ Pixy (မှင်စာနတ်သမီး)ပါ ငါတော့သိခွင့်မရှိဘူး"

ကောင်မလေးနှာသီးဖျားက သူ့ဦးကင်းဆံစများကိုတို့နမ်းနေ၏။

"မင်းဟာငါ့ရဲ့ Fairy (နတ်)ပဲ ... ငါတော့သိခွင့်မရှိဘူး"

ကောင်မလေးကတင်းကျပ်စွာတိုးဖက်နှစ်သိမ့်၏။

"မင်းဟာငါ့ရဲ့ G0blin (တစ္ဆေ) ပါ ငါတော့သိခွင့်မရှိဘူး"

သူအသက်မရှူနိုင်လောက်အောင်အထိ ကောင်မလေးဖက်ထား၏။

"မင်းဟာ ငါ့ရဲ့အရာအားလုံးပါကွာ ... "

သူနဲ့ကောင်မလေး အကြားအလပ်မရှိ အပြန်အလှန်ဖက်ထားမိတော့သည်။

သူအသက်ထွက်မတက်ကောင်မလေးရဲ့ လက်တွေကမြဲမြံလှ၏။ သူမှုးဝေပျော့ခွေသွား၏။ ကောင်မလေးရဲ့ရင်ခွင်ထဲမှာ သူဟာအရုပ်ကြိုးပြတ်ပျော့ခွေသွား၏။

"လွှတ်တော့ကွာ လွှတ်ပါတော့ ... "

သူ လွှတ်ဖို့ပြောပေမယ့် ကောင်မလေးကမလွှတ်ပါ။

မကြာခင်သေရတော့မည်ထင်သည်။ နောက်ဆုံးအနေနဲ့ ...

"လွှတ်ပါတော့ ... ငါမောလှပြီ ကောင်မလေးရယ် လွှတ်ပါတော့"

ထိုအချိန်မှာ တဝုန်းဝုန်းခြေသံများကြားလိုက်ရသည်။

"ဆရာ ... ဟာ ... လာကြပါဦး ... ကျော်ကျော်ရေ ... ဆရာသတိလစ်သွားတာလားမသိဘူး လာပါဦး"



www.burmeseclassic.com

"ရေလောင်း ရေလောင်း မျက်နှာကိုရေနဲ့လောင်း ... ဆရာ သတိရ ပြီ ဆရာ ... ဆရာ"

သူ့မျက်လုံးအစွင့်ဖွင့်ချင်းမှာ တွေ့လိုက်ရသည်က စိုးရိမ်တကြီးမျက်နှာ တွေ—

"မင်း မင်းတို့ ငါမခေါ်ဘဲနဲ့ဝင်လာတာလား"

"ဟုတ် ဟို အဲ ဆရာ့အော်သံကြားလို့ဝင်လာတာ"

သူ့မှတ်ဉာဏ်ချက်ချင်းလင်းသွား၏။

"သူဘယ်မှာလဲ"

"ဘယ်သူလဲဆရာ"

"ကောင်မလေး ... "

"ဘယ်ကောင်မလေးလဲဆရာ ... "

"ဒီအခန်းထဲဝင်လာတဲ့ကောင်မလေးကို မင်းတို့မတွေ့လိုက်ကြဘူး လား"

"မတွေ့လိုက်ဘူးဆရာ"

"မင်းတို့ဘယ်သွားနေတာလဲ"

"ဆရာပဲဆိုင်ရှေ့က ဘီယာဆိုင်မှာ ဘီယာသွားသောက်ဖို့ဆိုပြီး ပိုက်ဆံထုတ်ပေးခဲ့တာလေ"

"ဩော် ... ဟုတ်သားပဲ ... ဒါဆို ငါနတ်သမီးလေးဘယ်ရောက် သွားပါလိမ့်"

သူစဉ်းစားပေမယ့် စဉ်းစားလို့အဖြေမပေါ်ပေ။

ကောင်လေးတွေက သူ့ကိုဂေါက်သွားကြပြီမှားထင်နေသလားမသိ။ ပေါက်ကရတွေပြော ပေါက်ကရတွေမေးတောကို ပြန်မပြောရဲလို့မပြောပေမယ့် စိတ်ထဲမှာတော့ သံသယဖြစ်နေကြလိမ့်မည်။





"ကဲ ကဲ ငါပြန်မယ်ကျော်ကျော် ကားအသင့်ပြင်ထားလိုက် ဆောင်းမိုး မင်းက ဆိုင်စောင့်နေခဲ့"

"ဟုတ်ကဲ့ ... ဆရာ"

သူတပည့်လေးနှစ်ယောက် ပျာပျာသလဲနဲ့ကားဆီရောက်သွားနှင့်ပြ၏။

သူ ... သူ့ကိုယ်ကိုသူ စိတ်မလုံမလဲနဲ့ အခန်းထဲသို့ဝေ့ဝဲကြည့်မိသော အခါ ...

"ဟင် ... ကောင်မလေး"

အခန်းထောင့်မှာရပ်နေသော ကောင်မလေးဆီသူပြေးသွားလိုက်၏။

သို့သော် ကောင်မလေးသည်လူမဟုတ်။ ကျောက်စိမ်းရုပ်တုလေး ဖြစ်နေသည်။

"ဒီပစ္စည်းက ငါ့ပစ္စည်းမဟုတ်ဘဲနဲ့ဘယ်လိုလုပ်ပြီး ဒီအခန်းထဲ ရောက်နေပါလိမ့်၊ ပြီးတော့ ဘာလို့များ ကောင်မလေးနဲ့ရုပ်ချင်းခွဲမရအောင် တူနေပါလိမ့်"

အတွေးတွေက သူ့ကိုမွှန်းကျပ်သွားစေ၏။

သူ့ရင်သည်လည်း မောပန်းကြီးစွာလှိုက်ခုန်လို့။

"ကောင်မလေးပဲ ကျောက်ရုပ်ဖြစ်သွားတာလား ... ဒါမှမဟုတ် ဒီကျောက်စိမ်းရုပ်တုကပဲ အသက်ဝင်ခဲ့သလားမသိတော့ပါ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)
## သာဓုမခေါ်လိုသောသရဲ
## NO NEED TO ESCHEW EVIL

ရှုပ် ...

ရှုပ် ... ရှုပ် ...

ရှုပ် ...

နားထဲမှာ တိုးဖွဖွခြေသံတွေကြားနေရသည်။ ညကအရက်အလွန်အကျွံသောက်ခဲ့၍ ခေါင်းမထူနိုင်၊ မျက်စိမဖွင့်နိုင်ပါ။ သူအသာအယာမှိန်းနေလိုက်သည်။

ဘယ်သူများဖြစ်မလဲဟုတွေးနေလိုက်၏။ သူ့တပည့်တစ်ယောက်ယောက် ဖြစ်မည်။

ကျော်ကျော်ဖြစ်မည်။ ဒီကောင်က သူ့ကိုသိပ်တွယ်တာတာ။ သူ အမူးလွန်နေ၍ စိတ်မချလို့ မပြန်ဘဲရှိနေတာဖြစ်မည်ထင်၏။ ဘယ်သူလဲဆိုတာ သိချင်ပေမယ့် ဖွင့်ကြည့်ရန်မျက်ခွံတွေ လေးလံလွန်းလှ၏။ ဒါပေမယ့် သူသိနေသည်။ ခြေသံတွေက သူ့ခုတင်ဆီတရွေ့ရွေ့တိုးကပ်လာနေ၏။ အခါတိုင်းလို ခြေသံမကြမ်းတမ်းပါ။





သူ့ ခုတင်အနီးမှာရပ်လိုက်သည်။

သူ့လက်ကောက်ဝတ်ကိုသွေးတိုးစမ်း၏။

သူ့နဖူးကိုလက်ဝါးနှင့်အုပ်ကာ Temperature စမ်းသည်။

ပြီးတော့ နဖူးပြင်မှာ အေးခနဲအထိအတွေ့လေးခံစားလိုက်ရ၏။

ဒါ ရေတာဘတ်တင်ပေးနေတာပဲဟုသိသည်။

"တော်တော်သိတတ်တဲ့တပည့်ပဲ"

သူ စိတ်ထဲမှချီးမွမ်းလိုက်၏။

နှာသီးဝကိုတိုးဝင်လာတဲ့ စံပယ်နံ့လေးက သင်းတမြမြမို့ ချစ်လှစွာသော ကောင်မလေးကို လွမ်းလွမ်းဆွတ်ဆွတ်တမ်းတမိသေးတော့သည်။

တပည့်ကျော်ကတော့ ညင်သာလွန်းရုံမက ကျွမ်းကျင်သူနာပြုတစ်ယောက်လိုကိုပြုစုလို့နေ၏။

"ဒီကောင့်လက်ဝါးလေးတွေကလည်း ... မိန်းကလေးလက်ထက်တောင် နုနေပါလား ... ယောကျ်ားသူနာပြုလုပ်နိုင်းဖို့တောင်ကောင်းနေပြီ"

ထိုစဉ် အိမ်ရှေ့မှခေါ်သံကြားလိုက်ရ၏။

"ကိုလင်းလင်း ... ကိုလင်းလင်းရေ ... ကျွန်တော်မောင်ဖြိုးပါ"

မောင်ဖြိုးအသံကို သူချက်ချင်းအလွတ်ရသွား၏။ သူလည်း မောင်ဖြိုးနှင့်တွေ့ချင်သည်။ တွေ့ရင် ကောင်မလေးရဲ့အဆောင်ကိုမေးဖို့ စိတ်ကူးရင်း–

"သွားသွား _ မောင်ဖြိုးကိုအပေါက်သွားဖွင့်ပေးပြီး အိပ်ခန်းထဲထိ သာခေါ်လိုက်ကွာ ငါ မထနိုင်လို့လို့ပြောလိုက်"

သူ့စကားဆုံးတော့ သူ့တပည့်ကျော် ခြေသံဖွဖွနင်းပြီးထွက်သွား၏။

"ကိုလင်းလင်း _ ကျွန်တော်မောင်ဖြိုးပါ၊ ဟင် အိမ်တံခါးဖွင့်ထားတာပဲ၊ ကိုလင်းလင်း နေမကောင်းလို့လား _ ကျွန်တော်ဝင်ခဲ့လို့ရမလား"

ဖော်ရွေပျူငှာလွန်းတဲ့ တပည့်ကျော်စကားတစ်ခွန်းမျှမပြောဘဲသော

www.burmeseclassic.com



လှုပ်နေပါလိမ့်။ တံခါးခွင့်ပေးလိုက်သံတော့ကြားရသည်။

"ကိုဖြိုး — ဝင်ခဲ့လေ ... ကျွန်တော်အိပ်ခန်းထဲမှာပါ၊ ဝင်ခဲ့ပါ"

တည့်တော့ မပြောတော့လည်း သူအသံမြှင့်အော်ပြောလိုက်ရ၏။

"ဟုတ်တဲ့ ဝင်လာပြီနော် ..."

"ဝင်ခဲ့ပါ ဝင်ခဲ့ပါမောင်ဖြိုး ကျော်ကျော်ခေါ်ခဲ့လေကွာ ပါးစပ်မပါဘူးလား"

နှုတ်ဆိတ်လွန်းသော တပည့်ကို သူခပ်ငေါက်ငေါက်လေးမာန်မဲလိုက်မိသည်။

"ဘယ်သူ့ကိုပြောနေတာလဲကိုလင်းလင်းရဲ့ ဘယ်သူရှိလို့လဲ"

အိပ်ခန်းအဝမှ ကိုဖြိုးအသံကြားလိုက်ရမှ သူမျက်လုံးကိုမဖွင့်ချင်ဖွင့်ချင်ဖွင့်လိုက်၏။

"ဩော် ကိုလင်းလင်းနေမကောင်းဘူးလား"

"မနေ့က ဆိုင်ဖွင့်ပွဲမှာနည်းနည်းများသွားလို့ ခေါင်းနည်းနည်းကိုက်နေတာပါ ထိုင်လေ မောင်ဖြိုး ဩော် — တစ်ခုခုသောက်လေ — ကျော်ကျော်ရေ — ကော်ဖီမစ်တစ်ခွက်လောက်ကွာ"

"ဘယ်သူရှိလို့လဲ ကိုလင်းလင်းရဲ့"

"ကျွန်တော့်တပည့်ပါ မနေ့တုန်းကကျွန်တော်ကားမမောင်းနိုင်လို့လိုက်ပို့တာ"

"ဗျာ — သူတို့နှစ်ယောက် ညကတည်းက ပြန်သွားကြတယ်လေ၊ အခု ဒီမနက်ပြန်ရောက်လာတာလား ... ကျွန်တော်တောင် မတွေ့လိုက်ဘူး"

"ဟုတ်လား၊ အဲဒါတော့မသိဘူးဗျာ၊ ကျော်ကျော်ရေ မြန်မြန်လုပ်ပါဟ ဟာ — ဒီကောင်လေး စကားလည်းပြန်မပြောဘူး ဘာလုပ်နေပါလိမ့်"





ခဏလေး နားစွင့်ကြည့်ပေမယ့် ကျော်ကျော်ထံမှ သာသာမှ ထွက်မလာ။

"မရှိဘူးထင်တယ် ကိုလင်းလင်းရဲ့ — ခဏနော် ကျွန်တော်သွားရှာကြည့်လိုက်မယ်"

ပြောပြောဆိုဆို မောင်ဖြိုးအိပ်ခန်းထဲမှထွက်ကာသွား၏။

အတန်ဝယ်ကြာသောအခါ ...

"မရှိဘူး ကိုလင်းလင်း။ ဧည့်ခန်းအစ ရေချိုးခန်းအဆုံး၊ ဝရန်တာအစခြံထဲအဆုံးရှာပြီးပြီ ကိုလင်းလင်းတပည့်လည်းမရှိဘူး၊ ဘယ်သူမှလည်းမရှိဘူး"

မောင်ဖြိုးစကားကြောင့် သူဝုန်းခနဲထလိုက်၏။

"မဖြစ်နိုင်ဘူးဗျ — အခုလေးတင် ကျွန်တော့်ကိုရေတဘက်အုံပေးနေသေးတာ၊ မောင်ဖြိုးအသံကြားလို့ ကျွန်တော်အပေါက်ဖွင့်ခိုင်းလိုက်လို့ ကျွန်တော့်နားကနေထွက်သွားတာဗျ"

"ဟာ ကိုလင်းလင်းမနောက်နဲ့ဗျာ၊ ကျွန်တော်ကြောက်တတ်မှန်းသိရဲ့သားနဲ့"

"မနောက်ဘူး ကျွန်တော်တကယ်ပြောတာ လာဗျာ၊ ကျွန်တော်တို့နှစ်ယောက်ထပ်ရှာကြည့်ရအောင်၊ ဒီကောင်တစ်ခုခုများဖြစ်နေလို့လားမသိဘူး"

သူ ကိုဖြိုးကိုခေါ်ကာ အိမ်အတွင်းအပြင်အနှံ့လိုက်ရှာကြည့်၏။ လုံးဝလုံးဝမတွေ့ရတော့ပါ။

"စိတ်လျှော့လိုက်ပါတော့ ကိုလင်းလင်းရာ၊ ခင်ဗျားကိုရေတဘက်အုံပြီး လူမမာပြုစုပေးတာ တခြားသူမဟုတ်လောက်ဘူး"

မောင်ဖြိုးစကားကိုဖြတ်ကာ အိမ်ထဲသို့ခပ်ထိတ်ထိတ်ကြည့်လိုက်၏။ သူ့ အစိပ်ပွါယ်နားမလည်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်သူဖြစ်မလဲ မောင်ဖြိုး"

"ကျွန်တော့်အထင်ပြောရရင်တော့ ... "

"မြန်မြန်ရှာ ရဲရဲသာပြောပါ"

"ဝေနန်း"

"ဗျာ ... "

"ကျွန်တော့်အစ်မ မမနန်းဖြစ်လိမ့်မယ်"

"ဟာဗျာ ... တကယ်အောက်မေ့လို့နားထောင်နေတာ ကဲလာဗျာ ခြံထဲဆင်းလျှောက်ရအောင်"

သူ့စိတ်ထဲမှာ ကောင်မလေးကိုတန်းခနဲသတိရလိုက်သည်။ ဒါမျိုး လျှို့ဝှက်တတ်တာ သူမပဲရှိသည်။

သေချာပြီကောင်မလေးပဲဖြစ်လိမ့်မည်။ သူမကိုတော့ လင်းလင်း လိုက်မရှာတော့ပါ။ သူမသည်ဖမ်းဆုပ်ရခက်ခဲသော တစ္ဆေလိုမိန်းကလေးဖြစ်၏။

"ဒါနဲ့ ပြောရဦးမယ် မောင်ဖြိုး"

"ကိုလင်းလင်းကို ပြောရဦးမယ်"

သူနှင့်မောင်ဖြိုး အဓိပ္ပါယ်တူစကားတစ်ခွန်းကို ပြိုင်တူပြော၊ ပြိုင်တူ ရယ်လိုက်မိကြသည်။

"ဟဲ ဟဲ ပြောပြော ကိုလင်းလင်းအရင်ပြောဗျာ"

"ပြောတာဆိုပေမယ့် မေးတာလို့ပြောရမယ်ထင်တယ်၊ ဒီလိုဗျာ မောင်ဖြိုးတို့ ဒီစံပယ်ခြံအဆောင်မှာ အဆောင်နေတဲ့မိန်းကလေး ဘယ်နှစ်ခန်းရှိသလဲ"

"နှစ်ခန်း ကိုလင်းလင်း ... တစ်ခန်းက အန့်တီဝင်းတဲ့၊ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်၊ ပဲကူရွာဇာတိပဲ Venture ဆေးကုမ္ပဏီက Marketing Mananger ပါ၊ နောက်တစ်ယောက် အန့်တီထွေးထွေးတဲ့ ကွန်ပျူတာ Expart တစ်ယောက်ပဲ





အန့်တီဝင်းနဲ့တစ်ရွာတည်းပါ၊ မိန်းကလေးဆိုလို့ အဲဒီနှစ်ယောက်ထဲမှာဘယ် ဘာဖြစ်လို့လဲ"

"အသက်တွေကရော ... "

"Over Fourty တွေချည်းပဲ"

"ဟာ ဟုတ်သေးဘူးလေဗျာ၊ ကျွန်တော်နဲ့ရွယ်တူလောက် အသား အရည်က ဖြူဖွေးကြည်စိမ်းနေတယ်ဗျာ၊ ရုပ်ရည်ကလည်း ဟောလီးဝုဒ်မင်းသမီး ဂျက်စီကာအယ်လ်ဘာနဲ့ တူတယ်လေဗျာ"

"မရှိပါဘူးဗျာ ... အင်း ... အန့်တီဝင်းတို့ အန့်တီထွေးထွေးတို့များ နတ်ရေကန်ထဲခုန်ချခဲ့တာလား၊ နတ်ရေကန်ထဲခုန်ချခဲ့ရင်တောင် ကိုလင်းလင်း ပြောသလောက်တော့မချောသေးဘူး"

"သေချာလို့လားဗျာ ... ဒါဆိုရင်တော့ ကျွန်တော့်ကောင်မလေးရဲ့ ပဟေဠိကပိုခက်သွားပြီဗျာ"

"ကိုလင်းလင်းက ရောက်တာမကြာသေးဘူး၊ ကောင်မလေးရှိနေပြီ လား၊ ကျွန်တော်တို့ခြံနီးနားချင်းတော့မဖြစ်နိုင်ဘူး၊ ခေါင်းရင်းအိမ်မှာ ဆိပ်ကမ်း ကုန်တင်ကုန်ချ အလုပ်သမားတွေစုပြီး ငှားနေတယ်၊ ခြေရင်းအိမ်မှာစပယ်ယာ တွေ စုပ်ပြီးငှားနေတယ်၊ နောက်ကျောအိမ်မှာ စစ်မှုထမ်းဟောင်း Gun Shot သုံးယောက်ပေါင်းပြီးငှားနေတယ်"

မျက်နှာချင်းဆိုင်အိမ်မှာက ကြီးစားလက်ဝှေ့သမားလေးယောက်တွဲ ငှားတယ်ဆိုတော့ ဒီရပ်ကွက်ထဲကမဖြစ်နိုင်ဘူး"

မောင်ဖြိုးသည် ဟာသဉာဏ်ပေမယ့် အခုစကားကနောက်နေတာ ဟုတ်မှန်း လင်းလင်းသိသည်။

"ကဲပါဗျာ ... ထားပါတော့ ကျွန်တော့်ကိစ္စအရေးမကြီးပါဘူး မောင်ဖြိုးပြောစရာရှိတယ်ဆိုတာသာပြောတော့၊ ကျွန်တော်နဲ့တွေ့တာ မောင်ဖြိုး အစ်မ မနန်းကြောင့်ပဲဖြစ်မှာပါ"

ဟုဆိုကာ သူရယ်နေတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောမှာကလည်း မမနန်းကြာင့်အကြောင်းပဲ ဒီလိုဗျ"

တု **အစချီတာ** အန်ကယ်ဦးသိန်းမောင်ကြုံတွေ့ခဲ့ရသော တဖွေ **အခြောက်ခံရပုံကို** အားရပါးရရှင်းပြပါတော့သည်။

**ဒီနေ့သူ** ...

**မောင်ဖြိုး**အကြောက်ကြီးပြီး မအိပ်ရဲသဖြင့် ဦးသိန်းမောင်ကိုယ်တိုင် **သမီးလေး**နန်းကြာင့်၏ အဆောင် (၈)မှာ အိပ်ရန်ရောက်လာခဲ့သည်။

ဝရန်တာမှာ စကြဲ့လျှောက်ရင်း ပုတီးစိပ်ပြီးပြီမို့ တူမလေး(သမီးနန်း) ကို အမျှအတန်းပေးဝေလိုက်၏။

"ဘဝအနန္တသံသရာမှစပြီး ယခုဘဝယခုအချိန်ထိဖြည့်ကျင့်ခဲ့သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တည်းဟူသော ကုသိုလ်ထူး ကုသိုလ်မြတ်တို့နှင့် ကုသိုလ်အမှုအစုစုတို့ကို အမျှအတန်းပေးဝေကြပါကုန်၏။ တမလွန်ဘဝသို့ကူးပြောင်းသွားကြသော သမီးလေးနန်းကြာင့်မှအစ ကြားကြား သမျှ အမျှ အမျှယူတော်မူကြပါကုန်လော့ ... သာဓု သာဓု သာဓု"

ဦးသိန်းမောင် အမျှဝေသံကျယ်ကျယ်က ခြံထဲ အိမ်ထဲထိပျံ့နှံ့သွား ၏။

"အမျှ ... အမျှ ... အမျှ"

"အင့် ... အ ဟင့်ဟင့် ... အင့် ..."

ရှိုက်ကြီးတငင်ငိုသံကြောင့် အမျှဝေရင်းကရပ်ကာ ကြည့်လိုက်တော့– ဧည့်ခန်းထဲရှိ ကျောက်မျက်ပန်းချီကားကြီးရှေ့မှာ မျက်ရည်လည်ရွဲနဲ့ နင့်နင့် သီးသီးရှိုက်ငင်နေသော သမီးလေးနန်းကြာင့်ကိုတွေ့လိုက်ရ၏။

"ဘုရား ... ဘုရား ... သမီးလေး မကျွတ်ရှာသေးပါလား ... သာဓုခေါ်သမီးနန်းသာဓုခေါ်နော် ..."

ဦးသိန်းမောင်တစ်ကိုယ်လုံးကြက်သီးမွေးညင်းတွေ အဖီးဖီးထိတ်လန့် သွားသည်။

နန်းကြာင့်လေးသည် မျက်ရည် ပိုးပိုးပေါက်ပေါက်မျက်လုံးနီကြီးနဲ့





သူ့ကိုစူးစူးကြီးကြည့်နေလျက် ခေါင်းတွင်တွင်ရမ်းခါလိုက်သည်။

"သာဓုခေါ်သမီးကျွတ်မှာပေါ့ _ သာဓုခေါ်လိုက်ပါသမီးနန်းရယ်"

နန်းကြာင့်ခေါင်းကိုအဆက်မပြတ်ခါမြဲခါနေ၏။

"အင့် ...

အဟင့် ... ဟင့်

အီး ... "

အူလှိုက်သည်းလှိုက်ရှိုက်ငိုပြီး အိပ်ခန်းထဲသို့ တစ်ရှူးတိုးပြေးဝင်သွား တော့သည်။

"သမီးနန်း _ နေပါဦးသမီးနန်း _ သာဓုခေါ်ပြီးမှသွားပါသမီးရယ် သမီးရဲ့အမွေအနှစ်တွေကို အန်ကယ်ကြီးသမီးလေးကိုရည်စူးပြီး အလှူအတန်း လုပ်ထားခဲ့တယ်နော် သာဓုခေါ်ပါကွယ် _ "

ဦးသိန်းမောင်သည်အရူးကြီးတစ်ယောက်လို ပူလောင်စွာဖြင့် နန်းကြာင့် ၏နောက်သို့ပြေးလိုက်သွား၏။

နန်းကြာင့်ကတော့ သာဓုခေါ်ဖို့နေနေသာသာ လှည့်ပြန်ငဲ့စောင်းလို့မျှ မကြည့်တော့ပေ။

"ဝုန်း ... "

အိမ်ခန်းထဲမှခုတင်နဲ့ တိုက်မိကာဦးသိန်းမောင် တစ်ယောက်ဟပ်ထိုး လဲကျသွား၏။

"အန်ကယ်ကြီး"

နန်းကြာင့်ပြေးနေရာမှစိုးရိမ်တကြီး လှည့်ကြည့်ကာခေါ်လိုက်သည်။

ဦးသိန်းမောင်ကိုထူရန်လက်လှမ်းလိုက်ပြီးမှ ပြန်လည်ကျောခိုင်းကာ အိပ်ခန်းနံရံဘက်သို့မျက်နှာမူလိုက်၏။

"သာဓုခေါ်ပါတော့ ... သမီးနန်းရယ် ... "

ဦးသိန်းမောင်တစ်ယောက် ငိုမတတ်တောင်းပန်နေချိန်မှာ နန်းကြာင့် ၏ခန္ဓာကိုယ်သည် အိပ်ခန်းနံရံ၏ကျောက်သားပြင်ထဲသို့ တဖြည်းဖြည်းနစ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့သည်။

ဦးသိန်းဆောင်တစ်ယောက်မျက်လုံးပြူးထွက်သွား၏။

ကျောက်စိမ်းအသားကျောက်များနဲ့ဆောက်လုပ်ကာရံထားသော ကျောက်သားနံရံကြီးကိုတဖတ်ဖတ်မြည်အောင်ရိုက်ရင်း ဦးခေါင်းနဲ့ဆောင့်ရင်း အဆက်မပြတ်ပြောနေမိတာကတော့ –

"သမီးနန်းရယ် – သာဓုခေါ်မှ သမီးနန်းဒီဘဝက ကျွတ်မှာပေါ့သမီးရယ် အီဟီး ဟီး … ဘာလို့သာဓုမခေါ်ချင်တာလဲသမီးလေးရယ် … ဟီးအီအီ"

မောင်ဖြိုးပြောပြသမျှကို နားထောင်ရင်းလင်းလင်းကိုယ်တိုင်ပင် ကြက်သည်းမွေးညင်းတွေထောင်ထောင်ထလာ၏။

"အဲဒီကတည်းထဲက အန်ကယ်ကြီးလည်း မမနန်းအဆောင်ကို ခြေဦးမလှည့်ရဲတော့တာပဲ ကိုလင်းလင်းရေ – ကဲဗျာ – စကားပြောလို့တော့ ကောင်းပါတယ် အခွန်ရုံးကိုသွားရဦးမယ်ဗျာ … သွားပြီကိုလင်းလင်း … "

မောင်ဖြိုးနှုတ်ဆက်ထွက်ခွာသွားတော့ သူ့အိပ်ခန်းဆီပြန်ဖို့ပင် တွန့်ဆုတ်နေမိပါတော့သည်။

ထိုအချိန်မှာ – ခပ်လှမ်းလှမ်းရှိစံပယ်ရုံလေး ငြိမ့်ခနဲလှုပ်ခါသွားသည်ကိုတော့ – လင်းလင်းလုံးလုံးမမြင်လိုက်ပါချေ။

အကယ်၍မြင်များမြင်မိရင်တော့ …

※✦※



## အခန်း (၇)
## စိညာဉ်ပျိုရဲ့လက်ဆောင်
## GIFT OF GLOMOROUS GHOST

သူစေ့စေ့ကြည့်သည်။

ကျောက်ကြည့်မှန်ဘီလူးအမျိုးမျိုးနဲ့စေ့စေ့ကြည့်သည်။

ဤ အိပ်ခန်းခေါင်းရင်းနံရံသည် ကျောက်စိမ်းတွေကြီးသာသာကျောက်ကျောက်ပြားများသာဖြစ်၏ဆိုသောအဖြေထက် ပိုသောထူးခြားချက် တစ်စုံတစ်ရာ ရှာမတွေ့။

မောင်းဖြိုးကလည်း မဟုတ်မဟတ်စကား ထွင်လုံးမျိုး သူ့ကိုပြောမည့် သူမဟုတ်။

အန်ကယ်ကြီးဦးသိန်းမောင်ကလည်း ဘုရားတရားသမား တည်ကြည် ရိုးသားသူ …

ဆိုတော့ …

လင်းလင်းစဉ်းစားရကျပ်လှသည်။

တစ္ဆေ(မနန်းကြာငုံ) သည်အန်ကယ်ကြီးဦးသိန်းမောင်အား ကိုယ်ထင်ပြပြီး ဒီအိပ်ခန်းရဲ့ ဒီကျောက်သားနံရံထဲ တိုးဝင်ပျောက်ကွယ်ခဲ့သည်ဖြစ်ခဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်စရာ။

အန်ကယ်ဦးသိန်းမောင် စွဲလမ်းစိတ်နဲ့ မရှိတာကိုအရှိထင်မိယောင်မှား ဖြစ်ခြင်းနည်းလို့တော့ လင်းလင်းမထင်ရက်ပါ။ ဒါပေမယ့် ...

နံ့ရုံအတွင်းဘက်မျက်နှာပြင်မှာ သံသယဖြစ်စရာတစ်းတစ်မျှရှာမရ ပါဘူး။

နံရံ၏အပြင်ဘက် ဝရံတာဘက်သို့ထွက်ကာ ဘယ်နှစ်ကြိမ်မြောက် မှန်းမသိအောင် လေ့လာမိသည်။

ရင်ဖျားညီညာသစ်လုံးများလေတိုးပေါက်မရှိအောင် စီရီထပ်ရပ်ကာရံ ထားသော Country Style Bungalow ၏ အပြင်ပန်းသည် လူတစ်ယောက်မဆို ထားနှင့် ပုရွက်ဆိတ်တစ်ကောင်တိုးစရာပင် အကြားအလပ်မရှိပေ။ နုနုလှလှ မိန်းမပျိုတစ်ကောင်ဆိုထားလို့ စွယ်စုံဆင်ရိုင်းတစ်ကောင်ပင်လျှင် တိုးမပေါက် နိုင်အောင် ခိုင်ခံ့လွန်းပါ၏။

ဒီတော့ ...

တစ္ဆေမလေး(မနန်းကြာငုံ) ဒီအခန်းနံ့ရုံထဲတိုးဝင်ခဲ့သောဖြစ်ရပ်သည် ဘာလဲ ...

တစ္ဆေခြောက်ခြင်း အမှန်လား ... ။

ဦးသိန်းမောင် အတွေ့အမြင်သည်အမှန်လား။

လေ့လာအဖြေရှာမရသော သူကိုယ်တိုင်သည်အမှန်လား ...

တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော အမှားကတော့ အသေအချာ ရှိနေပါသည်။

တွေးရခက်လှ၏။

တွေးမိတိုင်းလည်း အဖြေမရှိတာရှင်းနေတာပဲဟူသောအဖြေများသာ သူ့ခေါင်းထဲမှာ ရှုပ်ယှက်ခတ်ကျန်နေရစ်လေသည်။





ဘာတွေမှန်းကိုမသိတော့ဘူး ရှုပ်ပါတယ်၊ မတွေးတာပဲကောင်းပါ တယ် မနန်းကြာငုံကတစ်မျိုး ငါ့နတ်ဖုရားမကတစ်မျိုး လိုက်လို့ကို မမီတော့ဘူး မိန်းကလေးတွေများ ခက်ပါသည်။ နှစ်ယောက်စလုံးက တကယ့်ပုစ္ဆာတွေပဲ ဒီလောက်ရှုပ်ထွေးတဲ့ ပုစ္ဆာတွေငါနဲ့မှတိုက်ရိုက်လာပတ်သက်နေတယ်၊ တကယ်ပဲ ရှုးချင်တယ်။

လင်းလင်းစိတ်ချဉ်ပေါက်စွာ ညည်းတွားရင်းမေ့မရအောင် စွဲလမ်းမိ သော ကောင်မလေး၏ပုံရိပ်တွေကို ပြန်လည်မြင်ယောင်နေမိသည်။

ပထမဆုံးရွှေလီမြစ်ထဲမှာ နှင်းလူမလေးတစ်ယောက်အဖြစ် သူ့ ရင်ထဲရောက်ရှိလာခဲ့၏။

ဒုတိယအကြိမ် ဒီစံပယ်ခြံအဆောင်ရဲ့ စံပယ်ဝက်ပါထဲမှာ စွဲလမ်း ခြင်းတွေအထပ်လိုက်အထည်လိုက်ပေးခဲ့သည်။

တတိယအကြိမ်မြောက် ... သူ့ရဲ့ကျောက်မျက်ရတနာ အရောင်း ပြခန်းထဲမှာ သူ့နှလုံးသားတစ်ခုလုံးကို နှုတ်ယူသွားခဲ့သည်။

နှင်းလူမ တစ်ဖြစ်လဲ၊ စံပယ်လူတစ်ဖြစ်လဲ ကျောက်စိမ်းလူမတစ်လဲ ကောင်မလေးကို လင်းလင်း နှစ်နှစ်ကာကာချစ်နေမိပြီ။

အိပ်မက်နတ်သမီးမဟုတ်သော သူမကိုအသေအချာချစ်မိတာပါ။

ဒါပေမယ့် သူနဲ့ကောင်မလေးရဲ့ ပတ်သက်မှုတွေကိုပြောပြရင် ဘယ်သူမှ သူ့စကားကိုယုံလိမ့်မည်မဟုတ်။

ဘာလို့လဲဆိုတော့ သူမသည် လက်ဆုပ်လက်ကိုင်ပြသလို့မရတဲ့ အကောင်အထည်ပျောက်ရုပ် ဒြပ်တစ်ခုဖြစ်နေ၏။

သုံးကြိမ်စလုံးတွေ့ဆုံခဲ့မှုတွေမှာ သူ မမြင်သာသောနေရာမှ ထွက်ပေါ်လာခဲ့ပြီး သူဖမ်းဆုပ်မရလောက်အောင် ပျောက်ကွယ်သွားခဲ့သည်။

ဒါကြောင့် သူ့အတွက်တော့ Actual (တကယ့်အဖြစ်အပျက်



www.burmeseclassic.com

ကြိုတွေ့မှုများ)ဆိုဝေဝယ့် တကယ့်တကယ်မှာ သူမသည် Spiritual (ဝိညာဉ်) ဆန်နေသည်။

သုံးကြိမ်သုံးခါစလုံးမှာ ကောင်မလေးသည် သူ့ကိုအနိုင်နဲ့ပိုင်းသွား၏

သို့သော် ကောင်မလေး သူ့ဆီသို့ စတုတ္ထအကြိမ်မြောက်ရောက်လာဦးညီတော့ မပြောသွားသည်။ အသေအချာရောက်လာလိမ့်မည်လို့လည်း လင်းလင်းယုံသည်။

"တွေ့ကြသေးတာပေါ့ကောင်မလေးရာ _ ဒီတစ်ခါ ရောက်လာလို့ကတော့ မလွှတ်တမ်းဖက်ထားပြီး မင်းကိုလူတွေသိအောင်၊ မြင်အောင် တွေ့အောင် ငါပြမယ်ကြည့်ထားလိုက်ပါ၊ မင်းတစ္ဆေမဟုတ်ကြောင်း လူတွေသိဖို့ ငါသက်သေပြမယ်၊ ပြီးတော့ မင်းကိုငါသိပ်ချစ်ကြောင်း ပြောပြမယ် ကောင်မလေးရယ် _ လောင်းကစားစကားနဲ့ပြောရရင် သုံးလက်တစ်လက်တော့ စားရမယ်တဲ့ ငါကသုံးလက်စလုံးမင်းကို ရှုံးခဲ့ပေမယ့် လေးလက်မြောက်မှာတော့ မင်းကိုငါအမိဖမ်းမယ်၊ မင်းကပဲ အရှောင်အတိမ်း ဂျက်စီကျိန်းဦးမလား၊ ငါကပဲ တော့ကတွတ်ပီဦးမလား ကြည့်ကြသေးတာပေါ့ကွာ၊ မင်း ငါ့ကိုအရှုံးလုပ်နေတာတွေ ဖာတ်သိမ်းရတော့မယ်မှတ်ပါ"

ရှုံးသွပ်သူတစ်ယောက်လို လင်းလင်းတစ်ကိုယ်တည်း ကြိမ်းဝါးရင်း နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်မိသည်။

လူကလည်း သတိအနေအထားနဲ့နေနေ၏။

မထင်မှတ်တဲ့အချိန်မျိုးမှာ မမျှော်လင့်ဘဲရောက်လာလေ့ရှိသော သူမရောက်လာခဲ့လျှင် ဖိုးခနဲ၊ ဖတ်ခနဲဆွဲဖက်လိုက်ဖို့ အသင့်အနေအထား အခန်းထဲသို့လှမ်းဝင်လိုက်ချိန်မှာ ...

ရှပ် ...





ရှပ် ... ရှပ်

ရှပ် ...

လင်းလင်းကျောပေါ်ခွယားတွေတွားတက်လာသည့်အလား ကြက်သီးထသွား၏။

သူ့အသက်ပင်မရှူရဲဘဲ သတိအနေအထားနဲ့နားစွင့်နေလိုက်သည်။

ရှပ် ...

ရှပ် ... ရှပ်

ရှပ်

သူ့အိပ်ခန်းထဲမှာ ခြေသံတရှပ်ရှပ်မြည်နေပါ၏။

သူမရောက်နေပြီဆိုတာ တထစ်ချတွက်ဆမိတော့ ဖြုန်းခနဲပျော်သွားသည်။

ချစ်ရသူမျက်နှာမြင်ရတော့မှာကိုး။

သို့သော် အပျော်ကိုခဏမျိုသိပ်လျက် သတိကြီးစွာထားနေရသည်။

ဒီတစ်ခါ လက်လွှတ်ခံ၍မဖြစ်တော့ပြီကိုး ...

ခြေသံလုံလုံနဲ့အခန်းတံခါးဆီ လင်းလင်းလှစ်ခနဲပြေးကပ်လိုက်၏။

နားစွင့်ကြည့်တော့ ...

ခြေသံက တံခါးရွက်အနီးမှာရှိနေသည်။

ဖျတ်ခနဲကြည့်မိတော့ အဖြူရောင်လူရိပ်တစ်ရိပ် မျက်ဝန်းထောင့်မှာ ပြတ်ပြတ်ထင်ထင် သူ့ကိုကျောပေးလျက် _

သူ့ခန္ဓာကိုယ်ထဲမှာ သွေးနွေးအရှိန်မြန်စွာ လှည့်ပတ် စီးဆင်းသွားသည်။

ကျားသစ်နက်တစ်ကောင်၏ လျင်မြန်ခြင်းမျိုးနဲ့ လင်းလင်းခန္ဓာကိုယ်သည် လေထဲမှာမြောက်တက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောသေသေသည် အဖြူရောင်အရိပ်ဆီသို့ လွှားခနဲခုန်အုပ်လိုက်တော့သည်။

ဦးသော့ ရွှတ်တမ်းတင်းကျပ်စွာဖက်ထားလိုက်ရင်း ပါးစပ်မှလည်း အဆက်မပြတ် ...

"မင်းဘာယ်ပြေးမလဲ ... မရုန်းနဲ့ ... လုံးဝမရုန်းနဲ့ မင်းငါ့လက်ကနေ လုံးဝလွတ်နိုင်ဘူးကွ၊ မင်းဘာတတ်နိုင်သေးလဲ ... ဖျောက်စမ်း ကိုယ်ရောင်ဖျောက်နိုင်တယ်ဆို၊ အခုဖျောက်လိုက်စမ်းပါ ဟင်း ဟင်း ဟင်း ... တကယ်တော့ မင်းဟာ လူတစ်ယောက်ဆိုတာ ငါသိနေတယ်ကွ ငါ့ Observation မညံ့ပါဘူး"

"လွှတ် ... လွှတ်"

"မလွှတ်ဘူး ... "

လင်းလင်းစိတ်ထဲမှာ သရိုးသရီခံစားလိုက်ရသည်။ ကောင်မလေးရဲ့ အသံက ဘယ်လိုဖြစ်လို့ညပြီးကွဲနေရပါလိမ့်ဟု သံသယဝင်နေမိ၏။

"လွှတ်ပါဗျာ ... ကျွန်တော်သူခိုးမဟုတ်ပါဘူး မောင်ဖြိုးပါ"

"ဟင် ... မောင်ဖြိုး ... "

လင်းလင်းအလန့်တကြားပင် မောင်ဖြိုးအား ဆောင့်တွန်းလိုက်မိသည်။

မောင်ဖြိုးခမျာ တံခါးချပ်ကိုကျောကပ်ကာ သူ့ကိုထိတ်ထိတ်ပျာပျာ ကြည့်နေရှာ၏။

"ဟင်း ... "

သက်ပြင်းရှည်ကြီးနှင့်အတူ သူ့ရင်ထဲက သောကအချို့အဝက် ပြေးထွက်သွားသည်။

သို့ပေမယ့် သူ့ရင်သည် နုံးခွေနွမ်းလျကျန်နေခဲ့၏။ ချစ်သောချစ်သူ ရောက်လာပြီး ပြန်ပျောက်သွားတာကမှ ရင်ထဲမှာ ကြည်နူးခြင်းစွဲထင်နေဦးမည်။

ရဲရင့်အောင်စာပေ



အခုတော့ ...

မောင်ဖြိုးမျက်နှာကြီးကိုကြည့်ကာ မအီမသာခံစားနေရပါသည်။

"ဆောရီးပဲမောင်ဖြိုးရာ ... "

"ကျွန်တော်ကတောင်းပန်ရမှာပါ ကိုလင်းလင်းရယ်၊ ဝရံတာမှာမရှိ ညေ့ခန်းထဲမှာမရှိ အိပ်ခန်းကလည်းပွင့်နေတော့ ကိုလင်းလင်းနေမှားမကောင်း လို့လားလို့ စိတ်ပူပြီးခွင့်မတောင်းဘဲ ဝင်လာခဲ့မိတာပါဗျာ ... ဒါထက် ကိုလင်း၊ လင်းအခန်းထဲသူခိုးဝင်ဖူးလို့လား"

မောင်ဖြိုးမေးခွန်းကို သူဘယ်လိုဖြေရမည်မသိနိုင်တော့ပါ။

ဒီအချိန်မှာ အဖြစ်မှန်ကိုပြောရရင် ကိုယ်ရူးကြောင်လူသိထင်ရှား ကြော်ငြာလိုက်သလိုဖြစ်တော့မည်။

လေးတွဲ့တွဲ့ကြီးသာ ခေါင်းယမ်းလိုက်မိ၏။

"ကျွန်တော့်ကိုတော့ သူခိုးမမှတ်လိုက်ပါနဲ့ဗျာ၊ ကိုလင်းလင်းနာမည်နဲ့ လက်တော့ပ်တစ်လုံး DHL လာပို့လို့ ညေ့ခန်းထဲမှာ ကျွန်တော်ထားထားတယ်"

မောင်ဖြိုးညွှန်ပြရာ ညေ့ခန်းစားပွဲပေါ်မှာ တွေ့လိုက်ရသောပါဆယ်ထုပ် တစ်ထုပ် မောင်ဖြိုးပြောသလို လက်တော့ပ်ဆိုတာဖြစ်လိမ့်မည်။

"ညေ့ာ်ဟုတ်လား ... ကျေးဇူးပဲမောင်ဖြိုး မန္တလေးကလှမ်းပို့လိုက်တာထင်တယ်"

"မဟုတ်ဘူးဗျ ... Paric ကပို့လိုက်တာ ... ပေးပို့သူကမဒမ်ဒီဗွားဗွား တဲ့ဗျာ"

"ဗျာ ... "

လင်းလင်းတွေခနဲတွေးလိုက်ပေမဲ့ တွေ့ရှိမလာသည့်အဖြေအတွက် ခေါင်းရှုပ်မခံချင်တော့ပေ။

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်းလင်းမိတ်ဆွေ ရတနာကုန်သည် တစ်ယောက်ယောက် ဖြစ်မှာပေါ့နော် _ "

"အင်း ... ဟုတ်မလားမသိဘူး၊ သူက မဒမ်ဒီပူးဗွားဆိုတော့ ကျွန်တော်လည်းယန်းပေါလ်ဆာ့(တ်)ပေါ့ဗျာ ဟုတ်ဘူးလား _ "

"ငယ်ကျွမ်းဆွေလားဗျ၊ ပြောတော့ကိုလင်းလင်းမှာ ရည်းစားမရှိဘူးဆို _ အခုတော့ဘူးပေါ်သလိုပေါ်လာပြီနော် ... "

ရည်စားဆိုကာမှ သူ့ရဲ့မော်ဆန်သောကောင်မလေးကို သတိရသွားမိသည်။

"ငယ်ကျွမ်းဆွေမဟုတ်ဘူးဗျို့ လာသတ်သောချစ်သူ"

"ဟုတ်လား _ မြန်မာပြည်ရောက်လာရင် မိတ်ဆက်ပေးဦးဗျာ"

"စိတ်ချမကြာခင်တွေ့ရမယ် _ မောင်ဖြိုးရေ ကျွန်တော် ဒီတစ်ခါတော့ လုံးဝလက်လွှတ်မပေးတော့ဘူး"

"ကောင်းတယ်ဗျို့ ကွန်ဂရက်ကျူလေးရှင်းပါကိုလင်းလင်း _ ကဲကဲ ချစ်သူရဲ့အထုပ်ကိုဖြေကြည့်ပေတော့ _ ကျွန်တော်လည်းအလုပ်ကိစ္စလေးရှိလို့ သွားဦးမယ်"

မောင်ဖြိုးနှုတ်ဆက်သွားသည်ဆိုရင်ပဲ လင်းလင်းညှော်ခန်းစားပွဲပေါ်မှ ပါဆယ်ထုပ်ကိုဖွင့်လိုက်သည်။

ကနေဒါမိတ်လက်ပ်တော့ပ် တစ်လုံးဖြစ်သည်။

ဒါကတ်တလောက်ထဲမှာ တွေ့ဖူးကတည်းက သူသိပ်နှစ်ခြိုက်သော Model ဖြစ်သည်။ ဝယ်ဖို့အကြောင်းမတိုက်ဆိုင်ခဲ့၍မဝယ်ဖြစ်သေးသော်လည်း သူသိပ်ကြိုက်ကြောင်းကိုတော့ ဖေဖေ၊ မေမေနှင့်ကိုကျော်စိုးမြင့်တို့ကအစ သိသည်။

ဒါဆိုဖေဖေ့လက်ဆောင်လား၊ မေမေ့လက်ဆောင်လား၊ ကိုကျော်စိုးမြင့်





လက်ဆောင်လားမဟုတ်ပါ။ ပဲရစ်မှပို့လိုက်တဲ့လက်ဆောင်ဖြစ်၏။ ဖေဖ်ဗီဗူးဗွားတဲ့ သူတစ်ခါမှမရင်းနှီးဖူးခဲ့သော မိန်းမတစ်ယောက်က ဘယ်လိုဖြစ်လို့ တန်ဖိုးကြီးလက်ဆောင်ပို့ပေးလိုက်သည်မသိနိုင်။

ပူးတွဲပါ Catalogue ကြည့်၏။

ပါဝါဖွင့်၏။

ဖိုင်ဖွင့်၏။

N.K.N ဆိုသည့် ဖိုင်ဖွင့်လိုက်၏။

"ဟင် ... "

သတိလစ်မေ့မျောမတတ် လင်းလင်းတစ်ယောက် အံ့ဩတုန်လှုပ်သွားတော့သည်။

* ✦ *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)
## ပါရီမှလူသတ်မိစ္ဆာ
## PERISIAL DEVIL

အီဖလ်မျှော်စင် _ နှင်းပဝါခြုံမြို့ပြ၊ အရောင်တောင်ပ ညနေခင်းဝတ်စုံများ၊ ဣန္ဒြေတစ်ခွဲသားလမ်းလျှောက် ခွေးဘီလူးတစ်ချို့၊ ပိုးဂါဝန်ရှည်ဝေ့ဝဲလှုပ်ခတ်သံတွေ၊ အပြိုင်အဆိုင်လင်းလက်လက်မျက်ဝန်းပြာပြာတို့၊ အမွှေးပျံ့ဆုံးကိုယ်သင်းနံ့ပေါင်းစုံသင်းထုံထုံ ဟူသမျှတစ်ပြိုင်နက်တည်း ရရှိခံစားလိုက်ရသည်။ ပါရီလှသည်။

ဒဏ္ဍာရီဝင်းဆင့်ဗန်ရိုးကတော့ကတော့ ဒီအထင်လင်းဆုံးအလှတွေကို နောက်ကျိုပူလောင်ခဲ့ရှာမယ်လားမသိ။

ပါရီကနေ အောဗားကို သူထွက်ခွာခဲ့တယ်။ တကယ်တော့ သူဟာ သေဆုံးခြင်းကို ခရီးသစ်တစ်ခုလိုခံစားထွက်ခွာခဲ့တာပါ။

လောကကြီးရဲ့ အစဉ်အလာတွေအားလုံးကို ဆန့်ကျင်ခဲ့သူတဲ့လား၊ ကြမ္မာဆိုးထဲက ပန်းချီဆရာ၊ အလျှံငြီးငြီးရမ္မက်စိတ်၊ အယူအဆဝင်ရိုးရဲ့ အစွန်းရောက်နေထိုင်မှု၊ ပြည့်တန်ဆာအတွက်နားရွက်တစ်ဖက်၊ ကျီးကန်းမဲတွေဝဲတဲ့ဂျုံခင်း၊ နှလုံးသားတည့်တည့်သေနတ်ကျည်ဆံ၊ ကိုယ်တိုင်ဆွဲပန်းချီကားထဲမှာ





ကိုယ်တိုင်သေပွဲဝင်ရဲသူ_ သူ့ရဲ့ကောင်းကင်အပြာရင့်ကြီးထဲရောက်နေမှာလား အချစ်ဆုံးညီသီအိုဆီမှာ သူ့ဝိညာဉ်ရှိနေမှာလား_ ဇာတိဟော်လန်ပြန်ပြီး တရားဟောဆရာမလုပ်မှာတော့သေချာတယ်၊ ခြောက်လအကြာမှာ သူ့အုတ်ဂူဘေးမှ ယှဉ်တွဲအုတ်ဂူထဲက သီအိုကိုရောသူတွေ့ခဲ့ရဲ့လား၊ လယ်သမားကြီးတွေနဲ့အတူ စားပွဲခုံမှာ အာလူးအတူစားနေမှာလား၊ နေဒဏ်၊ လေဒဏ် ရာသီဥတုတိုက်စားပြီး အဖာအထေးမတွေနဲ့ပြည့်နှက်နေပြီး ခပ်မွဲမွဲဖျော့တော့နေတဲ့ အပြာရောင်အင်္ကျီလေးကို စွဲလမ်းဦးမှာလား...မဟုတ်ဘူး၊ သူ့ဝိညာဉ်ဟာ ဂျုံခင်းထဲကနေပြီး ကမ္ဘာကြီးတန်ဖိုးတလျား အနှံ့အပြားကို ဝဲပျံနေဆဲပါ။

ဗင်းဆင့်ဗန်ရိုးရဲ့ ကိုယ်တိုင်ရေးပုံတူခဲပန်းချီလေးကို ကြည့်ရင်းစိုက်နေတဲ့ သူမရဲ့မျက်ဝန်းတွေမှာ ကြေကွဲမှုငွေ့ရည်ဖွဲ့နေလေရဲ့။

ဗန်ရိုးလိုပဲ သူမဘဝကြမ္မာဆိုးနေပြီလား...

လောကကြီးဟာ ရှုပ်ထွေးတယ်_

ဒပ်ချ်သားဗန်ရိုးသည် ပါရီရောက်ခဲ့သလို မြန်မာမလေးဖြစ်တဲ့ သူမလည်းပဲ ပါရီရောက်ခဲ့တယ်။

ဗန်ရိုးမှာ နာကျင်မှုတွေပြည့်နှက်နေသလို သူမမှာလည်း ဒဏ်ရာများနဲ့အထိနာခဲ့တယ်။

ဗန်ရိုးမှာ သေနတ်တစ်လက်ရှိခဲ့ပေမယ့် သူမကတော့ Genocide Sociocide ထက် ပိုမိုအေးမြတဲ့ ဗုဒ္ဓဘာသာမြန်မာလူမျိုးစစ်မှန်ချင်တယ်၊ ဒီအတွေးနဲ့အတူ မြန်မာပြည်ကို တမ်းတမ်းမက်မက်လွမ်းဆွတ်မိတော့သည်။

ကမ္ဘာ့အလှပဆုံးသော ပြုပြင်ဖန်တီးမှုများ ထွန်းကားရာဝန်းကျင်ကြီးသည် သူမအဖို့တော့ ကန္တာရလွင်ပြင်ကျယ်ဖြစ်နေသည်။

ဤ ကွန်ကရစ်ကန္တာရများထက် မြန်မာပြည်ရဲ့မြေသင်းနံ့ကိုအောက်မေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော တစ်လခန့်က ပျော်ရွှင်ဖွယ်ရာနိဗ္ဗာန်ဘုံဖြစ်သော ဤနန်းတော်အလားဆန်ဆန်ကြွားခမ်းနားသော အိမ်တော်ကြီးသည် အခုချိန်မှာ ကျည်းနဲ့ ဖုတ်ပူတ်ခြစ်တော့သည်။

သေမျိုးတွေမို့ သေခြင်းတရားသည် မထူးဆန်းဟုဆိုလေဦးတော့ အဖြစ်ခဲ့အလုပ်ကြံခံ မိဘနှစ်ပါးအတွက် သူမ တရားမနိုးနိုင်ပါ။

Revenge ဟူသော စကားလုံးသည် သူမအသွေးအသားထဲမှာ စိမ့်ဝင်ပျံ့နှံ့နေပါသည်။

သူမ ရင်နာစွာနဲ့ပဲ ဖေဖေ မေမေတို့ရဲ့နောက်ဆုံးညကို တစ်ကျော့ ပြန်ထပ်ကြည့်မိပါ၏။

CCTV ကင်မရာတပ်ထားသော သူမတို့အိမ်ကြီးထဲထိ လူသတ်သမားရောက်လာခဲ့ခြင်းဖြစ်သည်။

အခွေကိုမြင်တဲ့ ကြည့်ပြီးတဲ့သူတိုင်းကတော့ ဖေဖေမေမေတို့သည် လုပ်ကြံသတ်ခံရခြင်းမဟုတ်ဟု ဆိုသည်။

Dracular ဒရက်ကူလာတကယ်ရှိတယ်ဟု ဆိုသူကဆိုသေးသည်။

Pathologist အလောင်းခွဲစိတ်ဆရာဝန်တို့ကတော့ လူသွား၊ ခွေးသား ငမန်းသွား (သို့မဟုတ်) သွားကဲ့သို့ ချွန်ထက်သောသွားတုနဲ့ လည်ပင်း သွေး ကြောမကြီးကို ကိုက်ဖြတ်ခံရ၍ နှလုံးရပ်ဆိုင်းသေခဲ့သည်ဟုဆိုသည်။ မှုခင်း ဆရာဝန်ဟောင်းကြီးတစ်ယောက်ကတော့ သွေးကြောမပေါက်ခင်ကတည်းက နှလုံးသေခဲ့တာဟု သူမအား တီးတိုးပြောခဲ့သည်။

ဘယ်သူတွေ ဘာပြောပြော_ သူမ မိဘနှစ်ပါးလုံးကတော့ သေဆုံး ခဲ့ပေပြီ။

ဘယ်သူတွေ ဘယ်လိုတွေးတွေး သူမကတော့ ဖေဖေနှင့်မေမေ သည် လုပ်ကြံသတ်ဖြတ်ခံရခြင်းသာဖြစ်သည်ဟု ယုံကြည်နေ၏။





သူမ ရီမုကွန်ထိုးခလုတ်ကိုနှိပ်လိုက်တော့ နံရံထက်မှာ ပရိုဂျက်တာ ဆလိုက်မီးလင်းသွားသည်။

သူမ အသက်ရှူရန်မေ့သွား၏။

သူမရှေ့မှာချထားသော ဇင်းဆင့်ဗန်ရိုး၏ ပုံတူပန်းချီကားကိုမေ့သွား ၏။

နံရံထက်မှာပေါ်နေသော C.C.T.V ကင်မရာရိုက်ချက်များကို ကြည့်ရင်း မျက်တောင်ခတ်ရန်မေ့သွား၏။

သေခြင်းထက်ဆိုးသော ခံစားချက်များသာ ရင်တစ်ပြင်လုံးမှာမင်းမူ နေတော့သည်။

သီတာဒေဝီကိုသိမ်းဝှက်ထားသော ဒသဂီရိ၏သံကွန်ချာ (၇)ထပ် လည်း မလုံခြုံပါ။

အိုစမာဘင်လာဒင်ကိုသိမ်းဝှက်ထားသော အာဖဂန်တောင်ကြားသည် လည်းမလုံခြုံပါ။

စစ်ဗျူဟာတွေသိမ်းဝှက်ထားသော ဂျော်ဂျီယာကွန်ယက်သည်လည်း မလုံခြုံပါ။

သမီးတော်ရွှေအိမ်စည်ကို သိမ်းဝှက်ထားသော ဖခင်ကျွန်စစ်မင်း၏ ဘုံ(၇)ဆင့်ပြဿဒ်သည်လည်း မလုံခြုံပါ။

Financial ဒေတာတွေကို သိမ်းဝှက်ထားသော ကမ္ဘာ့ကွန်ပျူတာ တွေလည်းမလုံခြုံပါ။

ကမ္ဘာမြေကြီးကိုသိမ်းဝှက်ထားသော အိုဇုံးလွှာသည်လည်းမလုံခြုံပါ။

အောင်မြင်မှုကိုသိမ်းဝှက်ထားသော ရှုပါမင်းသမီး၏ကိုယ်ကျင့်တရား သည်လည်းမလုံခြုံပါ။

ပျားသားလောင်းတွေ သိမ်းဝှက်ထားသောအနိုင်ကျင့်ဖုံးကွယ်မှုသည်



www.burmeseclassic.com

www.burmeseclassic.com



လည်းမလုံခြုံပါ။

သဘာ့တရားတွေသိမ်းဝှက်ထားသော အနိုင်ကျင့်ဖုံးကွယ်မှုသည်လည်း မလုံခြုံပါ။

ဘီလူးမျက်နှာကိုသိမ်းဝှက်ထားသော မင်းသားခေါင်းစွပ်သည်လည်း မလုံခြုံပါ။

လောင်ကျွမ်းခြင်းတွေကိုသိမ်းဝှက်ထားသော ဝါယာကြိုးသည်လည်း မလုံခြုံပါ။

အိုမင်းရင့်ရော်ခြင်းတွေသိမ်းဝှက်ထားသော ပလတ်စတစ်ဆာဂျရီသည်လည်း မလုံခြုံပါ။

သေဆုံးခြင်းတွေသိမ်းဝှက်ထားသော နောက်ဆုံးပေါ်ဆေးနှင့်ကုထုံး (Drugs and Tharaphy) သည်လည်းမလုံခြုံပါ။

မြန်မာပြည် မြန်မာလူမျိုးကိုချစ်တဲ့စိတ်တွေသိမ်းဝှက်ထားသော ပါရီ၏ ယာယီအလုပ်များသည်လည်းမလုံခြုံပါ။

လေးသချေနဲ့ ကမ္ဘာတစ်သိန်းဖြည့်ကျင့်ပါရမီတော်တွေသိမ်းဝှက်ထားသော ကပ္ပိလဝတ္ထု ရွှေနန်းတော်သည်လည်း မလုံခြုံပါ။

လုံခြုံစိတ်ချရပါသည်ဟု ယုံမှတ်မှားခဲ့သမျှတို့၏ မလုံခြုံနိုင်ခြင်းသည် ဖြစ်စဉ်အတိုင်း...

သံမဏိခြံတံခါး၊ ကြေးစားလုံခြုံရေးဝန်ထမ်းများ ခြံဝင်းထဲငုက်မွေးကျ ရင်ပဲ လှန့်နိုးတတ်တဲ့ SAFETY AKAMWS ဘာဆိုဘာမှမလုံခြုံဘူးဆိုတာ လက် မခံချင်ဘဲ လက်ခံလိုက်ရပါသည်။

ထိန်လင်းတောက်ပ စံအိမ်တော်ကြီးတစ်ခုလုံး Black Hole ကြီးထဲ ရောက်သွားသလို မှောင်အတိကျသွားသည်။

သက်ရှိသက်မဲ့ လုံခြုံရေးအားလုံးလည်းပတ်မှုရပ်တန့်သွားလေပြီ။

---





အားလုံး တိတ်လို့ ဆိတ်လို့ ငြိမ်သက်လို့...

ထိုအခိုက်အတန့်မှာ...

ကျွီ... ကျွီ...

သံမဏိတံခါးကြီး ရင်ကွဲလိုက်ကာကြီးလို တဖြည်းဖြည်းပွင့်သွားသော ခွေးကိုက်တက်များ မပေါ်ကြတော့ပါ။

ဝိညာဉ်နှုတ်တတ်သော သေနတ်များ အသွားကြသည်။

ကျားဆိုးကိုပင် ခါးချိုးနိုင်သောခြံစောင့်များ ကျောက်ရုပ်ဖြစ်သွားကြပြီ။

မှောင်ပိန်းပိန်းခြံကြီးထဲသို့ ပြဒါးလူသားလိုကိုယ်ရောင်ကိုယ်ဝါ တဖျပ်ဖျပ် လက်နေသော တစ္ဆေပျိုတစ်ကောင် လှမ်းလျှောက်ဝင်လာ၏။

လှသည်။

ပါရီသူတွေထက်လှသည်။

မီလာန်သူတွေထက်လှသည်။

ဆန်ဒီရေရှိသူတွေထက်လှသည်။

မက်ဒရစ်သူတွေထက်လှသည်။

မြူးနစ်သူတွေထက်လှသည်။

ဗီယန်ကျင်းသူတွေထက်လှသည်။

မယ်(လ်) ဘုန်းသူတွေထက်လှသည်။

ကာဘူးသူတွေထက်လှသည်။

မကာအိုသူတွေထက်လှသည်။

ဂျေဂျူးသူတွေထက်လှသည်။

လားစ်ဗေးဂတ်စ် သူတွေထက်လှသည်။

သူမအလှက မိုးကျနတ်မယ်တမျှဖြစ်၏။

---



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးတင်းကျပ်လှသော အန္တရာယ်ဖုံကိုပင် ပန်းခင်းမော်ဒယ်စင်မြင့် အလား သူမတို့ယ်တန်ကိုဘယ်ယိမ်းညာနွဲ့ မျက်နှာပင့်ပင့် ရင်မင့်မင့်လျှောက်လာပါ၏။

အဟန့်အတား တစ်စုံတစ်ရာမရှိပါ။

သူမဟန်ပန်က သေမှာမကြောက်သလိုမျိုး။

တစ္ဆေတစ်ကောင်လို လူစည်းမှန်သမျှကိုချဉ်းနင်းချိုးဖောက်လိုက်သည် ထင်၏။

ကြည့်နေခိုက်မှာ အိမ်တံခါးဝရှေ့ရောက်လာသည်။

ခြံတံခါးချက်ကို စေ့စေ့ကြည့်လိုက်သည်နှင့် သံ၊ မှန်၊ သစ် တံခါးသုံးချပ်စလုံး ဝုန်းခနဲ၊ ဝုန်းခနဲပွင့်၍ ပွင့်၍သွားသည်။

ကမ္ဘာကျော်တို့၏ ပန်းချီလက်ရာများ၊ ကျောက်မျက်ပန်းချီလက်ရာများ၊ သစ်သားပန်းပုများ၊ ကျောက်စိမ်းပန်းပုများ၊ ဆင်စွယ်ပန်းပုများ ဝန်းရံခင်းကျင်းထားသော ၅၀'+၅၀' ဧည့်ခန်းကျယ်ကြီးသည် သူမကိုယ်ရောင်ကိုယ်ဝါတွေကြောင့် တလက်လက်လင်းချင်းတောက်ပနေသည်။

ဧည့်ခန်းကျက်သရေဆောင် ရတနာတို့၏ ပြန်လင်းတန်းများ ထိုတစ္ဆေမျိုးပေါ် ထင်ဟပ်နေသည်မို့ သူမ၏အလှအပတွေ ပိုမိုပေါ်လွင်ပြီးမျက်လျက်ရှိ၏။

ကြည်စင်လှပသလောက် ရူးရဲထက်မြက်မည့် အစိမ်းရောင်မျက်ဝန်း ရွှေစင်ရွှေသားရွှေနန်းမျှင်များအလား တွန့်ခွေပျော့ပျောင်းသော ဆံနွယ်များနှိုစိမ်းရောင်အောက်မှာ ပတ္တမြားသွေးကြွရွတက်လာသော အသားအရေ၊ ကော့ညွှတ်ပုံချိုမျက်ခုံးနှင့် ထူယှက်နက်မှိုးမျက်တောင်ရှည်စင်းစင်းများ၊ လည်တိုင်၊ လက်ပြင်၊ ရင်၊ ခါး၊ တင် ခြေဖျားတိုင်အောင်အပြစ်ဟူ၍ အပ်ဖျားတစ်ထောက်စာပင် မရှိသော ဒီတစ္ဆေပျိုသာဝင်ပြိုင်လျှင် မယ်စကြာဝဠာဘွဲ့ ဆယ်နှစ်ဆက်





ဆိုက်ရလိမ့်မည်ကေန်။

သူမကိုကြည့်ရတာ အကြောက်အလန့်ကင်းလွန်းလှ၏။ အန္တရာယ်ကိုဦးမှုထိတ်လန့်ဟန်မပေါ်။ ကိုယ့်အိမ်ကိုယ့်ယာထဲမှာ နေနေသလို ပန်းချီပြခန်းထဲမှ ပန်းချီဝါသနာရှင်တစ်ယောက်လို အေးဆေးလွန်းတော့သည်။

အခန်းထဲမှ ပန်းပုလက်ရာတွေကိုစိတ်အေးလက်အေးကြည့်ပြီး နံရံမှ ပန်းချီကားတွေကို စေ့စေ့စူးစူးကြည့်သည်။

တစ်ချပ်ပြီးတစ်ချပ် ...

အဲဒီနောက်မှာတော့ ဖေဖေ မေမေတို့၏ပုံတူကျောက်မျက်ပန်းချီကားချပ်ကြီးကိုကြည့်သည်။

အကြာဆို အကြာကြီးကြည့်သည်။

နှုတ်ခမ်းလှလှလေးတွန့်မိသွား၏။

ပြီးတော့ အစိမ်းရောင်မျက်ဝန်းများသည် အလင်းထိမြရတနာအလား ပြိုးပြိုးပြတ်ပြတ်လင်းလက်သွား၏။

နောက်တော့_ မျက်ရည်ဥတွေ တပြုတ်ပြုတ်ကျလာသည်ကို သုတ်ဖယ်လျက် ဆတ်ခနဲ ခေါင်းမော့ပစ်လိုက်ကာ_

ဟား ဟား ဟား ဟား

အ ဟင်း ဟင်း

ဟား ဟား ဟား ဟား

အုလှိုက်သည်းလှိုက်နာကျင်ခြင်းတွေပြည့်နှက်နေသော ရယ်သံကြီးကတောင်ပြိုသံနှင့်မခြား ကြောက်မက်ဖွယ်များစွာပျော်ဝင်နေ၏။

သူမမျက်နှာသည် ရက်စက်ကြမ်းကြုတ်များ အရိပ်အငွေ့များဖြင့် လွှမ်းစွာခက်ထန်လှသည်။

သူမခန္ဓာကိုယ်သည်လည်း နဂါးပတ်ကျော့ကွင်းမိ နဂါးပျိုတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လို့ အလင်းတန်းမြူမြူတွေ တွန့်လိမ်ကွေးကောက် ရှုပ်ယှက်ခတ်နေ၏။

အဲ့အချိန်မှာ သူမသည် လှေကားအတိုင်းစံအိမ်တော်၏အပေါ်ထပ်သို့ မီးကွည်စီးဆန်းတစ်ခုလိုပျံတက်သွား၏။

သူမခန္ဓာကိုယ်နဲ့ထိခတ်မိသမျှ အရာအားလုံး မီးတဝုန်းဝုန်းလောင်ကျွမ်းနေ၏။

ဖေဖေ မေမေတို့အိပ်ခန်းသည် သူမ၏ကိုယ်ရောင်ကိုယ်ဝါများဖြင့် မီးလောင်ပြင်အလား အလျှံရှိန်ရှိန်တောက်လျှက်ရှိသည်။

ဖေဖေမေမေတို့ ကစုန်းကဝါးနိုးလာ၏။

ဖေဖေသည်အန္တရာယ်အရိပ်အငွေ့ကို ခံစားရသည်မို့ကိုယ်နှင့်မကွာ ဆောင်ထားသောသေနတ်ကို ထုတ်ယူချိန်ရွယ်လိုက်သည်။

''မင်းဘယ်သူလဲ... ထွက်သွား...''

''ထွက်သွားမှာပါ_ ဒါကျွန်မအိမ်မှမဟုတ်ဘဲ ဘာကိစ္စအကြာကြီးနေနေရမှာလဲထွက်သွားမှာ၊ ဒါပေမဲ့အလွတ်မသွားဘူး စော်ဘွားကြီးရတနာသူရွှေဦးခွန်ကြာသိုက်နဲ့ စော်ဘွားကြီးကတော်ဒေါ်မြတ်ပန်းငုံတို့ရဲ့ ဝိညာဉ်နှစ်ခုကို ယူပြီးသွားမှာပါ''

''မင်းဘယ်သူလဲ ငါ့ကိုလာခြိမ်းခြောက်မနေနဲ့...''

''ရှင်သိဖို့မလိုဘူးစော်ဘွားကြီး အပြစ်လုပ်ခဲ့သူအဖို့ အဲဒီပြုခဲ့တဲ့ အပြစ်ရဲ့တန်ပြန်ရိုက်ချက်တွေကိုခံရစမြဲပဲ''

''မင်းဘယ်သူလဲလို့ငါမေးနေတယ် မဖြေရင်ပစ်သတ်လိုက်မှာ_''

''ပစ်ပေါ့_ အဆိပ်ရှိတဲ့ကောင်ကအဆိပ်ကိုအားကိုးတယ် အင်အားရှိတဲ့ကောင်ကအင်အားကိုအားကိုးတယ် လက်နက်ရှိတဲ့ကောင်က လက်နက်အားကိုးတယ် ပစ်လိုက်စမ်း ဟား ဟား ဟား ဟား''

မထီလေးစားစွာ အော်ရယ်လျက် ဖေဖေတို့ရှိရာသို့ သူမ လှမ်းသွား





လိုက်သည်။

''ရပ်...''

ဖေဖေ့သေနတ်မှ ကျည်ဆံတွေသူမခန္ဓာကိုယ်အနှံ့အပြားသို့ထိုးဖောက်၏။

သို့သော်သူမသည် မယိမ်းမယိုင်မတုန်မလှုပ် ရယ်မြဲတိုင်းရယ်နေရင်း ဖေဖေသေနတ်ကိုဒေါသတကြီးလွှင့်ပစ်လိုက်၏။

''မင်းဘာလိုချင်သလဲ''

''ပြောပြီးပြီ... ရှင်တို့နှစ်ယောက်ရဲ့ ဝိညာဉ်''

''ဘာအကြောင်းရှိလို့လဲ''

''ဘာမှရှင်းမပြချင်ဘူး၊ ဒါပေမဲ့လွန်ခဲ့တဲ့အနှစ်အစိတ်က ရှင်ဖျက်ဆီးခဲ့တဲ့ နန်းနွဲ့နှောင်းရဲ့ဝိညာဉ်က ရှင့်ကိုပြန်ဒဏ်ခတ်တယ်မှတ်လိုက်ပါ''

''ဘာ... နန်းနွဲ့နှောင်း... နွဲ့နှောင်း... မင်း... နွဲ့နှောင်းလား ဟင်ဟုတ်တယ်မင်းနွဲ့နှောင်းပဲ ဟင့်အင်းမဟုတ်ဘူး၊ နွဲ့နှောင်းကသေပြီ မသေရင်တောင် အဘွားကြီးဖြစ်နေပြီ မင်းနွဲ့နှောင်းမဟုတ်ဘူး''

''သေချာကြည့်ပါဦး ခွန်ကြာသိုက်ရဲ့နွဲ့နှောင်းမျက်နှာကိုတောင်မမှတ်မိတော့ဘူးလား နွဲ့နှောင်းကိုရှင်ကိုယ်တိုင် ဖူးခတ်ကျွန်းမှာတုန်းက ဝတ်ပေးခဲ့တဲ့ ပတ္တမြားဘယက်လေ...''

ဖေဖေ့မျက်နှာပေါ်မှာ မယုံနိုင်ခြင်းတွေနဲ့တုန်လှုပ်ချောက်ချားနေပါသည်။

ပတ္တမြားဘယက်ကိုတစ်လှည့် တစ္ဆေပျိုမကိုတစ်လှည့်ရင်းထိတ်ထိတ်ပျာပျာဖြစ်နေ၏။

''အဲဒီတုန်းကလိုပဲ ကျွန်မရင့်လည်ပင်းကိုတစ်ချက်လောက်နမ်းချင်တယ် ခွန်ကြာသိုက်''

''မဖြစ်နိုင်ဘူး၊ နွဲ့နှောင်း အခုရှိရင်ငါးဆယ်ကျော်အဘွားကြီးပဲ



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သေသေဆေးစားခဲ့လို့ဖြစ်မှာပေါ့ ခွန်ကြာသိုက်ရယ် ... ကျွန်မ အိုဇာတာကိုရှင်သိပ်ခြင်ချင်သလား ကောင်းပြီလေ ... "

သူစကားဆုံးသည်နှင့် သူမခန္ဓာကိုယ်မှလွန်းထိုးယှက်တင်အလင်းရောင်မျှား ဖျတ်ခနဲပျောက်သွား၏။

မျက်နှာကျက်မီးသီးတွေဖျတ်ခနဲလင်းလာ၏။

"ဟင် ... "

"မင်း ... မင်း ... "

"နွဲ့နှောင်းလေ ခွန်ကြာသိုက်ရဲ့ ယုံပြီလား"

အသက်ငါးဆယ်ကျော်အရွယ်အဒေါ်ကြီးအသွင်နဲ့ တစ္ဆေမသည် ဖေဖေ့ရင်ခွင်ထဲဇွေ့ခနဲပြေးဝင်သွား၏။

ဖေဖေမှင်တက်နေမိစဉ်မှာ ဖေဖေ့လည်ပင်းကိုငုံနမ်းလိုက်၏။

ချက်ချင်းပင် ဖေဖေ့လည်ပင်းမှ သွေးတွေဖြန်းခနဲတောင်ပန်းထွက်လာသည်။

ထိုတစ္ဆေမျက်နှာတစ်ပြင်လုံး သွေးချင်းချင်းနီနေတော့သည်။

"အား ... "

"အား ... "

ဖေဖေ တစ်ချက်အော်ပြီးပျော့ခွေသွား၏။ ဆက်တိုက်ပင် ...

တစ္ဆေမကြီး၏မျက်နှာသည် အရေခွံတွေလျော့တွဲပျော့အိကာ မျက်သားအမြှုတွေအားလုံး အစိမ်းရောင်များဖိတ်ဖိတ်လက်လက်တောက်သွား၏။ အိုကြီးအိုမ ရုပ်ဆိုးပန်းဆိုးပါးစပ်ကြီးအားကုန်ဖြဲလိုက်တော့ မည်းနက်ခံတွင်းကြီးထဲမှ ငါးမန်းစွယ်များလို ဖွေးလက်ထက်ချွန်သော သွားကြီးတွေပြူးခနဲထွက်လာ၏။

တဒင်္ဂအတွင်းမှာပင် မှင်တတ်မိနေသော မေမေ့လည်ပင်းကိုဖောက်ပစ်လိုက်၏။





မေမေလည်ပင်းမှ သွေးပေါက်ပေါက်ပန်းထွက်လာချိန်မှာတော့ ...

"ဟား ဟား ဟား ဟား"

ကြောက်မက်ဖွယ် အောင်အောင်ညာညာအော်ရယ်သံနက်နက်ကြီးပေါ်ထွက်လာကာ အခန်းမီးတွေငြိမ်းသွား၏။

မှောင်မည်းမည်း အခန်းသည် ပြူးပြတ်လင်းလက်သော တစ္ဆေမ ရောင်စဉ်တန်းတို့ဖြင့် ပြန်လည်လင်းပလာ၏။

ပျော့ခွေနေသော ဖေဖေမေမေတို့ကို တစ်ချက်ငဲ့ကြည့်သော တစ္ဆေပျိုမသည် နတ်မိမယ်တမျှလှသွေးကြွယ်ကာ အခန်းထဲမှထွက်သွားသည်။

အိမ်ထဲမှထွက်ပြီး ခြံအပြင်ရောက်သည်နှင့် ...

ဂျိမ်း

ဂျိမ်း ... ဂျိမ်း ...

ဂျိမ်း ...

အိပ်ခန်းတံခါးများ ခြံတံခါးများ တဂျိမ်းဂျိမ်းမြည်သံပေးလျက်ပြန်လည်ပိတ်သွားတော့သည်။

"ဖေဖေ ... မေမေ"

ရုပ်ရှင်ပြစက်ကိုပိတ်လိုက်ပြီး သူမရှိုက်ကြီးတငင်ငိုကြွေးလိုက်ပါ၏။

ဇင်ဆင့်ဇန်ရှို၏ ပုံတူပန်းချီလေးကတော့ ပန်ကာလေလှေ၍ အခန်းထဲမှ ဝိညာဉ်တစ်စလို တလှုပ်လှုပ်ဝဲပျံနေတော့သည်။

သူမသည် ဇန်ရှိုးလိုက်ဆိုးခဲ့ပြီလား ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## ကိုယ်ပျောက်သရဲ၏အဆိပ်နှင်းဆီ

## UN GRASPABLE

ပါရီတစ်မြို့လုံးလည်း စိစိညက်ညက်ကြေခဲ့ပြီ။

တိုကျို၊ ဆိုးလ်၊ ဘန်ကောက်၊ စင်္ကာပူ၊ မွန်ဘိုင်း၊ ဝါရှင်တန်ဒီစီ၊ လန်ဒန်နှံ့ခဲ့ပြီ။

Metropolis များသာမက Uraban ဒေသများ Country Side များအထိပါ ခြေဆန့်ခဲ့ပါ၏။

သတင်းလိုက်မှုဆိုးပေါင်းများစွာ သုံးလျက်ရှာသည် သို့သော်မတွေ့။

တစ္ဆေပျောက်ရှာပုံတော် ပရောဂျက်ကို Withdraw လုပ်လိုက်ရတော့မည်ထင်သည်။

ဘယ်လိုမှ ဘယ်မှာမှရှာလို့မတွေ့တော့ပေ။

စိတ်ပျက်အားလျော့ခြင်းနှင့် သူမမြန်မာပြည်ပြန်ရောက်ခဲ့တာ တစ်လတိတိပြည့်ခဲ့ပြီ။

မာစီးဒီး ဘင့်(ဇ်)ကားကို ကိုယ်တိုင်မောင်းလာခဲ့သည်။

မမြင်ရတာကြာပြီဖြစ်သော အမိမြေကိုမြတ်နိုးစိတ်က ရင်ကိုငြိမ်းချမ်းစေလေ၏။





လွန်ခဲ့သည့် (၅) နှစ်တုန်းကနှင့်မတူ ပြောင်းလဲလာသော တိုးတက်မှုတွေကိုကျေနပ်စွာကြည့်ရင်း သူမကားလေး ချော်တွင်းကုန်းမီးပွိုင့်မှာ ထိပ်ဆုံးမှ မီးနီမိသည်။

မီးပွိုင့်စက္ကန့်သုံးဆယ်ကို ရပ်စောင့်ရင်း ကားလမ်းတစ်လျှောက်မောင်းလာသည့် ကားများကို ဖာသိဖာသာကြည့်နေစဉ် ... လုပသောပြိုင်ကားအနီလေးကို မှတ်မှတ်ထင်ထင် သတိပြုမိလိုက်၏။

ကားလေးကလှသည်။

ကားလေးပေါ်မှ နတ်မိမယ်လေးကပိုလှသည်။

နှီစိမ်းဖြူရောင် အသားအရေကိုပိုမိုပေါ်လွင်ထင်လင်းစေသည်။ အနီတောက်တောက် Evening Gown လေးက ဖြတ်သွားဖြတ်လာ မှန်သမျှ၏ အငေးအားလုံးကို သိမ်းပိုက်လိုက်နိုင်စွမ်းလှ၏။

ထို့ထက်ပိုကဲစွဲဆောင်နိုင်သည်က ရွှေရောင်ညွှတ်ပျောင်း တွန့်ခွေလွင့်လွင့် ဆံနွယ်များ၏အလှဖြစ်သည်။

နေကာမျက်မှန် အနက်ရောင်လေးကိုအမှတ်တမဲ့အချိန်တွင်းမှာဖြုတ်ပြီးလျှင် သူမထံသို့အကြည့်တစ်ချက်ဝေ့ဝဲလာသော နတ်မိမယ်လေး၏အလှမှာ သူမတွေခနဲသတိလက်လွတ်သွားတော့သည်။ ပြိုင်ကားအနီလေးကတော့ သူမရှေ့မှလုစ်ခနဲဖြတ်ပြေးသွားလေ၏။

ကားလေးဆီသို့ အကြည့်တွေမရုပ်သိမ်းနိုင်ခြင်းနှင့် တစ်ဆက်တည်းမှာ သူမနှလုံးခုန်သံတွေက ဒုံးဒုံးညံလာတော့သည်။ မျက်ဝန်းစိမ်းလဲ့လဲ့၏အလင်း

"ဒီမျက်လုံး ငါသိတယ်၊ ဒီမျက်နှာ ဟုတ်တယ်"

ပေါက်ထွက်မတတ် သွေးခုန်နှုန်းတွေကို မထိန်းသိမ်းနိုင်ခင်မှာ ...

သူမကားလေးက ဂယ်ကွေ့ကွေ့ချလိုက်ပြီး ပြိုင်ကားနီနီလေးနောက်သို့ တစ်ရှိန်ထိုးမောင်းခဲမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အသားတွေ တဆက်ဆက်တုန်အောင် သွေးဆူလို့နေ၏။ မျက်စိ တစ်ဆုံးနီးပါး အကွာအဝေးမှာ အနီရောင်ပြိုင်ကားလေးကို အစက်အပြောက် အဖြစ် တွေ့လိုက်ရ၍ သူမလီဗာကိုဖိနင်းလိုက်သည်။

မာစီဒီးဘင့်ဇ်ကားကြီးက ဒေါသကြီးကြီးဆင်ပေါက်ကြီးတစ်ကောင်လို တဝ္ဝုန်ဝုန်နှင့်တာယာပွတ်တိုက်သံတကျွီကျွီအော်မြည် ပြေးလွှားနေတော့သည်။

ဝေဇယန္တာလမ်းအတိုင်း ချိုးကွေ့လာသောကားနီလေးနောက်မှ မျက်ခြည်မပြတ်လိုက်ခဲ့ရင်း တဖြည်းဖြည်းနီးကပ်လာသည်။ နီးသထက်နီးလာ ၏ မကြာခင်မှာတော့မီတော့မည်။

သူမ သွေးခုန်နှုန်းတွေပိုမြန်လာသည်။

ရှေ့မှကားတွေကို တစ်စီးပြီးတစ်စီးကျော်တက်ရင်းက သူမ၏မာစီဒီးနှင့် ပြိုင်ကားအနီလေးဘေးချင်းယှဉ်မိသည်။

သူမကားကို ပြိုင်ကားလေး၏ရှေ့မှ ပိတ်မောင်းရန်စိတ်ကူးကာ အရှိန် မြှင့်လိုက်၏။

သူမ၏ဒေါသမျက်ဝန်းတွေသာ နဂါးမျက်စောင်းဆိုပါလျှင် ထိုပြိုင်ကား လေးသည်လည်းကောင်း၊ ပြိုင်ကားပိုင်ရှင်သည်လည်းကောင်း ပြာမှုန့်တွေဖြစ်နေ လောက်ပြီ။

သူမဒေါသနှင့်အပြိုင်ကားလေးသည် ရုတ်ချည်းအရှိန်ပိုမြင့်လာ၏။

မျက်ဝန်းစိမ်းနဲ့ကောင်မလေးနှင့် သူမတို့အကြည့်ချင်းပြင်းထန်စွာဆုံ သည်။

တဒင်္ဂအကြည့်စစ်ပွဲလေးဖြစ်သွားခြင်းနှင့် အတူ ... ပြိုင်ကားနီနီလေး သည် လေဆာရောင်ခြည်တန်းတစ်ခုလို လုစ်ခနဲပြေးထွက်သွားတော့သည်။

သူမ၏ မာစီဒီးကားလေး နောက်မှာပြတ်ကျန်ခဲ့ရသည်။

ပြိုင်ကားလေး သစ္စာလမ်းမီးပွိုင့်ကိုလွတ်ထွက်သွားချိန်မှာ သူမ၏ မာစီဒီးကားလေး မီးပွိုင့်မှာမီးနီပြီးကျန်ရစ်ခဲ့သည်။

ပြီးတော့ ခဏတာအတွင်းမှာအရိပ်အယောင်မျှမတွေ့ရတော့အောင် ပျောက်ကွယ်သွားလေ၏။

သူမ မျက်နှာတစ်ပြင်လုံး မီးပွိုင့်မီးနီနီထက်ပိုမိုသော ဒေါသတွေရဲရဲနီ မြန်းခဲ့တော့သည်။

တစ်နေ့လုံးတစ်ညလုံး ရန်ကုန်တစ်မြို့လုံး တန့်တလျား အနံ့အပြား ရှာပုံတော်ဖွင့်ခဲ့ပေမယ့် ပြိုင်ကားနီနီလေးနဲ့ ကောင်မလေးနီနီကိုရှာမတွေ့တော့ ပါ။

အလိပ်လိုက်အလိပ်လိုက် ဒေါသတွေသာ သူမရင်မှာကြွင်းကျန်ရစ်ပါ သည်။

သူမ မှားသွားခဲ့သည်။

တစ္ဆေမ၊ ဖုတ်သရဲကို ကမ္ဘာပတ်ပြီးရှာဖွေခဲ့မိ၏။

ရှာစဉ်ကမတွေ့ဘဲ မရှာမှတည့်တည့်တိုးမိပြီ။

တကယ်ဆို သူမဉာဏ်ကိုလွှာ၍မသုံးတတ်ခဲ့၍ ပင်ပန်းခဲ့ခြင်းဖြစ်သည်။

သူမတို့၏ ပါရီရှိုအိမ်တော်ထဲအထိ ရောက်ခဲ့သော တစ္ဆေမ(လူတွေ၏ ထင်မြင်ယူဆမှု သူမကတော့မယုံကြည်) သည် သူမနည်းတူမြန်မာပြည်ဖွားတစ် ယောက်၊ မြန်မာဖြစ်နေတာကို သတိလျှမ်းသွားခဲ့ပါသည်။

နီးလွန်း၍ မမြင်ခဲ့ခြင်းဖြစ်မည်။

ဟော ... အခုတော့သူမရဲ့လက်စားချေခွင့် မလွဲမသွေကြုံလာပေ ပြီ။

သို့ပေမဲ့ ခက်တာက တစ္ဆေမကိုသူလုပ်ကြံဖို့ သူမလျှို့ဝှက်ဝှက်ဆောင် ရွက်လို့မရနိုင်တော့ပါ။

အဘယ်ကြောင့်ဆိုသော် သူမရဲ့ဒေါသမချုပ်တည်းနိုင်မှုကြောင့်

www.burmeseclassic.com



တစ္ဆေမကသူမကိုတွေ့မှီသိမြင်သွားခဲ့ပြီ။

တကယ်တော့ သူမသည် သိပ်ကိုညံ့သေးသည်။

အခုကြည့် ...

ပြိုင်ကားအနီလေး၏ နံပါတ်ကိုမမှတ်မိခဲ့ပါ။

ဒီတော့ ... တွေ့သမျှပုံစံတူပြိုင်ကားနီနီတွေကို မြင်တိုင်း လိုက်ချောင်းနေရသည်။

အခုလည်း ပလာဇာရှေ့မှာရပ်ထားသောပြိုင်ကားနီလေးအနီးမှာသူမ ကားရပ်ပြီးချောင်းနေမိသည်မှာ တစ်နာရီတိတိရှိနေပြီ ကားပိုင်ရှင်ကရောက်မလာသေးပါ။

ကားပါကင်စောင့်လေးအနီးမှ ဖြတ်သွားလေမှ သူမအတွေးတစ်ချက်လက်သွား၏။

''ဟာ ... ဟုတ်ပြီ ... ''

ဖျောက် ...

လက်ဖျောက် တစ်ချက်တီးလိုက်ပြီး။

''ဟေ့ ... ဟေ့မောင်လေး ... ခဏ ... ''

ကားပါကင်စောင့်သည့် ကလေးသူမဆီသို့ပြေးလာ၏။

''ဘာလဲအစ်မ ထွက်တော့မှာလား တစ်ရာပါ''

သူမပိုက်ဆံတစ်ရွက်ထုတ်ပေးလိုက်ရင်း ...

''အစ်မမေးစရာရှိလို့ပါ''

''မေးပါအစ်မ''

ကောင်ငယ်လေးသွက်လက်စွာပြောတော့ ...

''မောင်လေး ဒီကားနီလေးရောက်နေတာ ဘယ်လောက်ကြာပြီလဲ''

ကောင်လေးအနည်းငယ် စဉ်းစားဟန်ပြုပြီးမှ ...





''မကြာသေးဘူးအစ်မနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲဗျ''

''ဒီကားကလာနေကျကားလား''

''မဟုတ်ဘူးအစ်မ၊ အရင်ရက်တွေတုန်းက မမြင်ဘူးကားလေးတာလှသလောက် ကားမောင်းတဲ့အစ်မကြီးကပိုလှတယ်''

သူမ ကောင်လေးစကားကြောင့် အားတက်သွား၏။

''ဆံပင်ရွှေရောင်နဲ့မဟုတ်လား''

''ဟုတ်တယ် ... ဟုတ်တယ်''

''Evening Gown အနီရဲရဲလေးနဲ့လား''

''ဟုတ်တယ် ... ဟုတ်တယ် ... အနီရောင်လေး''

''ကျေးဇူးပဲ မောင်လေး ... ရော့''

နောက်ထပ်ပိုက်ဆံနီနီတစ်ရွက် ထပ်ပေးလိုက်တော့ကောင်လေး မျက်နှာလေးဝင်းပသွား၏။

''ကျေးဇူးပဲအစ်မ အစ်မကအရမ်းသဘောကောင်းတာပဲ၊ ဒီကားအနီလေးထဲကအစ်မလေးနဲ့ အစ်မကသူငယ်ချင်းလား ညီအစ်မလားနှစ်ယောက်စလုံးလှလိုက်ကြတာဗျာ ... ''

''သြော် ... အေး ... အေး မောင်လေးလည်းအလုပ်ရှိသေးတယ်သွားသွား ... ''

အမုန်းဆုံးရန်သူကိုမှ သူငယ်ချင်း၊ ညီအစ်မဟုဖြေလိုက်ရကာ သူမပါးစပ်ကိုသူမမုန်းတီးသွားမိသည်။

ကောင်လေးကအရိုအသေပေးပြီး သူမအနီးမှထွက်ခွာသွားသည်အထိ သူမကိုသူမအလိုမကျနိုင်သေးပေ။

ထိုစဉ် ...

ဘုတ် ... ဘုတ် ... ဘုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘုတ်

ဘုတ် ဘုတ် ဘုတ်

သူ့ကားတံခါးမြည်သံကြောင့် သူမအတွေးအခြင်တွေ ဖါတ်လိုက်ခံရပြီး ငိုင်တွေငိုင်ငိုင်ဖြစ်သွား၏။

ဒေါသဖြစ်စွာအော်ထည့်လိုက်မည်ပြုပြီးမှ သူမဒေါသတွေရုတ်ချည်းငြိမ်လျော့သွားရသည်။

ပြည့်ဖောင်းဖောင်း ပါးပြင်နီနီလေးနဲ့ ချစ်စရာသုံးနှစ်အရွယ်သမီးငယ်လေးတစ်ယောက် လက်ထဲမှာနှင်းပွင့်အဖြူလေးကိုကိုင်လျက် သူမကားတံခါးကိုပုတ်နေခြင်းဖြစ်သည်။

သူမ ကားမှန်ချကာ သမီးငယ်လေးကိုငုံ့ကြည့်လိုက်တော့ ကလေးငယ်သည်လက်ထဲမှနှင်းဆီပန်းစည်းလေးကို ထိုးပေးကာ ...

"ပန်းစည်းလေးယူပါတီတီ ... သမီးမွေးနေ့မှာ တီတီချောချောတွေကို ပန်းစည်းလိုက်ပေးတာပါ"

"အို ... ဟယ် စကားတတ်လိုက်တာသမီးလေးရယ်၊ သိပ်ချစ်ဖို့ကောင်းတာပဲ ယူမှာပေါ့ကွယ်၊ တီတီ့ကိုပန်းစည်းပေးလို့ရော ချောတယ်ပြောလို့ရော ကျေးဇူးတင်ပါတယ်သမီးရယ်"

ပန်းစည်းယူပြီး သူမနှစ်လိုစွာနဲ့ ပန်းစည်းလေးကိုတစ်ချက်နမ်းရှိုက်လိုက်စဉ် ...

"တာ့တာ ... တီတီ ... တာ့တာ"

ဟုပြောကာ ကလေးငယ်လေးပြေးထွက်သွားတော့သည်။

ကလေးငယ်ကို မျက်စိတစ်ဆုံးကြည့်ရင်းက သူမခေါင်းထဲတရိပ်ရိပ်မူးဝေလာ၏။ နှင်းဆီပန်းနံ့ထဲမှာ တစ်ခုခု ...

"ဟင်း ... ဟင်း ... ဟင်း"





တိုးတိုးညှင်းညှင်းရယ်သံကိုကြားရသည်။

တိုးတိုးဖွဖွခြေသံကိုကြားလိုက်သည်။

ဝေဝေဝါးဝါးလူရိပ်ကိုတွေ့ရသည်။

သူမ တစ်ခုခုမှားယွင်းသွားပြီဟု နားလည်လိုက်ပေမယ့် အချိန်နှောင်းသွားလေပြီ။

ချပ်ခနဲကားတံခါးဖွင့်သံ။

ဒုန်းခနဲကားတံခါးဖွင့်သံ။

ဝုန်းခနဲ မိန်းမတစ်ယောက်ဝင်ထိုင်သံ။

"နင် ... နင်"

ဟု သူမ ဒေါသတကြီးအော်သံ ...

"ဟုတ်တယ် ငါပဲ နင့်မိဘတွေနောက် နင့်ကိုပို့ပေးမယ့် ငါပဲ"

ဟု တစ္ဆေပျိုမ၏ချောက်ချားဖွယ်ရာခြောက်လှန့်စကားအဆုံးမှာတော့ ...

ချောချောလှလှမိန္မာမသည် ဆံဖြူသွားကျိုးပါးရေနားရေတွန့်လိမ်နေသော အဘွားအိုတစ်ယောက်၏ မျက်နှာသွင်ပြင်သို့ ရုတ်ချည်းပြောင်းလဲသွားကာ ...

သူမလည်တိုင်ဆီသို့ ... ချွန်မြသောသွားစွယ်များ အစွမ်းကုန်ဖွင့်လျက် ငုံ့ဆင်းလာသည့်တွင် ...

"ဟာ ... အဘွားကြီး ဘာလုပ်တာလဲ ... အဲဒါကျုပ်အစ်မဗျ ခင်ဗျားဘာလုပ်တာလဲ"

ကားပါကင်စောင့်ကောင်လေးသည် သူမပေးခဲ့သောငါးထောင်တန်နှစ်ရွက်၏ကျေးဇူးကိုချက်ချင်းဆပ်လိုက်သည်။

ဝရန်းသုန်းကားအသံများနဲ့ တစ္ဆေမပြေးထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အကိုမှလိုက်ရှာ၍မတွေ့တော့ပေ။

ကားနီနီလေးကိုတော့ ရွှေရောင်ဆံပင်နဲ့ အကျီနီနီဝတ်မိန်းမ တစ်ယောက် မောင်းထွက်သွားသည်။

သို့ပေမယ့် ကားမောင်းသွားသော မိန်းကလေးသည် သူမကိုဒုက္ခပေးခဲ့သော တစ္ဆေ မဟုတ်ခဲ့ပါချေ။

သူမမှာတော့အလုပ်အကြွဲခံနှင်းဆီပန်း အဆိပ်ငွေ့ကြောင့် တုန်ယင်ဆောပိုက်နေခဲ့သည်။

✦



## အခန်း (၁၀)
## သွေးကြွေးခရီး
## BLOOD JOURNEY

"ပျောက်သောသူရှာရင်တွေ့၊ သေသောသူကြာရင်မေ့"ဆိုသော စကားပုံကသူမအဖို့တော့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပါသည်။

ပလာဇာမှာ သူမကိုတိုက်ခိုက်ခဲ့ပြီးသည့်နောက် တစ္ဆေမသည် တစ္ဆေပီသစွာကိုယ်ယောင်ပျောက်သွားခဲ့သည်။

စိတ်ထဲမှာမမေ့နိုင်ပေမဲ့ တမင်တကာလိုက်လံ ရှာဖွေခြင်းတော့ မပြုလိုတော့ပေ။

ကိုယ်ဘဝကိုကိုယ်ကျောင်းရတော့မဲ့ဘဝမှာ မည်သို့ပင်စွမ်းရည်သတ္တိနှင့် ပြည့်စုံစေဦးတော့ အမိအဘ၏အရိပ် ကွယ်ပျောက်ခဲ့သည့်လစ်ဟာမှုကြီးကတော့ အထီးကျန်ခြောက်သွေ့လှသည်။

စည်းစိမ်ဥစ္စာပြည့်စုံချမ်းသာခြင်းဖြင့်လည်း အထီးကျန်မှုကိုမပြေပျောက်နိုင်ပါ။

အခုဆိုရင်မြို့သစ်မှာ တစ်ဘလောက်စာမြေကွက်အားလုံးကို ဝယ်ယူ[illegible] ဟိုတယ်အဆင့်ရှိ အဆောင်ဖွင့်ခြင်းစီမံကိန်းကို အကောင်အထည်ဖော်[illegible] ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဤအဆောင်၏အမည်ကိုလည်း စံပယ်ခြံရိပ်မြုံဟု အမည်တပ်ခဲ့သည်။

အဆောင်ဖွင့်စားသူတို့၏ ရည်ရွယ်ချက်ကိုတော့ သူမ မတွေးတတ်မသိလိုပါ။

သူမကတော့ — အဖော်ကင်းမဲ့မှုကိုပြေပျောက်စေရန် အဓိကထား ရည်ရွယ်သည်။

သူမ၏စံပယ်ခြံအဆောင်သည် ရက်ရှည်အပန်းဖြေလိုသူများ၊ အေးအေးဆေးဆေးနေထိုင်ရင်းအလုပ်လုပ်ကိုင်လိုသူများ၊ စိတ်နှစ်ပြီးလုပ်ရသော စာရေးဆရာ၊ ပန်းချီ၊ ဂီတ၊ ပန်းပုပညာရှင်များအတွက် အဆင်ပြေစွာနေထိုင်နိုင်ရေးကို ဦးတည်သည်။

အခန်းတိုင်း အခန်းတိုင်းမှာ အဆင့်မြင့်စွာနေထိုင်နိုင်အောင် စီစဉ်ထားသည်။

သူမ၏စံပယ်ခြံဆောင်သည် ဝန်ဆောင်မှုနှင့် Fee မမျှအောင်ပင် ဝန်ဆောင်မှုကောင်းသည်။

တကယ်တော့ ဒီအဆောင်ဖွင့်ခြင်းအပေါ်မှာ အမြတ်ငွေမရယူလိုပါ။ သူမဘဝသည် ငွေကြေးဥစ္စာ လိုလေသေး မရှိအောင်ကြွယ်ဝနေပြီးဖြစ်၏။ သို့သော်အဖော်အပေါင်း၊ အသိုက်အဝန်းကာကင်းဆိတ်လှသည်။ သို့မို့ကြောင့်လည်း ဒီအဆောင်ဖွင့်ခြင်းအလုပ်ကို အရင်းအနှီးအရှုံးခံ၍ လုပ်နေမိခြင်းဖြစ်၏။

သူမသည်အနုပညာအမားတွေကိုချစ်သည်။ အထူးသဖြင့် ငွေကြေးအရ မအောင်မြင်သေးသော ကြိုးစားရုန်းကန်ရသူတို့ကို ပို၍ချစ်သည်။

ဤအဆောင်သည် ဆွေရင်းမျိုးရင်းအိမ်ရာလို ထာဝရစည်ပင်နွေးထွေး နေရမည်။





အဆောင်ကိုကွပ်ကဲအုပ်ချုပ် လည်ပတ်နိုင်ဖို့အတွက် ဆွေမျိုးဖြစ်သော အန်ကယ်ကြီးဦးသိန်းမောင်(မေမေဒေါ်မြတ်ပန်းငုံ၏ အစ်ကို) နှင့်မောင်ဖြိုး (မေမေ့တူအရင်း)တို့ကိုတစ်သက်တာအတွက် သူမအနီးမှာအပြီးခေါ်ထားခဲ့၏။ သူမကဆွေမျိုးကိုချစ်တတ်ပါသည်။ သို့ပေမဲ့ဆွေမျိုးကရှားပါးလှ၏။ အန်ကယ်ကြီးနှင့်မောင်ဖြိုးကလည်း သူမကို အခုမှပြန်လည်တွေ့ဆုံရခြင်းဖြစ်သော်လည်း သွေးနီး၍သွေးစည်းချစ်ခင်ကြပါ၏။

သူမဘဝလေးစိုးပြည်လာရသည်။ အများအကျိုးဆောင် ကိုယ်ကျိုးအောင်ရပြီ၊ အခုဆိုရင်သူမရင်ထဲမှာ မုန်းတီးစွာလက်စားချေလိုသော တစ္ဆေမကိုပင်မေ့ထားနိုင်လေပြီ။

သူမ Idea ၊ သူမ Imagine ၊သူမစိတ်၊ သူမကိုယ်နဲ့သူမရဲ့အငွေ့အသက်တွေဖြင့်ပြီးသော စံပယ်ခြံအဆောင်လေး အသက်ဝင်လာခဲ့ပါပြီ။

ပါရီမှာကတည်းကကျောက်မျက်ရတနာ လုပ်ငန်းကို သူမဖေဖေရဲ့ငယ်သူငယ်ချင်း၊ စီးပွားရေးပါတနာ အန်ကယ်ဦးသာလင်းထံမှာ ရှယ်ယာတူ ထည့်ဝင်ထားခဲ့၍ မျက်နှာလွှဲနေလို့ရနေသည်။ အန်ကယ်ဦးသာလင်း၏ သာလင်းကျောက် မျက်ကုမ္ပဏီသည် ကမ္ဘာ့ကျောက်မျက်ကုန်သည်တို့အလယ်မှာ ဟိုးအရင်ကတည်းက နာမည်ကောင်းနဲ့ကျော်ကြား၏။ အန်ကယ်ဦးသာလင်း ပါရီလာတိုင်း သူမတို့တော်ဝင်စံအိမ်တော်မှာပဲ တည်းခိုလေ့ရှိသည်။ သူမကိုလည်းသမီးရင်းလို ချစ်သူဖြစ်၏။ ထိုမျှမက သူ့သားနဲ့သဘောတူနေခဲ့၏။

"သမီးက မိဘလက်ငုပ်လက်ရင်း စီးပွားရေးကိုလည်းစိတ်ဝင်စားတယ် ထက်မြက်တယ်၊ လှပတယ်၊ အန်ကယ့်သားဆိုးကို သမီးလိုသမီးတစ်ယောက် လက်ထဲမှာထည့်ပေးပြီးမှပဲ အန်ကယ်လည်းစိတ်ဖြောင့်နိုင်မယ်ကွယ်၊ သားက လိမ္မာယဉ်ကျေး၊ မိဘအပေါ်မှာရော သူငယ်ချင်းမိတ်ဆွေ၊ အသိုင်းအဝိုင်းအခ မှာကောကောင်းပါတယ်၊ ဒါပေမဲ့ဆိုးတာက စီးပွားရေးကိုစိတ်မဝင်စားဘူး



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပြုဖို့စိတ်မကူးဘူး။ လွှန်ရောကျွန်ရော ရည်းစားတောင်မထားဘူး။ ဂုဏ်ရှာကျင့်မယ်၊ တရားထိုင်မယ်၊ တစ်ကမ္ဘာလုံးကရှိသမျှစာအုပ်တွေ အကုန်ဖတ်မယ်။ ကွန်ဖျူတာရှေ့ကမထချင်ဘူး။ အလုပ်လုပ်နိုင်းရင် စိတ်ရှုပ်တယ်ဆိုပြီး အရက်သောက်တယ်၊ အဲနည်းနည်းပါးပါးသူစိတ်ဝင်စားတာက ကျောက်မျက်ရတနာလုပ်ငန်းတစ်ခုပဲ၊ ဒါလည်းအကောင်းမမှတ်နဲ့ သူက ကျောက်မျက်ရတနာတွေကို အနုပညာပစ္စည်းတွေအဖြစ် မြတ်နိုးတာပဲသမီးရဲ့ … ”

အန်ကယ်ဦးသာလင်းပြောဖူး၊ ဓါတ်ပုံပြဖူးခဲ့သည်မို့သူမသိနေခဲ့သည်။

ပညာတတ်၊ ရုပ်ရည်တင့်တယ်ပြီး၊ ယောကျ်ားဆန်၏။ စိတ်ထားနူးညံ့တည်ကြည်တာကိုဓါတ်ပုံထဲမှာ သူ့ပုံရိပ်တွေထင်ကျန်စွဲထင်ခဲ့လေ၏။

အခုချိန်မှာ အန်ကယ်ဦးသာလင်းတို့ထံသို့ သူမ သွားချင်နေမိသည်။ မိသားစုသဖွယ် တွယ်တာမိပါ၏။ သို့သော်လည်းကိုယ့်အပူတွေကို အေးချမ်းသော သူ့ထံမကူးစက်စေလိုပါ။ သို့မို့ကြောင့်လည်းရန်ကုန်ပြန်ရောက်သည်ကိုပင် အန်ကယ်ဦးသာလင်းနှင့် မဆက်သွယ်ခြင်းဖြစ်သည်။ အန်ကယ်ဦးသာလင်းကလည်း ဓာတ်မြေမန္တလေးကို သိပ်ချစ်သူဖြစ်၏။ သာလင်းကျောက်မျက်ရတနာကုမ္ပဏီ၏ရုံးခွဲကိုပင် ရန်ကုန်မှာမဖွင့်ဘဲ မန္တလေးမှာသာရှိခြင်းကို ကြည့်ရုံနှင့်သိသာသည်။

နန်းကြာငုံ၏နှလုံးသားကလည်း တစ်မျိုးပင် သူမကိုချစ်ခွင့်ပန်လက်ထပ်ခွင့်တောင်းသူတွေ ထောင်သောင်းချီရှိနေပါလျက် ရည်းစားထားဖို့ကိုပင်စိတ်မဝင်စားသော ယောကျ်ားတစ်ယောက်၊ တစ်ခါမှလူချင်းမဆုံတွေ့ဖူးသော ယောကျ်ားတစ်ယောက်ကိုမှ မြတ်နိုးစုံမက်မိနေ၏။

“ရှင်ကတော့ ဒါတွေဘာမှ မသိသေးဘူးနော်၊ အမြဲတမ်းအေးဆေးပါ ကောင်းပါတယ်ရှင် … ရှင့်ကို ဒီလိုမျိုး အေးချမ်းတည်ငြိမ်နေတာပဲ အမြဲတွေ့နေချင်ပါတယ် … ကျွန်မရဲ့သောကတွေအပူတွေ ရှင့်ကို မကူးစက်စေချင်ပါ





ဘူး၊ ဒါပေမဲ့ပြဿနာတွေ အားလုံးငြိမ်သက်ပြီးဆုံးတဲ့တစ်နေ့တော့ မြင့်သိ ကျွန်မရောက်လာမှာပါ”

ချစ်ရသူ၏ဓါတ်ပုံလေးကိုကြည့်ကာတဖွဖွပြောရင်း သူမစိတ်နဲ့ကိုယ် သိမ်မွေ့နေခိုက်မှာ …

တူ …

တူ …

တူ …

သူမဟန်းဖုန်းမြည်လာ၏။

ကြည့်လိုက်တော့ … တရုတ်ပြည်မှဖုန်းဖြစ်နေ၏။ ဖေဖေ့လူရုံ့ဖုန်းကို သူမအမြန်နားထောင်လိုက်၏။ သူမမျက်လုံးတွေ တလက်လက်တောက်ပသွားသည်။

ရင်ခုန်သံတွေတဒိန်းဒိန်းမြည်သွားသည်။

ဖုန်းကိုင်လက်တဆတ်ဆတ်တုန်လာ၏။

“ဘယ်လို … ဘယ်လို … ဦးအိုက်လူကိုယ်တိုင်တွေ့တာလား ”

“ … ”

“ပြီးခဲ့တဲ့အပတ်ကရှန်းဟိုင်းကုန်စည်ပြပွဲမှာ ဟုတ်လား။ ဘာလို့ အဲဒီအချိန်ကတည်းက မပြောတာလဲဦးအိုက်လူ ကျွန်မအတွက်သိပ်အရေးကြီးတယ်ဆိုတာသိလျက်နဲ့ဘာလို့ဖုန်းမဆက်ခဲ့တာလဲ … ”

“ … ”

“သေချာအောင်လေ့လာနေတယ်ဟုတ်လား … ဒါဆို ဘာတွေသေချာပြီးလဲ၊ အဲဒီမိန်းမဘယ်သူလဲ၊ ဘယ်ကလဲ၊ ဖေဖေနဲ့ဘယ်လိုပတ်သက်ခဲ့တာလဲ၊ ဒေါ်နန်းနွဲ့နှောင်းဆိုတာဟုတ်သလား … ဒေါ်နန်းနွဲ့နှောင်းက ဘယ်သူလဲ”



www.burmeseclassic.com

www.burmeseclassic.com



"_"

"လေ့လာဆဲ _ ဟုတ်လား၊ ကောင်းပြီသတင်းအချက်အလက်တွေ ရသလောက်စုဆောင်းထားပါ၊ အဲဒီမိန်းမကိုမျက်ခြေမပြတ်စေနဲ့ ခုချိန်အထိ ဦးအိုက်လူသိခဲ့သမျှဟာ ဘာမှမရေရာသေးဘူး"

"..."

"ဘာ ... အခုမျက်ခြေပြတ်သွားပြန်ပြီ ဟုတ်လား ..."

"..."

"ကျွန်မ မယုံကြည်ဘူး ဦးအိုက်လူ၊ တကယ်လို့အဲဒီမိန်းမဟာတစ္ဆေ တစ်ကောင်ဖြစ်နေရင်တောင် ကျွန်မမိဘတွေအတွက် သွေးကြွေးအရတောင်း ရမှာပဲ"

"..."

"အိမ်ရဲ့လုံခြုံရေးကိုပိုပြီးတင်းကျပ်လိုက်ပါ၊ ကျွန်မ မနက်ဖြန်Flight နဲ့ရှန်ဟိုင်းကိုရောက်မယ်"

"..."

"ပြတ်သွားတဲ့မျက်ခြေကို ပြန်မိအောင်ဆက်ပါဦးအိုက်လူ ... လူ အား ငွေအားအများကြီးသုံးပြီးရှာပါ"

သူမဖုန်းပိတ်ပြီးဖေဖေမေမေတို့၏ ပုံတူကျောက်မျက်ပန်းချီကားကြီး ရှေ့မှာရပ်ကာ ...

"ဖေဖေ၊မေမေတို့အတွက် သမီးနန်းကြာငုံလက်စားချေမယ်"

သူမ ဖေဖေ၊ မေမေတို့ကို ဦးတိုက်ရင်းအဓိဋ္ဌာန်ပြု ကြိမ်းဝါးလိုက်တော့ သည်။

ရဲရင့်အောင်ဇာဒေ

# အခန်း (၁၁)

## တမလွန်ကမ္ဘာမှာစမ်းတဝါး

## BEYOND THE DEATH

"စိတ်လျှော့လိုက်ပါတော့လို့ပဲ ဦးအိုက်လူပြောချင်တယ်သမီးတော်လေး တကယ်တော့စော်ဘွားကြီးနဲ့စော်ဘွားကြီးကတော်ဟာ သူတို့ရဲ့မတရားခဲ့မှု အတွက် တန်ပြန်ဝဋ်ကြွေးခံစားရတာပဲ၊ သမီးတော်လေးဆက်ပြီး လက်စားချေ တဲ့အလုပ်တွေလုပ်နေမယ်ဆိုရင် သမီးတော်လေးပဲအသက်ဆုံးရှုံးလိမ့်မယ်၊ အခုပဲကြည့်လေ သမီးတော်လေးက လက်စားချေဖို့ ကြိုးစားပေမဲ့ သမီးတော် လေးကိုပါ နန်းနွဲ့နှောင်းရဲ့ဝိညာဉ်က အဆုံးစီရင်နေတယ်မဟုတ်လား _"

"မပြောနဲ့ _ အဲဒါကျွန်မလက်မခံဘူး ဦးအိုက်လူ _ ကျွန်မဖေဖေနဲ့ မေမေကိုမက ကျွန်မကိုပါလုပ်ကြံတဲ့သူဟာ လူတစ်ယောက်ပဲဖြစ်ရမယ်"

"ဒါဆိုလည်းဆက်လုပ်ပေါ့ကွယ် _ ဦးအိုက်လူကစိုးရိမ်လို့ပြောတာ ပါ"

"စိတ်ချပါ _ ကျွန်မကိုယ်ကိုကျွန်မလုံခြုံအောင် ကာကွယ်နိုင်ပါတယ် ဒါထက်ဦးအိုက်လူက ဖေဖေနဲ့ဒေါ်နန်းနွဲ့နှောင်းပတ်သက်မှုကိုသိထားသလား"

ဦးအိုက်လူဖြည်းလေးစွာ ခေါင်းညိတ်၏။

ရဲရင့်အောင်ဇာဒေ

www.burmeseclassic.com

www.burmeseclassic.com



သမီးတော်လေးတစ်နှစ်သမီးအရွယ်မှာ ...

ဦးအိုက်လူ့မျက်လုံးတွေ တဖျပ်ဖျပ်လင်းလက်ရာမှ မှေးကျဉ်းသွား၏။

"အဲဒီတုန်းက ကျောက်တွင်းသူဌေးဘီလီယံနာ စော်ဘွားလေး ခွန်ကြာသိုက် ဒီတရုတ်ပြည်ရဲ့ ပေါ်တူဂီပိုင်ကျွန်းဖြစ်တဲ့ မကာအိုလောင်းကစားမြို့တော်ရဲ့ ကာစီနိုရုံကြီးတစ်ရုံမှာပေါ့ အပျော်ကစားရင်းကနေအပျက်ဖြစ်ပြီး ဒေါ်လာသန်းနဲ့ချီပြီးရှုံးနေခဲ့တဲ့အချိန်ပေါ့၊ အဲဒီအချိန်မှာအင်မတန်လှပတဲ့ အဆိုတော်မလေးတစ်ယောက်က သူ့ကိုတွေ့သွားတယ်၊ လောင်းကစားဒိုင် လောင်းကစားမယ်တွေအတွက် ပွဲတော်ကြီးဖြစ်နေတာကို အဆိုတော်မလေးက မကြည့်ရက်ဘူး၊ စော်ဘွားလေးခွန်ကြာသိုက်အဖို့တော့ ဒေါ်လာသန်းချီရှုံးလည်း မမှုလောက်ပါဘူး၊ သူ့မှာလောင်းကစားကိုမကျွမ်းကျင်မှုနဲ့သိသိကြီးနဲ့ကစားခဲ့တာပဲ၊ ဒါပေမဲ့အသနားပိုတဲ့ အဆိုတော်မလေးက သူ့ဆီရောက်လာပြီးကစားတာကို ရပ်လိုက်ဖို့ ဒါမှမဟုတ်ရင်သူမဝင်ပြီး ကစားပေးမယ်လို့တောင်းဆိုပြီး နောက်ဆုံးတော့ကွာ ... ခွန်ကြာသိုက်ရှုံးခဲ့သမျှပိုက်ဆံတွေအားလုံးပြန်နိုင်ခဲ့တယ် ... ဒါပေမဲ့သူတို့ နှစ်ယောက်ကိုကာစီနိုရုံက ဒီအတိုင်းအလွတ်မပေးဘူး၊ လွတ်လွတ်ကျွတ်ကျွတ်ထွက်ခွင့်မပေးဘူး၊ စပါယ်ရှယ်အခန်းထဲမှာ ကာစီနိုလောင်းကစားဒိုင်ချုပ်ကခေါ်တွေ့ပြီး မိတ်ဆက်ညှိခံခဲ့တယ်၊ အသက်နှစ်ချောင်းလုံးကို ကျွမ်းကျင်ဝါရင့်ကြေးစားလူသတ်သမားတွေ သုံးပြီးယူဖို့ကြိုးစားခဲ့တာပေါ့၊ ဒါပေမဲ့သိုင်းပညာအသင့်အတင့်ကျွမ်းကျင်တဲ့ ခွန်ကြာသိုက်ရဲ့အသက်ကို ဒုစရိုက်လောကမှာ မကြောက်မရွံ့သိုင်းပညာစွမ်းရည်ရော အပစ်အခတ်စွမ်းရည်မှာပါ သူ့မတူအောင်ထက်မြက်တဲ့ အဆိုတော်မလေးက ကယ်တင်နိုင်ခဲ့တယ်၊ တကယ်တော့ အဆိုတော်မလေးရဲ့အစွမ်းကြောင့်ချည်းပဲတော့မဟုတ်ဘူး ... အဆိုတော်မလေးကို တိတ်တခိုးချစ်ခင်စွဲလမ်းနေတဲ့ ကြေးစားလူသတ်သမားက တစ်ဖက်လှည့်နဲ့တိုက်ခိုက်ပေးခဲ့လို့ပဲကွဲ့ ... "

---





ဦးအိုက်လူ့ပြောရင်းမှ မေးကြောကြီးများထောင်တက်လာသည်။

နန်းကြာငုံမှာတော့ ဓာတ်ရှိန်တက်နေ၏။

"ဆက်ပြောပါဦးအိုက်လူ ... အရမ်းကိုစိတ်ဝင်စားဖို့ ကောင်းပါတယ်"

"နောက်တော့သူတို့နှစ်ယောက်ဟာ ကမ္ဘာအနှံ့အပြားပုန်တိမ်းရှောင်ရင်း ချစ်သူတွေဖြစ်ရာကနေ ယိုးဒယားနိုင်ငံဖူးခက်ကျွန်းမှာ လက်ထပ်လိုက်ကြတယ်၊ ဒါပေမဲ့သူတို့အပျော်တွေရေရှည်မတည်မြဲခဲ့ပါဘူး၊ စော်ဘွားကြီးက တော်ဒေါ်မြတ်ပန်းငုံနဲ့ စော်ဘွားကြီးရဲ့အနွယ်တော်များက ငွေအားလူအားနဲ့ဖျက်လို့ ကိုယ်ဝန်အရင့်အမာကြီးလွှယ်ပြီး မျက်နှာငယ်မလေးအဆိုတော်မလေးရင်ကွဲပက်လက်ကျန်ခဲ့ရတယ်၊ အဲဒီအဆိုတော်မျက်နှာမွဲလေးဆိုတာ အခြားလူမဟုတ်ဘူး ... နန်းနွဲ့နှောင်းပဲသမီးတော်လေး ... "

"ဟယ် ... ဟုတ်လား ... သနားစရာကောင်းလိုက်တာဦးအိုက်လူရယ်၊ ဘာဆက်ဖြစ်သလဲ ဆက်ပြောပါဦး ... "

ဦးအိုက်လူ့မျက်လုံးတွေမှာ မျက်ရည်တွေ တင်းဆည်ထားခဲ့ရ၍ နီရဲကာမျက်ခွံတွေပင် တဆက်ဆက်လှုပ်နေသည်။

"ဘာဆက်ဖြစ်သလဲဆိုတာ ဘယ်သူမှမသိနိုင်ဘူး၊ ဘာလို့လဲဆိုတော့ အဆိုတော်မလေးနန်းနွဲ့နှောင်းဟာ အဲဒီအချိန်ကတည်းက ဘယ်သူမှလိုက်ရှာလို့မရအောင် စုပ်စမြုပ်စပျောက်ဆုံးသွားခဲ့လို့ပဲ"

"အို ... ဖြစ်မှဖြစ်ရလေရှင် ... "

နန်းကြာငုံမျက်ရည်တွေ မထိန်းနိုင်စွာတဖြုတ်ဖြုတ်ကြွေဆင်းလျက် ရှိုက်ငိုနေမိတော့သည်။

"ဒေါ်နန်းနွဲ့နှောင်းကတော့ ဖေဖေ့အပေါ်တော်တော်စိတ်နာသွားမှာပဲနော် ... "

---



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့၊ နာလည်းနာသင့်တာကို ... ဒါကြောင့် သေတဲ့အထိ မေ့ကျွေအောင်နိုင်လို့ ခော်ဘွားကြီးနဲ့ဖနီးတို့ကို ဝိညာဉ်ဘဝနဲ့သုတ်သင်ခဲ့တာပဲ ဖြစ်မယ်လို့ ဦးအိုက်လူယူဆတယ် ... "

ဦးအိုက်လူစကားမှာ နန်းကြာငုံလေးတွေခနဲဖြစ်သွားရသည်။

"ကဲကဲ သမီးတော်လေးလည်းပင်ပန်းလာပြီ အနားယူတော့ကွယ်၊ ဦးအိုက်လူနောက်ဆုံးအကြံပြုချင်တာက သမီးလေးလက်စားချေချင်တဲ့ နန်းနွဲ့ နောင်ရဲ့ဝိညာဉ်ဟာ သမီးလေးမမြင်ရပေမဲ့ သမီးလေးရဲ့အနီးကပ်ဆုံးမှာရှိနေ တာမို့လို့ သမီးတော်လေးရဲ့ အကြံအစဉ်တွေဖျက်လိုက်ပါတော့၊ ဦးအိုက်လူ စကားနားမထောင်လို့ သမီးတော်လေးရဲ့ခန္ဓာ ဒီတရုတ်ပြည်မှာမြေကျသွားခဲ့ရင် ဦးအိုက်လူတစ်သက်လုံး ကြေကွဲရမှာစိုးလို့တယ် သမီးတော်လေးရယ် ... "

ဦးအိုက်လူလေသံက သူမရဲ့အန္တရာယ်ကို ကြိုတင်တွေ့မြင်နေ သယောင်ယောင် ...

နန်းကြာငုံမျက်လုံးတွေ မှိတ်ထားပေမဲ့အိပ်၍ မပျော်နိုင်ပါ။ ဦးအိုက်လူ ပြောခဲ့သော ညဦးပိုင်းကစကားလုံးတွေကို ထပ်ပြန်တလဲလဲ ကြားယောင်နေမိ သည်။

မျက်စိကြောင်ကာ အိပ်ခန်းမျက်နှာကျက်ကို စိတ်မှတ်မဲ့ငေးကြည့်နေ၏။

ထိုစဉ် ...

အိပ်ခန်း၏ Dim.Light မီးလေးဖျတ်ခနဲငြိမ်းသွား၏။

ဘယ်လိုဖြစ်တာလဲ ...

မီးပျက်တယ်ဆိုတာမဖြစ်နိုင်ဘူး။

အကယ်၍ မီးပျက်တာမှန်တယ်ပဲ ထားပါဦး Auto-Manoevering-Engine တွေနဲ့ချက်ချင်းကော်က်လင်းရမှာဘဲ။ အခုမလင်းပါလား ...

---





ဦးအိုက်လူကိုဖုန်းဆက်ပြီး ပြောရန်စိတ်ကူးမိချိန်မှာ ...

ရှုပ် ...

ရှုပ် ... ရှုပ် ...

ရှုပ် ...

ဒုန်း ...

ရှုပ်တိုက်ခြေသံ၏အဆုံး အိပ်ခန်းတံခါးပွင့်သွားသံကြောင့် သူမ အိပ်ရာပေါ်မှငေါက်ခနဲထကာ တံခါးချပ်ဆီလှမ်းကြည့်လိုက်၏။

ချက်ချင်းမျက်စိပြူးနှံမှိတ်လိုက်ရသည်။

မျက်လုံးထဲမှာစူးဝင်သော ရောင်စဉ်တန်းဖွေးဖွေးလက်လက်များ ရောက်ရှိလာခြင်းနှင့်အတူ သူမခန္ဓာကိုယ်မှ သွေးတို့တဖြန်းဖြန်း ဆူဝေလာတော့ သည်။

အန္တရာယ် ...

သူမတွေ့ချင်လွန်းသော အန္တရာယ် ...

ပြဒါးလူသားလို ကိုယ်ရောင်ကိုယ်ဝါတဖျက်ဖျက်

လက်နေသော အန္တရာယ် ...

ရှာလေတိုင်းမတွေ့ဘဲ မရှာချိန်မှာရောက်လာလေ့ရှိသော အန္တရာယ်။

အခု ... သူမအိပ်ခန်းထဲအထိ ဒုတ်ဒုတ်ထိရောက်ရှိလာပြန်ပြီ။

လက်စားချေလိုလွန်းလှသော ဒေါသလက်ထဲသို့စာကြည့်စားပွဲပေါ်မှ ဓါးမြှောင်တစ်ချောင်းရောက်လာသည်။

သတိအနေအထားနဲ့ မကောင်းဆိုးဝါးမကို အဆုံးစီရင်ရန် အသင့် စောင့်ဆိုင်းနေလိုက်၏။

သို့ပေမဲ့သူမဒေါသတွေ အရည်ပျော်ပျောက်ရှသွားတော့သည်။

ထိုပြဒါးလူသားထံမှ စကားသံကိုကြားလိုက်ရ၍ဖြစ်သည်။

---



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... "

ကမ္ဘာကြီးဖောက်ထိုးမိုးမျှော် ဖြစ်သွားပြီလား ...

ဘာလဲ ...

ဘာတွေဖြစ်ကုန်ပြီလဲ ...

သူမသွက်သွက်ခါခါရှူးသွားပြီလား ...

သူမနှလုံးသားသည် ငါးမြှားချိတ်ပေါင်းများ တွယ်ချိတ်ခံရသလို မခံသာအောင်နာကျင်လွန်းလှ၏။

"ဖေဖေ ... ဖေဖေဘာဖြစ်သွားတာလဲ၊ ဖေဖေရယ် ... "

သူမကြေကွဲခြင်းအနန္တနဲ့အတူ ဖေဖေ့ထံသို့ပြေးသွားမိ၏။

"ဖေဖေ့နားကိုကပ်မလာနဲ့သမီး _ ဖေဖေ့နားကပ်လာရင် သမီးသေသွားလိမ့်မယ် _ ဖေဖေသမီးကိုပြောစရာရှိလို့လာခဲ့တာပါ"

သူမခြေလှမ်းတွေ ဖေဖေနဲ့တစ်လံအကွာမှာ တုံ့ဆိုင်းရပ်တန့်သွားရ၏၊

ဖေဖေက ကရုဏာမျက်ဝန်းများနဲ့ သူမကိုကြည့်လျက်ဆက်ပြော ၏။

"လက်တုံ့ပြန်ဖို့စိတ်ကူးတွေ ဖျက်လိုက်ပါတော့သမီးရယ် ... နန်းနွဲ့နှောင်းမှာ အပြစ်မရှိပါဘူး ... အပြစ်ရှိတာဖေဖေပါ ... "

"ဟင့်အင်းမရဘူးဖေဖေ ... သမီးအသက်သေရင်သေသွားပါစေ သမီးမိဘတွေကိုသတ်တဲ့ မိစ္ဆာကိုတော့ပြန်သတ်ရမှကို ကျေနပ်နိုင်မယ်"

ဖေဖေ့မျက်နှာညိုသွားကာ ဘာတစ်ခွန်းမှမပြောဘဲ ပြန်ထွက်သွား၏။

သူမနာကျင်ကြေကွဲစွာ ဖေဖေ့နောက်သို့ပြေးလိုက်သွား၏။

"ဒုန်း"

တံခါးအရှိန်ပြင်းစွာ မြည်လျက်ပိတ်သွား၏။





နန်းကြာင်တံခါးကို လျှင်မြန်စွာဆွဲဖွင့်လိုက်ချိန်မှာ _

"အား ... "

ဖေဖေ့လက်အစုံသည် သူမရင်ဘက်ကိုဆောင့်တွန်းလိုက်၏။

သူမခန္ဓာကိုယ်လေး တွန့်လိမ်ကောက်ကွေးကာ ကြမ်းပြင်ပေါ်ခွေခွေလေးပစ်လဲကျသွားသည်။

"ဖေ ... ဖေ "

ဟု ခေါ်လုခေါ်ခင် သူမနှုတ်တွေဆွံ့အသွားရ၏။

သူမ ဖေဖေလို့ထင်ပေမယ့် ဖေဖေမဟုတ်တော့ပေ။

သိပ်ချောသိပ်လှသော နတ်မိမယ် မိစ္ဆာမဖြစ်နေသည်။

သူမ ဒေါသတွေမျိုသိပ်နိုင်စွာပေါက်ကွဲသွားသည်။

သူမထံသို့ တစ်လှမ်းချင်းလှမ်းလာသော မိစ္ဆာထံသို့ လက်ထဲမှဓားမြှောင်ဖြင့် တစ်ဟုန်ထိုးပြေးဝင်ထိုးစိုက်ချလိုက်ပါတော့သည်။

သို့သော် ...

မိစ္ဆာမ၏လက်တံကြီးနှစ်ဖက် အဆမတန်ရှည်လျား၍ဆန့်ထွက်လာပြီး သူမလည်တိုင်နုနုလေးကို မညှာမတာညှစ်ချလိုက်၏။

သူမ အသက်ရှူမရတော့ပါ။ မျက်လုံးတွေပြူးကျယ်ကာ အမြင်တွေဝေဝါးသွား၏။

မကြာခင်သေရတော့မည်ထင်သည်။

ခြေကလန်၊ လက်ကလန်ရုန်းကန်ရင်းက ပျော့ခွေမောဟိုက်လာသည်။

ထိုစဉ် ...

လူရိပ်တစ်ရိပ်လွှားခနဲ ဝဲပျံလာတာတွေ့လိုက်ရ၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ မည်သို့မည်ပုံတိုက်ခိုက်သည်မသိ၊



www.burmeseclassic.com

www.burmeseclassic.com



သူမလည်ပင်းကိုဆုပ်ကိုင်ဖမ်းညှစ်ထားသည့် မိစ္ဆာမ၏လက်တွေ ပျော့ခွေပြုတ်ကျသွားလေ၏။

သူမမှာလည်း ဖုတ်လိုက်ဖုတ်လိုက် အသက်ငင်ကာ အသက်ကို အလောက်ပင့်ရှူရင်း သူမကိုကယ်တင်လိုက်သူကိုမော့ကြည့်လိုက်သည်။

"ဟင် ... "

ဘုရား — ဘုရား — သူမ ရှူးသွပ်မတတ်ထိတ်လန့်တုန်လှုပ်ရလေပြီ။

သူမကိုကယ်တင်လိုက်သောသူသည်လည်းကောင်း သူမအသက်ကို ရန်ရှာသောမိစ္ဆာသည်လည်းကောင်း ခွဲမရအောင်တူညီနေတော့သည်။

မိစ္ဆာမသည် ကိုယ်ပွားပွားလိုက်ပြီထင်၏။

ဘာပဲဖြစ်ဖြစ် သူမအတွက်တော့အန္တရာယ်ပဲသတ်မှတ်ကာ အနီးရှိ သူမကိုကယ်တင်ခဲ့သော မိစ္ဆာကိုယ်ပွားရင်ဘတ်ကို ဓားနှင့်ပြေးထိုးလိုက်၏။

သို့သော် — သူမလက်ထဲမှဓားလေး ကြမ်းပြင်ပေါ်သို့ဒေါက်ခနဲပြုတ်ကျ စူးစိုက်သွားတော့သည်။

ထို့နည်းတူ သူမခန္ဓာကိုယ်သည်လည်း မိစ္ဆာကိုယ်ပွား၏ရင်ခွင်ထဲ ဖမ်းဆီးချုပ်နှောင်ခြင်းခံလိုက်ရ၏။

"မှားမယ် မမ — ညီမလေးဟာ မမရဲ့တစ်ဦးတည်းသောညီမလေးပါ၊ ဖေဖေဦးခွန်ကြာသိက်က မွေးခဲ့တဲ့ညီမအရင်းပါ မမရယ်"

"မရှိဘူး — ငါ့မှာ ဘာညီမအရင်းမှမရှိဘူး၊ မညာနဲ့လုံးဝမယုံဘူး၊ ငါ့မေမေ ဒေါ်မြတ်ပန်းငုံမှာ သားသမီးဆိုလို့ ငါတစ်ယောက်တည်းပဲမွေးခဲ့တာ၊ နင်ဘယ်သူလဲ — ငါ့မိဘတွေကိုသတ်တဲ့မိစ္ဆာမဟာနင်ပဲမဟုတ်လား"

"မဟုတ်ပါဘူး ညီမလေးက မမရဲ့ညီမအရင်းပါ၊ နန်းကြာငုံရဲ့ညီမ နန်းလွှာရုံပါ၊ ဖေဖေ့သမီးအရင်းပါ မေမေဒေါ်မြတ်ပန်းငုံကမွေးခဲ့တာမဟုတ်ပေ





မယ့် မေမေဒေါ်နန်းနွဲ့နှောင်းက မွေးခဲ့တဲ့ မမရဲ့သွေးသားအရင်းပါ မမကို ညီမလေးသိပ်ချစ်တာပါ၊ မမကိုဘာလို့သတ်မှာလဲ မမရယ် — ဖေဖေ့ကိုသတ် မေမေဒေါ်မြတ်ပန်းငုံကိုသတ်သွားတဲ့ တရားခံနောက်ကို မမတစ်ယောက် တည်းရှာနေတာမဟုတ်ဘူး၊ ညီမလေးနန်းလွှာရုံလည်း ရှာနေခဲ့တာ"

"နင်သတ်တာမဟုတ်ဘူးဆိုရင် ဒေါ်နန်းနွဲ့နှောင်းရဲ့ဝိညာဉ်ကသတ် လိုက်တာပေါ့ဟုတ်လား"

"ဟင့်အင်း မေမေနန်းနွဲ့နှောင်းဟာ ဖေဖေ့ကိုသေတဲ့အထိ မြတ် မြတ်နိုးနိုးချစ်ခဲ့တာပါ၊ မေမေ့ဝိညာဉ်ဟာ ဖေဖေပျော်ရွှင်ချမ်းသာတာကိုပဲ အမြဲ တွေ့ချင်ခဲ့တာပါ"

"ဒါဖြင့် ငါ့မိဘတွေကိုသတ်ခဲ့တာ ဘယ်သူလဲ"

"သူပဲ မေမေငယ်ငယ်ကမျက်နှာ ညီမလေးမျက်နှာနဲ့ထပ်တူညီအောင် အသွင်ပြောင်းဟန်ဆောင်းထားတဲ့ ဒီမိန်းကလေးဟာ ဖေဖေတို့ကိုသတ်ခဲ့ တယ်၊ မမအသက်ကိုရန်ရှာခဲ့တယ်မမ"

"ငါမယုံဘူး မညာနဲ့"

"မယုံရင်လည်း ညီမလေးကို မမလက်နဲ့သတ်လိုက်တော့မမရယ်၊ မမဓားနဲ့ မမကိုယ်တိုင်ထိုးပြီးတော့သာ သတ်လိုက်တော့၊ ဒါပေမယ့် မသေခင် မှာ မမနှုတ်ကနေ ညီမလေးဆိုတဲ့စကားလေးတစ်ခွန်းတော့ခေါ်ပေးပါနော်၊ ညီမလေးတစ်သက်လုံး အတောင့်တဆုံးစကားလေးမို့ပါနော်မမ — "

သူမလက်ထဲသို့ထိုးပေးသော ဓားလေးကိုကိုင်ရင်း နန်းကြာငုံလက်တွေ တစ်ဆက်ဆက်တုန်ရင်ကာ ဓားလေးကိုအခန်းထောင့်သို့လွှင့်ပစ်လိုက်၏။

သူမဘဝမှာ အရင်းအချာညီမလေးရှိနေပြီဆိုပါလားဟူသော အသိက တောက်လောင်ခဲ့သမျှ အာဃာတတွေအားလုံးကို ချေဖျက်ပစ်လိုက်တော့သည်။ သူမရင်ထဲမှာ အနွေးထွေးဆုံးသော မေတ္တာရိပ်တွေမျက်လုံးဆီသို့ မျက်ရည်အဖြ



www.burmeseclassic.com

www.burmeseclassic.com



အလွှင့်ကူးပြောင်းသွားရသည်။

အတိုင်းအသိကြင်နာခြင်းတို့လည်းချောင်းဝမှာ ရပ်တန့်တစ်ဆို့နေရာမှ ဖွင့်အန့်ထွက်ကျလို့လာ၏။

"ညီမလေး ..."

သူမခေါ်သံကြောင့် မျက်စိစုံမှိတ်ထားသော ညီမလေးနန်းလှ္သာရဲ့ မျက်လွှာတွေဖျတ်ခနဲပွင့်သွားသည်။

"ဟင် ... မမ ညီမလေးကို ညီမလေးလိုခေါ်လိုက်တယ် အား ... ညီမလေးခုချိန်သေမယ်ဆိုရင်တောင် သေပျော်ပါပြီ မမရယ်"

"ဟင့်အင်း ... ညီမလေးက ဘာလို့သေရမှာလဲ ... မပြောကောင်းတာတွေမပြောနဲ့တော့ မမတို့ညီအစ်မနှစ်ယောက်အတွက် အလှပဆုံးအနာဂတ်တွေပဲကျန်တော့တယ်"

"ညီမလေး"

"မမ ..."

ညီအစ်မနှစ်ယောက် မြတ်နိုးခြင်းအပြည့်နဲ့ အူလိုက်သည်းလိုက်ခေါ်ရင်း တစ်ဦးကိုတစ်ဦးမလွှတ်တမ်းဖက်ထားမိကြတော့သည်။

သူမရင်ခွင်ထဲမှာ တအိအိငိုရှိုက်နေသောညီမလေး ရှန်းထွက်ကာ သူမကိုကြည့်၏။

"မမ ... ညီမလေးတို့မှာ အန္တရာယ်တွေအရိပ်လိုလိုက်နေတယ်၊ ဒီနေရာဟာ ညီမလေးတို့ရဲ့သေတွင်းပဲ"

"ဘာဖြစ်လို့လဲ ... ဒါမမပိုင်တဲ့အိမ်ပါညီမလေးရယ်"

"မမ မသိသေးတာတွေအများကြီးရှိတယ်၊ ဖေဖေနဲ့ မေမေ ဒေါ်မြတ်ပန်းငုံကို သတ်ပစ်တာ ဒီကြေးစားလူသတ်သမားဆိုပေမဲ့ ဒီကြေးစားမ ငှားစေခိုင်းတာ ဘယ်သူမှတ်လို့လဲ"





"မမ ဘယ်လိုလုပ်သိမလဲကွယ်"

"တခြားသူမဟုတ်ဘူး ... ဦးအိုက်လူ"

"ဘာ ... ဖေဖေ့လူယုံက ဖေဖေ့ကို ..."

"ဖေဖေ့လူယုံမဖြစ်ခင်က သူကမေမေဒေါ်နန်းနွဲ့နှောင်းကို တိတ်တဆိတ် ချစ်ခဲ့တဲ့ ကြေးစားလူသတ်သမားပဲ"

"ဟင် ..."

"ဒါကြောင့် ညီမလေးတို့ ဒီကနေပြေးကြစို့၊ ဒီသတိလစ်နေတဲ့ ကြေးစားကိုလည်းရဲလက်အပ်မယ်၊ ပြီးတော့ စီစဉ်စရာတွေလည်းရှိနေတယ်"

ဟုဆိုကာ ညီမလေးနန်းလှ္သာရှုံသည် မိန္ဒာမ၏ခန္ဓာကိုယ်ကို ဖွေ့ခနဲ ပွေ့ချီကာ သူမကိုလက်ဆွဲပြီး အိပ်ခန်းထဲမှပြေးထွက်ခဲ့တော့သည်။

နန်းကြာငုံတစ်ယောက်မှာတော့ နားမလည်နိုင်ခြင်းများစွာနဲ့အတူ ညီမလေးနောက်လိုက်ခဲ့မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)
## တစ္ဆေပျိုနှင့်လက်ထပ်ပွဲ
## BLACK BRIDE

ကွန်ပျူတာလေးကိုပိတ်ပြီးချိန်အထိ နန်းကြောင့်၏ဘဝဖြစ်စဉ်တွေက သူ့နှလုံးသားထဲမှာ စွဲထင်ကျန်ရစ်ခဲ့သည်။

အမိအဘတွေအလုပ်အကြွဲခံခဲ့ရရှာသည့် နန်းကြောင့် ...

ရွှေငွေရတနာစည်းစိမ်ပုံကြီးပေါ်မှာ ညှိုးနွမ်းသေ့ခြောက်သောဘဝနဲ့ သနားစရာနန်းကြောင့် ...

ဒဏ္ဍာရီဆန်ဆန် စံပယ်ခြံအဆောင်ပိုင်ရှင် ဘီလီယံနာကြွယ်သူဌေးမလေးနန်းကြောင့် ...

ဆွေမဲ့မျိုးမဲ့ နန်းကြောင့် ...

ဆွေမျိုးရင်းခြာမွတ်သိပ်တောင့်တနေရာမှ ညီမအရင်း နန်းလွှာရှိနှင့် ဆုံစည်းခဲ့၍ ပျော်ရွှင်နေရှာသောနန်းကြောင့် ...

ထိုနန်းကြောင့်လေးသည် ဘာကြောင့်များ သူသိပ်ချစ်မိလေသော နှင်းလူမလေးနဲ့ခွဲမရအောင်ချုပ်စွပ်တူနေပါလိမ့် ...

နန်းကြောင့်သည်နှင်းလူပဲလား ...





ဒါဆို နန်းကြောင့်က သူ့ကိုဘာကြောင့်ပုန်းကွယ်နေနေရတာလဲ ...

နန်းကြောင့်သည် နှင်းလူမဟုတ်ဘူးဆိုရင်ကော ...

သူရဲ့ချစ်လှစွာသော နှင်းလူမလေးသည် ဘယ်သူလဲ ...

နန်းကြောင့် တရုတ်ပြည်မှာသေခဲ့ပြီဆိုပါလား ...

နှင်းလူဟာ နန်းကြောင့်ရဲ့ဝိညာဉ်များလား ...

သူ့ထံသို့ ကွန်ပျူတာနှင့် သတင်းအချက်အလက်တွေပို့ပေးသူက ဘယ်သူလဲ ...

သူ့ကျောက်မျက်ရတနာအရောင်းဆိုင် Show Room သို့ပုံတူကျောက်စိမ်းပန်းပု ပို့ပေးတာကရော ဘယ်သူလဲ ...

နန်းကြောင့်လား ... ဝိညာဉ်လား ...

နှင်းလူလား ... ဝိညာဉ်လား ...

လင်းလင်းမစဉ်းစားနိုင်စွာ အတွေးတွေယောက်ယက်ခတ်နေရာမှ ဖျတ်ခနဲအတွေးတစ်ချက် လင်းလက်တောက်ပသွား၏။

''ဟုတ်ပြီ''

သူ့စိတ်ကူးကိုသူသဘောကျကာ နှစ်နှစ်ကာကာပြုံးလိုက်၏။

သူ့ကျောက်မျက်အတွဲများကိုရော ကျောက်စိမ်းပန်းပုရုပ်(ပုံတူ)ကိုရော လေလံစနစ်နဲ့ရောင်းချတော့မည်။

ဒါဆိုရင်တော့ ... ပန်းပုရုပ်တုပိုင်ရှင် သူ့ထံသို့ အသေအချာ ရောက်လာတော့မည်။

စိတ်ကူးကိုမြန်ဆန်စွာ အကောင်အထည်ဖော်တတ်သူပီပီ ကွန်ပျူတာ တစ်လုံးဖုန်းတစ်လုံးနဲ့ အလုပ်များသွားသည်။

နောက်တစ်ပတ်မှာ လေလံပွဲကျင်းပနိုင်ရန်အတွက် အစစအရာရာကို တစ်ထိုင်တည်းမှာ စီစဉ်ဆောင်ရွက်ပြီးစီးသွားလေ၏။



www.burmeseclassic.com

သုံးပြုးလိုက်သည်။

သုံးပြုးခြင်းသည် လေလံပွဲကိုမြန်ဆန်စွာစီစဉ်နိုင်ခြင်းကြောင့်မဟုတ်ပေ။ သူစိတ်ထဲယုံကြည်နေသည်မှာ ချစ်သူနှင်းလူသာ ပန်းပုရုပ်ထုပေးပို့သူဟု စွဲလမ်းနေသလို ထိုလေလံပွဲသို့အရိပ်မဲ့နှင်းလူရောက်လာလိမ့်မည်ဟု ယုံကြည်၏။ ထိုသို့ချစ်သူရောက်လာလျှင် လက်လွှတ်မခံနိုင်တော့၍ ချက်ချင်းလက်ထပ်ခွင့်တောင်းကာ လက်ထပ်လိုသဖြင့် ဖေဖေနှင့်မေမေကိုပါရန်ကုန်အရောက်လာဖို့ ဖုန်းဆက်ထားသည်။ ဖေဖေ့မိတ်ဆွေရှေ့နေကိုလည်းဖိတ်ထားလိုက်သည်။

ပီတိအတွေးကြောင့် သူ့မျက်နှာပေါ်မှာအပြုံးတို့ ဝင်းဝင်းလက်လက်တောက်ပလို့နေတော့သည်။

"နှင်းလူရေ ... ဂျက်စ်ရေ ... စံပယ်ပျိုရေ ... အိန်ဂျယ်ရေ Goblinရေ … ချစ်သူရေ … ဒီတစ်ခါတော့ မင်းဘယ်ပြေးမလဲ ကိုယ့်လက်ကလွှတ်အောင်မပြေးနိုင်တော့ပါဘူး ဘယ်ပြေးမှာလဲပြောစမ်းပါ ဟား ဟား"

သူတစ်ကိုယ်လုံး နှစ်ခြိုက်စွာအော်ဟစ်ပျော်ရွှင်နေစဉ် …

"ဟင်း ဟင်း ဟင်း … မပြေးပါဘူး ကျွန်မဘယ်ကိုမှမပြေးတော့ပါဘူး"

အိပ်ခန်းခေါင်းရင်းရှိ ကျောက်စိမ်းကျောက်သားနံရံကြီး Slide ထိုးတံခါးတစ်ချပ်လို့ပွင့်သွားကာ တံခါးဝမှာရပ်လျက်ပြောလိုက်သူမှာ …

"ဟင် ... မင်း"

"ရှင် ရဲ့ တစ္ဆေမ ... "

"ဘယ်လို … "

"ရှင်ပဲ ကျွန်မကို Goblin ဆို … ရှင်ကတော့ တစ်ကမ္ဘာလုံးမှာရှိသမျှ နာမည်တွေအားလုံး ကျွန်မကိုပေးနေတော့တာပဲ"

"မင်း … မင်း … သေချာပါတယ်နော် … ငါရဲ့မင်းသေချာပါတယ်





နော် … ငါ့ရဲ့နတ်သမီးလေးဟုတ်ပါတယ်နော်၊ ဝမ်းသာလိုက်တာချစ်သူရာ မင်းငါ့ကိုထားပြီး ဘယ်မှထွက်မပြေးပါနဲ့တော့ကွယ် မင်းကိုကိုယ်ချစ်လို့ပါ အိန်ဂျယ်ရယ်"

ရင်ထဲမှချစ်ခြင်းတွေစကားလုံးအဖြစ် နှုတ်မှတတွတ်တွတ် ထွက်ကျခြင်းနှင့် တစ်ဆက်တည်းမှာ သူ့ရင်ခွင်ထဲသို့ ကောင်မလေးကိုဆွဲသွင်းပွေ့ဖက်လိုက်တော့သည်။

"အို … လွှတ် … ရှင်ဘယ်လိုလူလဲ၊ ရှင် ဒါဘာလုပ်တာလဲ အခုချက်ချင်းလွှတ်"

"ဟင့်အင်း … မင်းနှုတ်ကချစ်တယ်လို့ပြောမှ လွှတ်မယ်ကောင်မလေးရာ"

"ချစ်တယ်"

"ဟင် တကယ်လား"

"တကယ်ပေါ့ ... ဒါပေမယ့် ရှင့်ကိုမဟုတ်ဘူး ကျွန်မချစ်သူကိုချစ်တာ"

"ဘာ ... မင်းမှာချစ်သူရှိတယ်"

လွှတ်နိုင်းစဉ်က မလွှတ်ဘဲ မလွှတ်နိုင်းပါဘဲကောင်မလေးကို လွှတ်လိုက်မိသည်။

"ဟုတ်တယ် ... "

"မယုံဘူး"

"မယုံရင် ခုချက်ချင်းပြလို့ရတယ် … လာ … ကျွန်မနောက်လိုက်ခဲ့"

သူ့ကိုအထူးအဆန်းတွေချည်းပေးသော ကောင်မလေး[illegible]သို့ သူလိုက်သွားချိန်မှာ ကျောက်စိမ်းကျောက်သားနံရံသည် Au[illegible]

www.burmeseclassic.com



ပြန်ပိတ်ကုသွား၏။

သူ့အိပ်ခန်းခေါင်းရင်းရှိ ကျောက်စိမ်းနံရံရဲ့ နောက်ကွယ်မှာ လှေကား တစ်စင်းရှိနေပြီး လှေကား၏အဆုံးမှာ ကျယ်ဝန်းသောမြေတိုက်ခန်းရှိနေကြောင်း ထိုမြေတိုက်ခန်းကြီးထဲမှာ လက်ရာမြောက် ကျောက်စိမ်းပန်းပုရုပ်တုပေါင်းများစွာနှင့် ကမ္ဘာကျော်ပန်းချီကားချပ်ပေါင်းများစွာရှိနေကြောင်းကို သိလိုက်ရချိန်မှာ သူသည် အံ့ဩခြင်းအနန္တတို့နှင့် ဆွံ့အသွားရ၏။

ပန်းချီပန်းပုလက်ရာပေါင်းများစွာကိုငေး၍ ကျေနပ်တော့မှ သူ့အား ပြုံးမြစွာကြည့်နေသော သူ့ရဲ့ချစ်လှစွာသောတစ္ဆေပျိုအား မေးလိုက်မိသည်။

“မင်း ချစ်သူနဲ့မင်းက ဒီမှာနေတာပေါ့”

ကောင်မလေးခေါင်းညိတ်၏။ သူရင်နာရသည်။

“အခု ... မင်းချစ်သူက ဘယ်မှာလဲ”

“ဒီမှာ ... ”

ကောင်မလေးသည် ကန့်လန့်ကာတစ်ခုကိုဆွဲဖွင့်လိုက်၏။

သူကြည့်လိုက်သည်။

သူ့နှလုံးသားပေါက်ထွက်မတတ် အံ့ဩဝမ်းသာသွားရ၏။

သူ့ရဲ့ပုံတူကျောက်စိမ်းရုပ်တုက သူ့ကိုပြုံးကြည့်နေသည်။

“ဝမ်းသာလိုက်တာချစ်သူရာ”

သူ အားပါးတရကြည်နူးစွာ ချစ်သူကိုလှမ်းဖက်လိုက်ပေမယ့် သူ့လက်တွေက လေကိုသာဖမ်းဆုပ်မိတော့သည်။ ချစ်သူသည်အရှက်ကြီးစွာပြေးထွက်သွားသည်ဆိုဦးတော့ ... အရိပ်အယောင်လေးတော့တွေ့လိုက်ရမည်။ အခုတော့အစအနရှာမရအောင်ပျောက်ရှသွားပြန်လေပြီး နေရာအနှံ့ရှာပေမယ့် သူမတွေ့ခဲ့ပါ။

သူ့အိပ်ခန်းသို့ သူပြန်ရောက်ချိန်မှာတော့ ကျောက်စိမ်းနံရံကြီးလည်း





အကြားအလပ်ရှာမရအောင် ပိတ်သွားတော့သည်။

“ဟူး ... ”

ပြီးခဲ့သည့်တစ်ပတ်က အဖြစ်အပျက်များကို စဉ်းစားရင်း သူ သက်ပြင်းအခါခါချမိသည်။

ချစ်သူသည် တကယ့်တစ္ဆေအစစ်ဖြစ်နေလား မသိနိုင်တော့ပါ။ ချစ်သူ၏ ရင်ငွေ့ကိုတော့ သူတမ်းတမ်းမက်မက်အလွတ်ရလို့နေပါသည်။

လေလံပွဲကစတင်နေပြီ။

အခြားကျောက်မျက်အတွဲများ အခြားကျောက်မျက်ပန်းချီကားများ ပန်းပုများအားလုံးလေလံတင်ရောင်းချပြီးသွားပြီ။

သို့သော် သူအမျှော်လင့်ဆုံးချစ်သူကတော့ ရောက်မလာခဲ့ပါချေ။

သူ့မျှော်လင့်ချက်တွေ ရေစုံမျောရတော့မယ်ထင်၏။

ဖေဖေ မေမေ ကိုကျော်စိုးမြင့်၊ အန်ကယ်ကြီးဦးသိန်းမောင်နှင့် မောင်ဖြိုးကတော့ သူနှင့်ရှေ့နေကြီးကိုကြည့်ကာ ရင်မောလို့နေသည်။

လေလံပွဲ Anoucer ၏ အော်သံထွက်ပေါ်လာသည်။

“လေလံပွဲကြွလာသူ လူကြီးမင်းအပေါင်းတို့ခင်ဗျာ၊ အခုလေလံတင်ရောင်းချမည့်ပစ္စည်းကတော့ ပိုင်ရှင်ကိုလင်းလင်းရဲ့ အမြတ်နိုးဆုံးကျောက်စိမ်းရုပ်တုနှစ်ခုဖြစ်ပါတယ်၊ ဒီကျောက်စိမ်းရုပ်တုနှစ်ခုရဲ့ အမည်ကတော့ မင်္ဂလာမောင်နှံရုပ်ကြွင်းလို့သာအမည်ပေးထားပါတယ်”

ဟုဆိုကာ ကန့်လန့်ကာဖွင့်ပြလိုက်သည်ကို သူရောကာယောင်တာငေးကြည့်လိုက်သည်တွင် ...

“ဟင် ... ”

သူ အံ့ဩလွန်း၍ နှလုံးသွေးရပ်ဆိုင်းသွားပြီထင်ရ၏။

သူ မြင်လိုက်ရသည်မှာ သူ့ရဲ့ပုံတူကျောက်စိမ်းရုပ်တုနှင့် သူ့ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



မှာသော ဝိညာဉ်ချစ်သူ၏ ပုံတူကျောက်စိမ်းရုပ်တုဖြစ်နေသည်။

ကြမ်းခင်းဈေးဒေါ်လာတစ်သိန်းမှ တစ်ဆင့်ပြီးတစ်ဆင့်ဈေးမြှင့်ကာ အပြိုင်အဆိုင်းပေးဝယ်နေချိန်မှာ သူ့ရင်ထဲမှာရုပ်တုနှစ်ခုကို နှမြောစိတ်ထိန်းချုပ်မရတော့သည်၏ အဆုံးမတ်တတ်ထရပ်လိုက်ကာ ...

"ဒေါ် လာ တစ် သန်း"

အားလုံးအံ့ဩမှင်တတ်မိကာ ငြိမ်သက်သွားကြသည်။ သူပေးသည့်ဈေးကိုလိုက်ရဲသူ တစ်ဦးတစ်ယောက်မှမရှိတော့ပေ။

ထိုစဉ် ...

"ဒေါ်လာတစ်သန်းခွဲ ... "

ဟူသော ချိုမြမြအော်သံနှင့်အတူ အခန်းဝသို့ရောက်လာသည်မှာ နတ်မိမယ်နှစ်ပါး ...

တစ်ပါးကတော့ သူ့ရဲ့ချစ်လှစွာသောချစ်သူ ကျန်တစ်ယောက်ကတော့ သူ့ကွန်ပျူတာထဲမှာတွေ့ခဲ့ရသော ... နန်းကြာင်ုံ၏ ညီမနန်းလှ္သာရုံ ...

သူအားရဝမ်းသာနဲ့ချစ်သူထံပြေးသွားမည်ဟန်ပြင်လိုက်ပေမယ့် ရပ်တန့်သွား၏။

"မမနန်း မသေးဘူးနော်"

"သမီးနန်း မသေဘူးနော်"

"သမီးလေး"

မောင်ဖြိုး၊ အန်ကယ်ကြီးဦးသိန်းမောင်နှင့် ဖေဖေဦးသာလင်းတို့ ကောင်မလေးထံပြေးသွား၏။

သူ့ရင်တွေ ချုံးချုံးကျသွားသည်။

သေသောနန်းကြာင်ုံကသာရောက်လာပေမယ့် သူ့ရဲ့ချစ်သူဝိညာဉ်မှုလေးကားရောက်မလာတော့ပါ။

ရှင့်အောင်စာပေ



လေလံပွဲလာသည့်သည်တော်များပြန်သွားကြပြီ။

သူ့မျက်လုံးတွေက လမ်းသို့မျှော်ငေးလိုက် သေရွာပြန်နန်းကြာင်ုံကို လှမ်းကြည့်လိုက်နှင့် မခံစားနိုင်သည့်အဆုံးမှာ ခေါင်းငိုက်စိုက်ချကာအခန်းထဲမှထွက်သွားလိုက်တော့သည်။ လူသတ်သမားဦးအိုက်လှု၏အန္တရာယ်ကြောင့် လူသေအလောင်းတစ်ခုကို သူ့မျက်နှာသွင်ပြင်ဖန်တီးခဲ့ပြီး တိမ်းရှောင်ခဲ့ကြောင်း အခုတော့ တရုတ်အကျဉ်းထောင်ထဲမှာ လူသတ်သမားဦးအိုက်လှု ရောက်ရှိသွားကြောင်းတို့ကိုပြောနေကြ၏။

သူကတော့ သူ့ရဲ့ချစ်သူကိုတမ်းတစွာဖြင့် ကားတံခါးဖွင့်လိုက်သည်။

ထိုစဉ် သူ့လက်မောင်းကိုဆွဲကာ ...

"ရှင်ဘယ်သွားမလို့လဲ"

နန်းကြာင်ုံပြေးလာပြီးမေးပါ၏။

"ပြန်မလာချင်တဲ့ ကျွန်တော့်ရဲ့ချစ်သူဝိညာဉ်ချစ်သူလေးကို သွားရှာမလို့ပါ"

"ရှင် ဒီလိုထွက်သွားလို့ ဘယ်ဖြစ်မလဲ"

"ဗျာ ... ဘာဖြစ်လို့"

"ရှင် _ ကျွန်မကို ရည်းစားစကားလည်းပြောခဲ့တယ်၊ ဖက်လည်းဖက်ခဲ့တယ် လက်ထပ်ဖို့အတွက် အန်ကယ်ဦးသာလင်းနဲ့ အန်တီ့ကိုလည်း မန္တလေးကနေခေါ်ခဲ့တယ်၊ ရှေ့နေကြီးကိုလည်းဖိတ်ခဲ့တယ် အခုထွက်သွားမယ်ဆိုတော့ ရှင်ကျွန်မကိုတကယ်မချစ်လို့ပေါ့"

"ဗျာ ... "

"ကျွန်မဘက်က မင်္ဂလာအရံသတို့သမီး ကျွန်မညီမ နန်းလှ္သာရုံတောင် ခေါ်ခဲ့ရတာ"

"မင်း ... မင်း ... "

ရှင့်အောင်စာပေ

"ကျွန်မကိုမျက်နှာပျက်အောင်မလုပ်ပါနဲ့ရှင်"

"မင်းက ဒါဆို ငါ့ရဲ့တစ္ဆေပျိုပေါ့"

"ဟင့်အင်း … ရှင့်ကိုကြိတ်ပြီးချစ်ခဲ့ရတဲ့ အထီးကျန်မလေး နန်းကြာငုံပါ မယုံရင်အန်ကယ်ဦးသာလင်းကိုမေးကြည့်လေ၊ ဒါကြောင့် မရခင်ကတည်းက လုပ်ငန်းရှယ်ယာဝင်ခဲ့တာပေါ့"

ဖေဖေ မေမေ၏အပြုံးများအဆုံးမှာတော့ သူ့လက်အစုံကချစ်သူ၏ကိုယ်လုံးလေးကိုမလွှတ်တမ်းဖက်ထားလိုက်မိပါတော့သည်။

ပြီး။

ကြိုးစားပါဦးမည်။

ပုဏ္ဏညို

ဝေဖန်အကြံပြုသူများမျှော်လင့်လျက်
ရဲရင့်အောင်တပေ(စာတည်းအဖွဲ့)
ဖုန်း – ၀၁ ၅၀၁၃၆၄၊ ၀၉ ၇၃၁၁၃၉၀၉